# ကြေးမုံ The Mirror

Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်၊ တနင်္ဂနွေနေ့၊ (8-3-2015) (၈၁၃၈)


ယခု တိုင်းပြည်မှာ မငြိမ်မသက်ဖြစ်နေတဲ့ကိစ္စ၊ ဆူဆူပူပူဖြစ်နေတဲ့ ကိစ္စတွေဟာ တိုင်းပြည်အတွက် အကျိုးရှိသလား၊ အကျိုးမရှိဘူးလားဆိုတာ ခင်ဗျားတို့ ထပ်စဉ်းစားဖို့လိုတယ်။ ဆူပူသောင်းကျန်းမှုတွေကို ဗမာပြည်ချစ်တဲ့ လူတွေမှန်သမျှ ဝိုင်းဝန်းကူညီနှိမ်နင်းဖို့လိုတယ်။ ဘယ်သူ့ကိုမှ အားပေးဖို့ မလိုဘူး။

*(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)*

# ရခိုင်ပြည်နယ်လမ်းပန်းဆက်သွယ်မှုဖွံ့ဖြိုးရေး နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိ

**စစ်တွေ မတ် ၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယနေ့နံနက်ပိုင်းတွင် မင်းပြားမြို့သို့ ရောက်ရှိပြီး ပေါက်တော-မင်းပြားလမ်း မိုင်တိုင်အမှတ် ၆ မိုင် ၃ ဖာလုံရှိ စွန်ရဲတံတားနှင့် မိုင်တိုင်အမှတ် ၅ မိုင် ၄ ဖာလုံရှိ ဆင်ခုံတိုင်တံတားဖွင့်ပွဲ များသို့ တက်ရောက်သည်။

အဆိုပါတံတားဖွင့်ပွဲများသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဦးစိုးသိန်း၊ ဒေါက်တာသန်းအောင်၊ ဦးကျော်လွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ အသင်းအဖွဲ့အသီးသီးမှကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

## စွန်ရဲတံတားနှင့် ဆင်ခုံတိုင်တံတားတို့မှ ရခိုင်ပြည်နယ် တစ်ခုလုံးသို့ လည်းကောင်း၊ ရန်ကုန်-စစ်တွေလမ်းမှတစ်ဆင့် မြန်မာပြည် တစ်နံတစ်လျားသို့လည်းကောင်း ရာသီမရွေး အချိန်အခါမရွေး သွားလာနိုင်တော့မည်ဖြစ်။



ဒုတိယသမ္မတ ဦးညဏ်ထွန်း စွန်ရဲတံတားနှင့် ဆင်ခုံတိုင်တံတားဖွင့်ပွဲများသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)




လမ်းတံတားများ အချိန်နှင့်တစ်ပြေးညီ ပြီးစီးရေးဆောင်ရွက် စာမျက်နှာ » ၂

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သုံးသပ်ခြင်း စာမျက်နှာ » ၆





ကြေးမုံ စာတည်းရှုထောင့် ၈-၃-၂၀၁၅၊ တနင်္ဂနွေနေ့

# ကျန်းမာရေးစောင့်ရှောက်မှု

“အာရောဂျံ ပရမံ လာဘံ”ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဟု ဆိုထားပါသည်။ ကိုယ်ကျန်းမာမှ စိတ်ချမ်းသာမည်ဖြစ်သည်။ စိတ်သွားတိုင်း ကိုယ်ပါ လိုရာဆန္ဒပြည့်ဝနိုင်သည်။ ငွေကြေးဂုဏ်ဒြပ်ပြည့်စုံသော်လည်း ကျန်းမာရေးချို့တဲ့နေပါက အရာအားလုံးတွင် စိတ်သွားတိုင်းကိုယ်မပါနိုင်ဘဲ လုပ်သမျှခရီးမတွင် ဖြစ်နိုင်ပါသည်။

ထို့ကြောင့် လူသားအားလုံးအနေဖြင့် ကျန်းမာရေးကို ဂရုစိုက်၍ နေထိုင်စားသောက်မှုပုံစံ မှန်ကန်အောင် ကျင့်ကြံအားထုတ်ကြဖို့လိုမည်ဖြစ်ပါသည်။ အသွားမတော်တစ်လှမ်း အစားမတော်တစ်လုတ်နှင့် ကျန်းမာရေး ထိခိုက်နိုင်သော အစားအသောက်၊ အပြုအမူ၊ အနေအထိုင်မှအစ အရာရာတွင် သတိတရားလက်ကိုင်ထားကြရမည်ဖြစ်သည်။

သတိထားနေရာကဖြစ်စေ၊ သတိလက်လွတ်ပြုမူနေထိုင်ရာမှဖြစ်စေ၊ ကိုယ်ခံအားနည်းသောကြောင့်ဖြစ်စေ နေထိုင်မကောင်းဖြစ်ကာ ကျန်းမာရေး ချို့တဲ့လာပါက နီးစပ်ရာသမားတော်ထံသို့ အရောက်သွားကြရသည်။ မြို့ပြ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံ၊ ဆေးခန်းများ နေရာမရွေး ရှိတတ်၍ ငွေကြေးတတ်နိုင်သလောက် ရွေးချယ်ကုသနိုင်ကြသည်။ ငွေကြေး မတတ်နိုင်သူများအနေဖြင့် နီးစပ်ရာဆေးဆိုင်များမှ ညွှန်ပြရောင်းချပေးသည့် စပ်ဆေးကိုအားကိုကာ ရောဂါပျောက်ရာပျောက်ကြောင်း တစ်ပွဲတိုးကုသ တတ်ကြသည်။

ကျေးလက်နေပြည်သူများအဖို့ ရောဂါအတော်ရင့်မှ မိမိအတိုင်းအတာ ကိုကြည့်၍ မြို့တက်ကုသတတ်ကြသည်။ မြို့ပြတွင် ဆေးရုံ၊ ဆေးခန်းပေါများ ခြင်းသည် မြို့ပြပြည်သူများရော ကျေးလက်နေပြည်သူများအတွက်ပါ အကျိုး ပြုနေသည်ဟုဆိုနိုင်ပါသည်။ ယခုအခါ ထိုဆေးခန်းများအပြင် လူမှုဖူလုံရေး ဆေးခန်းများလည်း ရှိနေသဖြင့် အာမခံအလုပ်သမားများအပါအဝင် မိသားစု ဝင်များအတွက်ပါ ကျန်းမာရေးစောင့်ရှောက်မှု ပြည့်ပြည့်ဝဝ ရလာပါသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အချို့မြို့နယ်များတွင် ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုများကို လူမှုဖူလုံရေးဆေးခန်းများတွင် ဖေဖော် ဝါရီလဆန်းမှစတင်၍ ကျန်းမာရေးဝန်ဆောင်မှုများပေးနေကြောင်း သိရသည်။ ဤသို့အများပြည်သူကျန်းမာရေးစောင့်ရှောက်မှုအတွက် လူမှုဖူလုံရေးဆေးခန်း များနှင့် ဆေးရုံများအပြင် ပုဂ္ဂလိကဆေးရုံဆေးခန်းများ၌ပါ အာမခံအလုပ်သမား များ ဆေးကုသခွင့်ရရှိရေးအတွက် အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံ ရေးဝန်ကြီးဌာနက ဦးဆောင်စီစဉ်နိုင်ခဲ့ကြောင်းသိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စီမံချက်မြို့နယ် လေးခုက လူမှုဖူလုံရေး ဆေးခန်းများတွင် ပုဂ္ဂလိကဆေးခန်းများ ဝန်ဆောင်မှုပေးသည့်အတိုင်း ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝပေးသွားမည်။ ထို့နောက် ဆေးရုံများ တွင်ပါ ထိုကဲ့သို့သော ဝန်ဆောင်မှုများပေးသွားမည်ဟုသိရသည်။ အဆိုပါ အစီအစဉ်သည် ပုဂ္ဂလိက ကဏ္ဍနှင့်ပူးပေါင်းပြီး ပြည်သူများအား ကျန်းမာ ရေးစောင့်ရှောက်မှုအစီအစဉ်ကောင်းများဖန်တီးပေးခြင်းဖြစ်၍ ကြိုဆိုကြရ မည်ဖြစ်သည်။

အဆိုပါ စမ်းသပ်အစီအစဉ်အောင်မြင်ပါက မြို့နယ်များတိုးချဲ့ဆောင် ရွက်ပေးသွားမည်ဖြစ်၍ အများ ပြည်သူအတွက် ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံမြင့်မားတိုးတက်လာမည်ဖြစ်သည်။ တိုင်းဒေသကြီးတစ်ခုလုံးလွှမ်းခြုံ ကာ ဆူကြုံနိမ့်မြင့်မရွေး ကျန်းမာရေးဝန်ဆောင်မှုပေးလာနိုင်ပြီဆိုလျှင် ဤအောင်မြင်မှုမှနေ၍ တစ်နိုင်ငံလုံးရှိ မြို့နယ်အသီးသီးမှ ပြည်သူများ အားလုံးအတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်ဖြစ်ထွန်းလာ မည်ဟု ယုံကြည်ပါသည်။

လူမှုဖူလုံရေးဥပဒေသစ်တွင်ပါဝင်သည့် အာမခံစနစ်များအနက် ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်သည် ဦးစားပေး အကောင်အထည်ဖော်မည့် အဆင့်တွင်ပါဝင်နေရာ လက်ရှိဖော်ဆောင်နေ သော မြို့နယ်အချို့၏ လူမှုဖူလုံရေးဆေးခန်းစနစ်အောင်မြင်စေရန် ဝိုင်း ဝန်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ တစ်နိုင်ငံလုံးစံနမူနာပြ ကျန်းမာ ရေးဝန်ဆောင်မှုလုပ်ငန်းဖြစ်လာသည်နှင့်အမျှ ပြည်သူတစ်ရပ်လုံးအားထားရ သည့် ကျန်းမာရေးစောင့်ရှောက်မှုဖြစ်ထွန်းလာမည်ဟု မျှော်လင့်ပါ သည်။ ။

## လမ်းတံတားများ အချိန်နှင့်တစ်ပြေးညီပြီးစီးရေး ဆောင်ရွက်

**နေပြည်တော် မတ် ၇**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် သည် မတ် ၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်-စစ်တွေလမ်းအပိုင်း (၂)အား လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လမ်းတစ် လျှောက် ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင် အမှတ် (၁၄၇/၂)နှင့် (၁၄၇/၃) ကြားတွင် တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၁၀)မှ အရှည်ပေ ၇၀ အပေါက်ဝ တံတားတည်ဆောက် နေမှု အခြေအနေတို့ကို ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ရန်ကုန်-စစ်တွေလမ်း အပိုင်း(၂) မိုင်တိုင်အမှတ် (၁၆၈/၁) မှ (၁၇၆/၃)ထိ ၈ မိုင် ၂ ဖာလုံအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အဆောက်အအုံအထူးအဖွဲ့ (၈)မှ ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ် ဆေးပြီး ပုဏ္ဏားကျွန်း-ရသေ့တောင် လမ်း ၂၂ မိုင် ၆ ဖာလုံအား လမ်းလုပ်ငန်းများဆောင်ရွက်ထားရှိ မှု၊ အဆိုပါ လမ်းမိုင်တိုင် (၉/၀ နှင့် ၁၀/၀)ကြားတွင် တံတားဆောက် လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၁၀)မှ တည်ဆောက်နေသော အရှည်ပေ ၁၂၀၀ တောဖျားချောင်းတံတား တည်ဆောက်နေမှု၊ ရန်ကုန်- စစ်တွေလမ်း မိုင်တိုင် (၁၇၆/၃)မှ (၁၈၈/၆)အတွင်း ရန်ကုန်-မန္တလေး အမြန်လမ်း ပြင်ဆင်ထိန်းသိမ်းရေး အဖွဲ့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် အတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံ ကြည့်ရှုစစ်ဆေးသည်။

မတ် ၆ ရက် နံနက်ပိုင်းတွင် မောင်တော-ကညင်တန်း-အလယ် သံကျော်-အငူ မော်လမ်း ၄၉ မိုင် ၆ ဖာလုံအား ပြင်ဆင်ထိန်းသိမ်း ခြင်းလုပ်ငန်း ဆောင်ရွက်မှုနှင့် ဘူးသီးတောင်-မောင်တောလမ်း (၁၆/၀)မိုင်အား ပြုပြင်ထိန်းသိမ်း ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးကြောင်း သတင်းရ ရှိသည်။

**(သတင်းစဉ်)**



## ထူးခြားသည့် နေ့အပူချိန်များ

ပေါက်မြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်၊ သာယာဝတီမြို့၊ ကြို့ပင်ကောက်မြို့ ဘော်လခဲမြို့နှင့် သိမ်ဇရပ်မြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

## ဘင်္ဂလားပင်လယ်အော် အခြေအနေ


ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ် အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန် ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

## စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် မတ် ၇**

ရွှေပါရမီတောရ ဆရာတော်အရှင်ဆန္ဒာဓိကနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက အကြိမ်(၃၀)မြောက် ဒါနဥပပါရမီအဖြစ် မတ် ၁ ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီအထိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ ဆရာတော် အပါအဝင် တပည့်ဒါယကာ ဒါယိကာမ ၈၆၁ ဦးတို့က စုပေါင်း သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**(ကိုချစ်)**



ရွှေထီပ်တန်း * ချောင်းသာ(နေ့စဉ်)
ရွှေစက်တော် နှင့် လမ်းဘုရားစုံ (သောကြာ) | ကျိုက်ထီးရိုး (နေ့စဉ်)
အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ(သောကြာ) | ငွေဆောင် (သောကြာ)
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်းလှိုဏ်ဂူ(သောကြာ) | ဒီးလုံးငှားလက်ခံသည်
01-701015,01-710436,09-5403844,09-5044830

နန်းဦးလှိုင် ထားဝယ်ရှင်ကိုးရှင်၊ မြိတ်
● ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ ကျိုက္ကမီ၊ စက်စဲ(၆)ရက်–ဆက်၍–မြိတ်(ဘိတ်)ပါ(၈)ရက်
● အင်းတော်ကြီးရွှေမြူ၊ မြစ်ကြီးနား၊ မေခ–မလိခမြစ်ဆုံ၊ ရွှေဘို၊ မိုးကုတ်၊ မန္တလေး
● ရွှေစက်တော်၊ စက္ကိန်းတဲ၊ နဂါးပွက်၊ ကျောင်းတော်ရာ၊ မကွေးမြသလွန်၊ ပြည်(၃)ရက်
● ရွှေစက်တော်၊ ပုဂံဘုရားစုံပူး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ သီဟိုဠ်ရှင် (၅)ရက်
အပတ်စဉ် သောကြာ နှင့် သင်္ကြန်ခရီးစဉ်များ ကြိုတင်ရောင်းပြီ
● ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ တောင်ကြီး၊ အင်းလေး၊ ထမ့်စမ်းဂူ၊ မွေတော်ကက္ကူ(၈)ရက်
● ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်၊ အလောင်းတော်ကဿပ (၈)ရက်
● တောင်ကြီး၊ အင်းလေး၊ ထမ့်စမ်းဂူ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်၊ အလောင်းတော်ကဿပ (၈)ရက်
● ရွှေစက်တော်၊ အလောင်းတော်ကဿပ(၅)ရက် ● အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာဘုရားစုံ (၃)ရက်
● တောင်ကြီး၊ အင်းလေး၊ ထမ့်စမ်းဂူ၊ ကယားပြည်နယ် လှိုင်ဂူကျော်ဘုရားစုံ(၆)ရက် ☎ 01-391577
အမှတ်(၄၂)၊ လမ်းမတော်လမ်း၊ မြို့မဈေးအနောက်၊ သန်လျင်မြို့နယ်။ 09-5122961
အမှတ်(၂၅၁)၊ ပန်းဆိုးတန်းလမ်း(အထက်)၊ ကျောက်တံတားမြို့နယ်။ 09-254340569
အမှတ်(၁၇)၊ ကျိုက္ကစံလမ်း၊ ကျောက်မြောင်းဈေး၊ တာမွေမြို့နယ်။ 09-254821597

ဖြိုး အဆင့်မြင့်စာသင်ဝိုင်း
ဂ–တန်း(Grade-9)သီးသန့်
Ferry စီစဉ်ပေးသည်။
သင်ရိုးကုန်၊ ဘာသာစုံ နွေ ၃–လပြတ်
၁၅(F)၊ မဟာဗောဓိလမ်း၊ မြေနီတုန်း၊ ရန်ကုန်။ ဖုန်း–၀၉၅၁၃၇၂၄၉

အဓိုးတန်နွေမှာကြိုတင်ပြင်ဆင်အောင်ပွဲဝင်ဖို့ စာသင်ကြပါစို့
YC နွေ
ဂ-ဃ-၁၀တန်းဘာသာစုံ (၃)လပြတ်
သင်ရိုးကုန်သင်တန်းကြီး
(မတ်၊ ဧပြီ၊ မေ)လစဉ်(၇၀၀၀၀)ကျပ်
ဓာတု၊ သင်္ချာ၊ အင်္ဂလိပ်(စနေ+တနင်္ဂနွေ)
မြန်မာ ➡ ဂုဏ်ထူးဦးသိန်းနိုင်
အင်္ဂလိပ် ➡ ဦးနေအုပ်(စိန်ပေါလ်)
အင်္ဂလိပ် ➡ ဦးဝေယံအိမ်
သင်္ချာ ➡ ဆရာပိုင်(ပိုင်သင်္ချာ)
ဓာတု ➡ ဆရာသုတ
ရူပ ➡ ဦးကျော်မိုးလတ်
ဇီဝ ➡ ဒေါက်တာမြသိန်း
ဘောဂ ➡ စိုင်းထွန်းအောင်
၁၆၅၊ ပ-ထပ်(ထောင့်ခွန်းခန်း)၊ ဆိပ်ကမ်းသာလမ်း။ 09-73105201

B.L.T Travels
ကျိုက်ထီးရိုး နေ့စဉ် 8000
ချောင်းသာ 13000
YUTONG (or) SCANIA
09-73163538, 09-31785622

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

JUNE INDUSTRY LTD.
မြေအသုံးချရေးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန် မှ စမ်းသပ်သည်။
1 kg 25 kg
►Ygn: + 95 9 4200 99011, 4200 99022, 4200 99033 ►Mdy: + 95 2 24490, 39985, 39725, 36122

❖ ရှေ့ဖုံးမှ

ဒုတိယသမ္မတနှင့်အဖွဲ့သည် တံတားဖွင့်ပွဲများ ကျင်းပမည့် မင်းပြားမြို့နယ် ပေါက်တော-မင်းပြားလမ်းရှိ မင်္ဂလာမဏ္ဍပ်သို့ ရောက်ရှိရာ ဒေသခံပြည်သူများ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ကျောင်းသားကျောင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဖွင့်ပွဲအခမ်းအနား၌ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ယနေ့သည် ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါလှသည့် စွန်ရဲတံတားနှင့် ဆင်ခုံတိုင်တံတား နှစ်စင်းကို ဖွင့်လှစ်နိုင်သည့်နေ့ဖြစ်၍ နိုင်ငံတော်နှင့် ရခိုင်ပြည်နယ်အတွက် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်နေ့သစ်တစ်နေ့ပင်ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုသည် အခြေခံလိုအပ်ချက်ဖြစ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည်နှင့်အမျှ ဒေသ၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများသည် ကျွဲကူးရေပါ တိုးတက်ကောင်းမွန်လာမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့အစိုးရသည် တာဝန်ယူချိန်ကစပြီး တစ်နိုင်ငံလုံးလမ်းပန်းဆက်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ပြီး ပြည်ထောင်စုတစ်နံတစ်လျား အကြားအလပ်မရှိ ဖြန့်ကြက်ချိတ်ဆက်ပေးနိုင်မည့် လမ်းကွန်ရက်စနစ် ပင်မစီမံချက်ကြီးကိုရေးဆွဲခဲ့ပါကြောင်း၊ အဆိုပါစီမံချက်ကြီးကိုအခြေခံပြီး ကာလတိုစီမံကိန်း၊ ကာလလပ်စီမံကိန်းများရေးဆွဲကာ လမ်းပန်းဆက်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် စနစ်တကျအကောင်အထည်ဖော်လျက်ရှိပါကြောင်း။



ဒုတိယသမ္မတ ဦးညဏ်ထွန်း စွန်ရဲတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)




ဒုတိယသမ္မတ ဦးညဏ်ထွန်း ဆင်ခုံတိုင်တံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများနှင့်အတူ တံတားမုခ်ဦးရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

မိမိတို့နိုင်ငံသည် မဟာဗျူဟာအရအချက်အချာကျသည့် ပထဝီအနေအထားကို ပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်ပါကြောင်း၊ အိန္ဒိယနှင့် အာဆီယံနိုင်ငံများအကြား၊ အိန္ဒိယနှင့် တရုတ်နိုင်ငံအကြား၊ အိမ်နီးချင်းနိုင်ငံများအကြား၊ အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာအကြား ဆက်သွယ်ပေးမည့်လမ်းကြောင်းများသည် မိမိတို့ နိုင်ငံအတွက်ရော ဒေသတွင်းနိုင်ငံများအတွက်ပါ အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးစင်္ကြံကြီးများဖြစ်ပါကြောင်း၊ အဆိုပါစီးပွားရေးစင်္ကြံကြီးများ၏ အိန္ဒိယ သမုဒ္ဒရာဘက်သို့ထွက်မည့် အနောက်ဘက်ဂိတ်တံခါးများသည် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင် အစီအရီရှိနေပါကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် အလွန်အရေးပါလှပါကြောင်း။

**ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် တံတားကြီး ၁၈ စင်း၊ ကတ္တရာလမ်းမိုင်ပေါင်း ၁၉၁ မိုင်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် တံတားကြီး ၃၂ စင်း၊ ကတ္တရာလမ်းမိုင်ပေါင်း ၁၀၄ မိုင်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တံတားကြီး ကိုးစင်း၊ ကတ္တရာလမ်း မိုင်ပေါင်း ၃၆ မိုင်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တံတားကြီး ၁၂ စင်း၊ ကတ္တရာလမ်း မိုင်ပေါင်း ၄၂ မိုင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။**

ယနေ့ဖွင့်လှစ်သည့် စွန်ရဲတံတားနှင့် ဆင်ခုံတိုင်တံတားတို့သည် ယခုအစိုးရ လက်ထက်တွင် တည်ဆောက် ပြီးစီးခဲ့သည့် ပေ ၁၈၀ အထက် တံတားအမှတ်(၈၂)နှင့် တံတားအမှတ်(၈၃)တို့ပင်ဖြစ်ပါကြောင်း၊ တောတောင်ထူထပ်ပြီး မြစ်ချောင်းများပေါများသည့် ပထဝီဝင်စိန်ခေါ်ချက်များကို ရင်ဆိုင်ကျော်လွှားပြီး ရခိုင်ပြည်နယ်လမ်းပန်းဆက်သွယ်မှုတိုးတက်ရေးအတွက် လိုအပ်နေသည့် လမ်းတံတားများကို ကြိုးပမ်း တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်သည် ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်ပါကြောင်း၊ လမ်းတံတားများ တည်ဆောက်ရာတွင် ပင်လယ်ဆားငန်ရေနှင့် သဘာဝရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံနိုင်သည့် ဆောက်လုပ်ရေးပစ္စည်းများနှင့် အင်ဂျင်နီယာနည်းပညာများ အသုံးပြုနိုင်ရန်လိုအပ်ပါကြောင်း၊ ထိုသို့သောလိုအပ်ချက်ကို ဖြည့်ဆည်းဖြေရှင်းပေးနိုင်ရန် ဂျပန်နိုင်ငံအစိုးရနှင့် ပူးပေါင်းပြီး သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ကိုရီးယားနိုင်ငံနှင့် ပူးပေါင်း၍ မင်းဘူး-အမ်း အဖြောင့်ဆက်သွယ်နိုင်မည့် လမ်းကြောင်းကိုလည်း တံတားများ၊ ဥမင်လိုဏ်ခေါင်းများအပါအဝင် စီမံကိန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှုဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်မှုဖွံ့ဖြိုးရေးကို နိုင်ငံတကာနှင့်လည်း ပူပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

**နေပြည်တော်-မကွေး-မင်းဘူး-အမ်း-ကျောက်ဖြူလမ်းမကြီးကိုလည်း ပုဂ္ဂလိကကဏ္ဍမှ ဘီအိုတီစနစ်ဖြင့် ဆောင်ရွက်နိုင်ရန် စီမံကိန်းဖြစ်မြောက်နိုင်စွမ်းလေ့လာလျက်ရှိပါကြောင်း၊ နောင်တွင် အဆိုပါလမ်းမကြီးသည် ခေတ်မီအဆင့်မြင့်လမ်းမကြီးအဖြစ် ပေါ်ထွက်လာတော့မည်ဖြစ်ပါကြောင်း။**

**ရခိုင်ပြည်နယ်အတွင်းဝင်ရောက်လာနိုင်မည့် လမ်းမကြီးသုံးသွယ်ဖြစ်သည့် မင်းဘူး-အမ်း-စစ်တွေလမ်းမကြီး၊ ပြည်-ပန်းတောင်း-တောင်ကုတ်-သံတွဲလမ်းမကြီး၊ ငသိုင်းချောင်း-ဂွ-သံတွဲလမ်းမကြီးများကိုလည်း ကြံ့ခိုင်ထိန်းသိမ်းမှုနှင့် အဆင့်မြှင့်တင်မှုလုပ်ငန်းများ အဓိကထားဆောင်ရွက်နေပါကြောင်း၊ ထို့ပြင် ကျောက်တော်-ပလက်ဝလမ်းကိုလည်း အဆင့်မြှင့်ဖောက်လုပ်နေပြီဖြစ်ပါကြောင်း။**

အဆိုပါလမ်းသည် ချင်းပြည်နယ်မှ ဖောက်လုပ်နေသည့် ပလက်ဝ-မတူပီ-ဟားခါးလမ်းနှင့် ချိတ်ဆက်မိပြီး ရခိုင်ပြည်နယ်သို့ ချင်းပြည်နယ်မှဝင်ရောက်နိုင်မည့် လမ်းမကြီးတစ်ခုဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ဤလမ်းမကြီးသည် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်ကိုဆက်သွယ်မည့် ပလက်ဝ-ကလေးဝ-မြိတ်ဝလမ်းနှင့် ချိတ်ဆက်မိပြီး အိန္ဒိယနိုင်ငံနှင့်လည်း စီးပွားရေးကုန်သွယ်မှုလမ်းကြောင်းပွင့်သွားမည်ဖြစ်ပါကြောင်း။

**နိုင်ငံတော်အစိုးရအနေဖြင့် ဘူးသီးတောင်-အလယ်သံကျော်-အငူမော်လမ်းကိုလည်း အဆင့်မြှင့်တင်ဖောက်လုပ်ရန် စီစဉ်လျက်ရှိပါကြောင်း၊ လမ်းပန်းဆက်သွယ်မှုကဏ္ဍသာမက လျှပ်စစ်မီးရရှိရေး၊ တယ်လီဖုန်းဆက်သွယ်မှုရရှိရေးဆိုင်ရာ ကိစ္စများကိုလည်း ဆောင်ရွက်ပေးနေသည်ကို အားလုံးမြင်တွေ့သိရှိပြီးဖြစ်ပါကြောင်း။**

လမ်းပန်းဆက်သွယ်မှုဖွံ့ဖြိုးတိုးတက်လာလျှင် ပြည်ထောင်စု၏ နေရာအနှံ့ရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား သွားလာကူးလူး ဆက်ဆံမှုများ များပြားလာသည်နှင့်အမျှ ချစ်ခင်ရင်းနှီးမှုနှင့် သံယောဇဉ်တရား ကြီးမားခိုင်မာလာမည် ဖြစ်ပါကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်ကဆောင်ရွက်ပေးသည့် ဖွံ့ဖြိုးမှုအခြေခံကောင်းများကို အမိအရဆုပ်ကိုင်ပြီး ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကောင်းသည်ထက် **စာမျက်နှာ ၈ သို့** ✳

- ❍ စွန်ရဲတံတားသည် ပင်မတံတားအရှည် ၁၂၁၆ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ R.C Grider, Plate Grider R.P.T သံပေါင်နှင့် R.C ကြမ်းခင်းဖြစ်ပြီး ယာဉ်တစ်စီးချင်းခံနိုင်ဝန်မှာ တန် ၆၀၊ ရေလမ်းကင်းလွတ် အကျယ် ၁၃၄ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၁၃ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက် သုံးပေစီ ပါဝင်၍ စွန်ရဲဘက်ချဉ်းကပ်လမ်း ပေ ၇၂၀ ၊ ပေါက်တောဘက်ချဉ်းကပ်လမ်း ပေ ၇၂၀ ဖြစ်။
- ❍ ဆင်ခုံတိုင်တံတားသည် ပင်မတံတားအရှည်ပေ ၉၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ R.C Grider, Plate Grider R.P.T သံပေါင်နှင့် R.C ကြမ်းခင်းဖြစ်ပြီး ယာဉ်တစ်စီးချင်းခံနိုင်ဝန်မှာ တန် ၆၀၊ ရေလမ်းကင်းလွတ်အကျယ် ၁၀၇ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၁၃ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက် သုံးပေစီပါဝင်၍ မင်းပြားဘက်ချဉ်းကပ်လမ်း ပေ ၆၆၀၊ ပေါက်တောဘက်ချဉ်းကပ်လမ်း ပေ ၆၆၀ ဖြစ်။

# ဘရာဇီး ပီထရိုဘရာ အဂတိလိုက်စားမှု တာဝန်ရှိသူများကို ရုံးတင်စစ်ဆေးမည်

**ဆော်ပေါ်လို မတ် ၇**

ဘရာဇီးနိုင်ငံတွင် နိုင်ငံတော်ပိုင် ရေနံကုမ္ပဏီ ပီထရိုဘရာ၏ အဂတိလိုက်စားမှု အရှုပ်တော်ပုံနှင့်စပ်လျဉ်း၍ တရားရုံးချုပ်က တာဝန်ရှိသူ ၅၄ ဦးကို စိစစ်ရွေးချယ်ကာ စစ်ဆေးမည်ဖြစ်သည်။

အဆိုပါပုဂ္ဂိုလ်များတွင် အထင်ကရများဖြစ်ကြသော အောက်လွှတ်တော်ဥက္ကဋ္ဌ အီးဒွါဒိုကန်ဟာနှင့် အထက်လွှတ်တော်ဥက္ကဋ္ဌ ရီနန်ကာလ်ဟိုင်ရို့(စ်)တို့ပါဝင်သည်။

၂၀၀၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ယခင်အဂတိလိုက်စားမှုနှင့်မတူဘဲ ယခု ပီထရိုဘရာအရေးသည် နိုင်ငံတော်၏ စီးပွားရေးယုံကြည်မှုအပေါ် ခြိမ်းခြောက်လျက်ရှိသည်။

ပီထရိုဘရာတွင် အကျင့်ပျက်ခြစားမှုများပေါ်ပေါက်လျက်ရှိကြောင်း စွပ်စွဲသောအချိန်တွင် သမ္မတ ဒီလ်မာရူးဆက်သည် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ကို ခုနစ်နှစ်ကြာ ဦးဆောင်ခဲ့သည်။ သို့အတွက် ယခုအရှုပ်တော်ပုံသည် သမ္မတအထိ ခြိမ်းခြောက်မည့်အလားအလာရှိသည်။

စုံစမ်းစစ်ဆေးမှုခံရသည့် နိုင်ငံရေးသမားများတွင် တစ်ဦးမှလွဲ၍ ကျန်အားလုံးသည် ရူးဆက်၏ ညွန့်ပေါင်းအစိုးရအဖွဲ့မှ ဖြစ်ကြသည်။

သမ္မတ၏ အလုပ်သမားပါတီသည် ပီထရိုဘရာကန်ထရိုက်စာချုပ်များမှ ခိုင်းကြေးငွေအဖြစ် ဒေါ်လာသန်း ၂၀၀ ခန့် ရယူခဲ့ကြသည်ဟု ပီထရိုဘရာမန်နေဂျာဟောင်းတစ်ဦးက ထုတ်ဖော်မည်ဟု ယူဆရသည်။



ဘရာဇီးတရားသူကြီးချုပ် ရိုဒရီဂိုဂျာနော့။

သမ္မတက အဆိုပါ အဂတိလိုက်စားမှုအရှုပ်တော်ပုံကို မသိရှိကြောင်း၊ လွတ်လပ်သောတရားစီရင်ရေးကို လိုက်နာမည်ဖြစ်ကြောင်း အမှုဆောင်များကို ပြောကြားခဲ့သည်။ **ရိုက်တာ။**

# မက္ကဆီကိုနိုင်ငံရှိ အမြင့်ဆုံးတောင်ထိပ်တွင် ရုပ်အလောင်းနှစ်လောင်းတွေ့ရှိ

**မက္ကဆီကိုစီးတီး မတ် ၇**

မက္ကဆီကိုနိုင်ငံရှိ အမြင့်ဆုံးတောင်ထွတ်တစ်နေရာတွင် တောင်တက်သမားနှစ်ဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက် ယင်းရုပ်အလောင်းများကို သယ်ယူနိုင်ရန် တောင်တက်အဖွဲ့တစ်ဖွဲ့က ကြိုးပမ်းလျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၇ရက်တွင် သတင်းထုတ်ပြန်သည်။

မက္ကဆီကိုနိုင်ငံ အလယ်ပိုင်း ပွေဘလာပြည်နယ်မှ တောင်တက်အဖွဲ့တစ်ဖွဲ့သည် ယင်းရုပ်အလောင်းများကို မပျက်မစီးပြန်လည်သယ်ယူနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရုပ်အလောင်းများကို သယ်ယူနိုင်ရန် အထူးပြုလုပ်ထားသည့် ကုန်သေတ္တာတစ်လုံးကို အသုံးပြုမည်ဖြစ်ကြောင်း တောင်တက်သမားတစ်ဦးဖြစ်သူ ဖရန်စစ္စကိုရိုဒရစ်က ပြောကြားသည်။

ယခုရက်သတ္တပတ် အစောပိုင်းက ပီကိုဒီအိုရီဇာဘာ တောင်ထိပ်နေရာတွင် အေးခဲနေသော ဦးခေါင်းတစ်လုံးကို တောင်တက်သမားများက ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းဦးခေါင်းမှာ တောင်ထွတ်အနီးရှိ ရေခဲမြစ်တစ်စင်းတည်ရှိရာနေရာတွင် ရေခဲပြင်မှ ငေါထွက်နေကြောင်း၊ ယင်းနေရာအနီးတစ်ဝိုက်ကို ဆက်လက်တူးဖော်ရှာဖွေရာတွင် နောက်ထပ်ရုပ်အလောင်းတစ်လောင်းကို ထပ်မံတွေ့ရှိရကြောင်း ရိုဒရစ်က ပြောကြားသည်။

တွေ့ရှိရသော ရုပ်အလောင်းနှစ်လောင်းမှာ ၁၉၅၉ ခုနှစ်က ရေခဲတောင်ပြိုကျမှုကြောင့် သေဆုံးခဲ့ရသည့် တောင်တက်သမားများ၏ ရုပ်အလောင်းများဖြစ်သည်ဟု ယူဆရပြီး တစ်ဦးနှင့်တစ်ဦးပွေ့ဖက်သည့် အနေအထားပုံစံဖြင့် ရှာဖွေတွေ့ရှိရကြောင်း ၎င်းက ပြောကြားသည်။ **ရိုက်တာ။**

# အမေရိကန်သာသနာပြုအဖွဲ့ဝင်တစ်ဦး ပြန်လည်လွတ်မြောက်

**အဘူဂျာ မတ် ၇**

ဖေဖော်ဝါရီလက လက်နက်ကိုင်တပ်ဖွဲ့များ ဖမ်းဆီးခေါ်ဆောင်သွားသည့် အမေရိကန် သာသနာပြုအဖွဲ့ဝင်တစ်ဦးကို ယမန်နေ့က အာဏာပိုင်များနှင့် ခရစ်ယာန်ဘုန်းကြီးများလက်သို့ ပြန်လည်အပ်နှင်းလိုက်ပြီဖြစ်ကြောင်း ဖရီးမတ်သဒစ်ခရစ်ယာန်ဘုရားကျောင်းက ဆိုသည်။

ဖေဖော်ဝါရီ ၂၃ ရက်က (၇၁)နှစ်အရွယ် သိက္ခာတော်ရ ဖီလစ်ဆော်တာအား နိုင်ဂျီးရီးယားနိုင်ငံ ကိုဂျီပြည်နယ်ရှိ ဘုရားကျောင်းတစ်ကျောင်းမှ ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။ လက်နက်ကိုင်တပ်ဖွဲ့က ပြန်ပေးငွေ အမေရိကန်ဒေါ်လာ ၃၀၀၀၀၀ ခန့် တောင်းခဲ့သည်။

ရက်သတ္တ နှစ်ပတ်အကြာတွင် လက်နက်ကိုင်များက ပြန်ပေးငွေ ရယူခြင်းမရှိဘဲ ဆော်တာအား ပြန်လည်လွှတ်ပေးခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်းတွင် ပြည်ပြေးအများအပြားကိုလည်း မကြာခဏပြန်ပေးဆွဲသည်။ ပြန်ပေးဆွဲခြင်းသည် ဝင်ငွေကောင်းသော လုပ်ငန်းအဖြစ် ယင်းဒေသတွင် ရပ်တည်လျက်ရှိသည်။ အစ္စလာမ္မစ်စစ်သွေးကြွများက ကိုဂျီပြည်နယ်တွင် အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်မှုနည်းပါးကြောင်း သိရသည်။



ဆော်တာ၏ မိဘများသည် သာသနာပြုအဖွဲ့ဝင်များဖြစ်ကြသည်။ ဆော်တာနှင့် ခင်ပွန်းတို့သည် လွန်ခဲ့သော ၆ နှစ်က သာသနာပြုလုပ်ငန်းများလုပ်ဆောင်ရန် အမေရိကန်နိုင်ငံ ဆီယက်တဲမြို့မှ ရွှန်ဒါပြည်နယ်သို့ ပြောင်းရွှေ့ခဲ့သည်။ ၂၀၀၅ ခုနှစ်မှစပြီး ဆော်တာသည် နိုင်ဂျီးရီးယားနိုင်ငံသို့ ဝင်ရောက်ခဲ့သည်။ ကိုဂျီပြည်နယ်တွင် ကလေးများအတွက် စာသင်ကျောင်းများဖွင့်လှစ်ရာတွင် ပါဝင်ကူညီခဲ့ပြီး လက်ရှိအချိန်တွင် လယ်သမားများနှင့် ကျွဲ၊ နွားထိန်းများအကြား ကာလရှည်ကြာ ဖြစ်ပွားနေသည့် အငြင်းပွားမှုများကို ကိုင်တွယ်ဖြေရှင်းပေးလျက်ရှိသည်။ **ရိုက်တာ။**

# ရုရှားအတိုက်အခံအား သတ်သူဟု သံသယရှိသူများကို ဖမ်းဆီး

**မော်စကို မတ် ၇**

ရုရှားနိုင်ငံ၌ လွန်ခဲ့သောရက်သတ္တပတ်တွင် အတိုက်အခံ နိုင်ငံရေးသမား ဘောရစ်နမ်ဆော့ဗ် အသတ်ခံရခြင်းနှင့်ပတ်သက်၍ သံသယရှိသူနှစ်ဦးကို ဖမ်းဆီးထားကြောင်း ဗဟိုလုံခြုံရေးအဖွဲ့အကြီးအကဲက ယနေ့ပြောကြားသည်။

အလက်ဇန္ဒြားဘော်နီကော့ဗ်က ရုပ်မြင်သံကြားမှ ကြေညာချက်ထုတ်ပြန်ခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် နိုင်ငံမြောက်ပိုင်း ကော့ကေးဆပ်ဒေသမှဖြစ်သည်ဟု ဆိုသည်မှလွဲ၍ အခြားသော အသေးစိတ်အချက်အလက်များကို ဖော်ပြခြင်းမပြုပေ။

နမ်ဆော့ဗ်အား သတ်ဖြတ်ခြင်းက အတိုက်အခံထောက်ခံသူများကို ထိတ်လန့်သွားစေခဲ့သည်။ သမ္မတ ဗလာဒီမာပူတင်ကို နမ်ဆော့ဗ်က ပြင်းထန်စွာ ဝေဖန်ခြင်းအတွက် လက်စားချေသည့်အနေဖြင့် ကရင်မလင်က သတ်မိန့်ပေးခဲ့သည်ဟု အတိုက်အခံတို့က သံသယဝင်လျက်ရှိသည်။

သေဆုံးသူ အသက်(၅၅)နှစ်အရွယ်ရှိ နမ်ဆော့ဗ်က ယူကရိန်းနိုင်ငံအရှေ့ပိုင်း၌ ရုရှား၏ စစ်ရေးစွက်ဖက်မှုကို ဝေဖန်ခဲ့သည်။ **အေပီ။**

# ငြိမ်းချမ်းမှုထိန်းသိမ်းရေးဆိုင်ရာ စစ်ရေးလေ့ကျင့်ရန် အမေရိကန်နှင့် ကမ္ဘောဒီးယားပြင်ဆင်

**ဖနွမ်းပင် မတ် ၇**

ကမ္ဘောဒီးယားဘုရင့်တပ်မတော်နှင့် ပစိဖိတ်ရေးရာ အမေရိကန်တပ်မတော်တို့သည် ကမ္ဘောဒီးယားနိုင်ငံအနောက်ပိုင်း ကမ်ပေါင်စပီယိုပြည်နယ်တွင် မတ် ၇ ရက် မှ ၂၀ ရက်အထိ စစ်ရေးလေ့ကျင့်မှုတစ်ရပ် ပြုလုပ်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ပစိဖိတ်ရေးရာ အမေရိကန်တပ်မတော်က ကမကထပြုလုပ်ပြီး ကမ္ဘောဒီးယားဘုရင့်တပ်မတော်က အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် "အန်ကောဆင်တနယ်လစ်"အမည်ရှိ အဆိုပါစစ်ရေးလေ့ကျင့်မှု၏အဓိကရည်ရွယ်ချက်မှာ လူသားချင်းစာနာမှုဆိုင်ရာအကူအညီပေးရေးနှင့် သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးအတွက်ပင်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင်ဖော်ပြသည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် လက်ကျန်ပေါက်ကွဲစေသည့်ပစ္စည်းများ ရှင်းလင်းရေး၊ ဆေးဝါးပစ္စည်းများ အချိန်မီထောက်ပံ့ပေးရေး၊ တောတွင်းစစ်ဆင်မှုဆိုင်ရာ စစ်ရေးလေ့ကျင့်မှု စသည်ဖြင့် စစ်ရေးလေ့ကျင့်မှုအမျိုးမျိုး ပါဝင်စေမည်ဖြစ်ကြောင်း၊ အဆိုပါစစ်ရေးလေ့ကျင့်မှုကို မြို့တော် ဖနွမ်းပင်မှ အနောက်ဘက် ကီလိုမီတာ ၇၀ ခန့်အကွာတွင်တည်ရှိသော ကမ်ပေါင်စပီယိုပြည်နယ်ရှိ နိုင်ငံစုံငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့သင်တန်းကျောင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ။**

# ဆီးရီးယားလေတပ်၏ လေကြောင်းတိုက်ခိုက်မှုအတွင်း အိုင်အက်စ်တပ်မှူး သေဆုံး

**ဘေရွတ် မတ် ၇**

ဆီးရီးယားလေတပ်သည် နိုင်ငံအလယ်ပိုင်းရှိ နယ်မြေတစ်ခု၌ ပြုလုပ်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုတစ်ခုအတွင်း အိုင်အက်စ်တပ်မှူးတစ်ဦးအား သတ်ဖြတ်နိုင်ခဲ့ကြောင်း ဆီးရီးယား နိုင်ငံပိုင်မီဒီယာနှင့် ဆီးရီးယားလူ့အခွင့်အရေးဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့က မတ် ၇ ရက်တွင် ပြောသည်။

ပြည်နယ် အုပ်ချုပ်ရေးမှူးများအနက် တစ်ဦးဟု ကြေညာခြင်းခံရသူ အိုင်အက်စ်တပ်မှူးမှာ နိုင်ငံအနောက်တောင်ပိုင်း ဟာမာမြို့တော်မှ ကီလိုမီတာ ၅၀ (မိုင် ၃၀) ကွာဝေးသည့် ဟာမာဒီမြို့အနီး လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ခြင်းဖြစ်သည်။ အဆိုပါလေကြောင်းတိုက်ခိုက်မှုသည် စစ်ဘက်ယာဉ်တန်းတစ်ခုကိုလည်း ထိခိုက်ပျက်စီးစေခဲ့ကြောင်း ဆီးရီးယား နိုင်ငံပိုင်မီဒီယာများက ဆိုသည်။



အဘီအမ်မာအယ်လ်ဂျက်ရာဝီဟု ခေါ်ဆိုသူ အိုင်အက်စ်တပ်မှူးမှာ ဆီးရီးယားလေတပ်၏ မကြာသေးမီကပြုလုပ်ခဲ့သည့် လေကြောင်းမှ တိုက်ခိုက်မှုများအတွင်း သေဆုံးခဲ့ခြင်း ဟုတ်၊ မဟုတ်ဆိုသည်ကိုမူ ရှင်းလင်းစွာ မသိရသေးကြောင်း ဆီးရီးယားလူ့အခွင့်အရေးဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။ **ရိုက်တာ။**

ပြည်တွင်းရေးရာ

# ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်တိုက်ပွဲတွင် ကျဆုံးအရာရှိ၊ စစ်သည်မိသားစုဝင်များအား ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော်　မတ်　၇**

လားရှိုးမြို့တွင် ရောက်ရှိနေသော ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးအုပ်ချုပ်မှု အထောက်အကူပြုကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့သည် မတ် ၆ ရက် နံနက်ပိုင်းတွင် တပ်မတော်ခုတင်(၁၀၀)ဆေးရုံတွင် တက်ရောက်ကုသနေသော လောက်ကိုင်တိုက်ပွဲမှ ဒဏ်ရာရ အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးလှထွန်း၊ ဦးအုန်းမြင့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ စစ်ဆင်ရေးအထူးအဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်စိုးနှင့် ကော်မတီအဖွဲ့ဝင်များက ဒဏ်ရာရ အရာရှိ၊ စစ်သည်များအား တစ်ဦးချင်း ထောက်ပံ့ငွေများ ပေးအပ်ပြီး အားပေးစကားပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ဝင်များသည် လားရှိုးမြို့ ပြည်နယ်အထွေထွေရောဂါကုဆေးရုံသို့ သွားရောက်ပြီး ကိုးကန့်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိ၍ ဆေးဝါးကုသမှု ခံယူနေသည့် လူနာများအား တစ်ဦးချင်း ထောက်ပံ့ငွေများပေးအပ်ပြီး အားပေးစကားပြောကြားသည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ဝင်များသည် ၂၀၁၅ ခုနှစ် နှစ်(၇၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် လားရှိုးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့သည့် ဆုံကွယ်ကျေးရွာအဝင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်ရုံးခွဲ (လားရှိုး) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ရုံးခွဲ ဦးစီးမှူး ဦးဇော်ဝင်းက ဆုံကွယ်ကျေးရွာအဝင်လမ်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ ဆုံကွယ်ကျေးရွာ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် လားရှိုးမြို့နယ် ဆုံကွယ်ကျေးရွာ ကတ္တရာလမ်းဖွင့်ပွဲမှခ်ဦးအား ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကြူ၊ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်နှင့် ရှမ်းပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် အဖွဲ့ဝင်များသည် ၁၅ မိုင် ၄ ဖာလုံရှိ လားရှိုးမြို့ မြို့ရှောင်လမ်းအား သွားရောက်ကြည့်ရှုသည်။

ထို့နောက် အမှတ်(၅၂၂)ခြေမြန်တပ်ရင်းတွင် ကျဆုံးအရာရှိ၊ စစ်သည် မိသားစုများအား တစ်ဦးချင်း ထောက်ပံ့ငွေများကို ပေးအပ်ပြီး အားပေးစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် အဖွဲ့ဝင်များသည် နေ့လယ်ပိုင်းတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကိုးကန့်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများ ဆုံးရှုံးခဲ့ရပြီး ဒေသအတွင်း တည်ငြိမ်မှုပျက်ပြားခဲ့သဖြင့် နိုင်ငံတော်သမ္မတရုံး၏ ဖေဖော်ဝါရီ ၁၇ ရက်စွဲပါ ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၅)ဖြင့် အရေးပေါ်အခြေအနေ ကြေညာခြင်းကိုလည်းကောင်း၊ (၂/၂၀၁၅) ဖြင့် စစ်အုပ်ချုပ်ရေးအမိန့်ကို ထုတ်ပြန်ကြေညာခဲ့ရပါကြောင်း။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားအခြေအနေများကို ပြန်လည်ထူထောင်နိုင်ရေးအတွက် တပ်မတော်ကို အထောက်အကူပြုရန် ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးအုပ်ချုပ်မှု အထောက်အကူပြုကော်မတီကို ဖွဲ့စည်းပေးခဲ့ပါကြောင်း။

ပြည်သူများ၏ တူညီသောဆန္ဒဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် တည်ငြိမ်မှုများ အမြန်ဆုံးပြန်လည်ရရှိရန်အတွက် ဆောင်ရွက်ရာတွင် ပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသည့် ဆန်အိတ် ၃၀၀၀ အား ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက လက်ခံသည်။

ထို့နောက် အေးရှားဝေါလ်ဖောင်ဒေးရှင်းက လှူဒါန်းသည့် ငွေကျပ်သိန်း ၁၅၀၀ အား အေးရှားဝေါလ်ဖောင်ဒေးရှင်းမှ ဒေါ်ခင်နှင်းဖြူက ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က လည်းကောင်း၊ JEWELLERY LUCK GROUP OF COMPANIES (Familyအထပ်သား) က လှူဒါန်းငွေကျပ် သိန်း ၁၀၀၀ အား ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းကပေးအပ်ရာ ဝန်ကြီးချုပ်ကလည်းကောင်း၊ မြန်မာနိုင်ငံဘဏ်လုပ်ငန်းရှင်များ အသင်းက လှူဒါန်းငွေကျပ် သိန်း ၅၀၀ အား ဗိုလ်မှူးမိုးသက်ထူး (ငြိမ်း)က ပေးအပ်ရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက လည်းကောင်း၊ ကုန်သည်ကြီးများအသင်းကလှူဒါန်းသည့် ဆန်အိတ် ၁၀၀၀၊ ဆီ ၂၀၀ ပိဿာအား ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက ပေးအပ်ရာ ဒုတိယဝန်ကြီး ဦးဘုန်းဆွေက လည်းကောင်း၊ ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ငွေကျပ် သိန်း ၂၀ အား ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဦးသန့်ရှင်းကလည်းကောင်း၊ ရွှေမင်းဝင်ကုမ္ပဏီလီမိတက်က ငွေကျပ် သိန်း ၂၀ အား ကုမ္ပဏီဥက္ကဋ္ဌ ဦးရည်သွေးက ပေးအပ်ရာ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က လည်းကောင်း၊ ကျားခေါင်းဘိလပ်မြေကုမ္ပဏီက ငွေကျပ် သိန်း ၂၀ အား မန်နေဂျာ ဦးမိုးမင်းဦးက ပေးအပ်လှူဒါန်းရာ ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက လည်းကောင်း၊ ကွမ်းလုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဟော်ရှောက်ချန်းက ငွေကျပ် ၁၀ သိန်းနှင့် မြန်မာ့ရတနာရွှေခေတ် ဦးဘိုဘိုက ငွေကျပ် သိန်း ၃၀ ပေးအပ်လှူဒါန်းရာ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်က လည်းကောင်း အသီးသီးလက်ခံကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက လှူဒါန်းရခြင်းအကြောင်းရင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီးဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များက အခမ်းအနားသို့ တက်ရောက်လာကြသူများအား လိုက်လံနှုတ်ဆက်ကြပြီး အလှူရှင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ အခမ်းအနားတွင် လှူဒါန်းရရှိမှု စုစုပေါင်းမှာငွေကျပ်သိန်း ၃၁၀၀၊ ဆန်အိတ် ၄၀၀၀ နှင့် ဆီ ၂၀၀ ပိဿာဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ဝင်များသည် လားရှိုးမြို့ မန်ဆူဘုရားကြီး ကျောင်းတိုက်သို့ သွားရောက်ပြီး ဘဝနတ်ထံ ပျံလွန်တော်မူသွားသည့် သက်တော်(၈၂)နှစ်၊ ဝါတော်(၆၂)ဝါရှိ ဆရာတော် ဘဒ္ဒန္တကောဏ္ဍည(အဘိဓဇမဟာရဋ္ဌဂုရု)အား သွားရောက်ဖူးမြော်ပြီး အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေများ လှူဒါန်းလိုပါက ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးအုပ်ချုပ်မှု အထောက်အကူပြုကော်မတီ အတွင်းရေးမှူး ဦးဘုန်းဆွေ (ဒုတိယဝန်ကြီး)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဖုန်း-၀၉-၅၀၅၂၃၅၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# မြန်မာနိုင်ငံဆရာဝန်အသင်း သင်တန်းပို့ချမည်

**ရန်ကုန်　မတ်　၇**

မြန်မာနိုင်ငံ ဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ်က အထွေထွေရောဂါကုဆရာဝန်များအတွက် Common Clinical Problems in General Practice-2015 သင်တန်းကို မတ် ၂၈ ရက်မှ ဇူလိုင် ၂၆ ရက်အထိ ရုံးပိတ်ရက်များတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီထိ ပို့ချမည်ဖြစ်သည်။

သင်တန်းတွင် ပါဝင်ကူညီမည့် ဆေးကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးပွဲကို မတ် ၁၈ ရက်တွင် မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင် (B) တွင် ပြုလုပ်မည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုသော အသင်းဝင်ဆရာဝန်များသည် မတ် ၁၈၊ ၁၉ ရက်တို့တွင် စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**


GOLDEN STAR Travels & Tours

Mar-26 / Apr-11,12,13,17

❖ ပုဂံ-ပုပ္ပါး-ပခုက္ကူ ခရီးစဉ်
❖ ရွှေစက်တော်/ပုဂံ-ပုပ္ပါး
❖ မုံရွာ-အလောင်းတော်ကဿပ
❖ တောင်ကြီး-အင်းလေး-ပင်းတယ
❖ မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း
❖ ပုဂံ-ပုပ္ပါး-တောင်ကြီး-အင်းလေး
❖ ထားဝယ်(ရှင်ကိုးရှင်)-မော်လမြိုင်-စက်စဲ

ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)

ခရီးစဉ်တိုင်းတွင် - အဆင့်မြင့်ဟိုတယ်၊ ကား၊ စားသောက်ဆိုင်များဖြင့်စီစဉ်ထားသည်။

Ph:544383, 209200, 430480, 703448, 705968, 09-5081580









နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိရှိ အသုံးချလိုသော စာသင်သားများအတွက်
ကျောင်းသင်ရိုးအထောက်အကူပြု (အလယ်တန်း၊ အထက်တန်း)
ဆရာညွှန့်ဝေမိုး(Educator) Summer English
Creative Writing (Essay, Letter)
Guided Composition, Unseen Comprehension

ဦးဝင်းမောင်(ရွှေရည်မင်းစံမြန်မာစာ)၊ စောမင်းလတ်(စံမီ)
လေးတန်း၊ ရှစ်တန်း၊ ၁၀ တန်း နှင့် ၅ ၆ ၇ ၉ အတန်းအားလုံး
မြန်မာစာမှာ ပုံကြမ်းပေးစာစီစာကုံးဖြစ်သွားပါပြီ။
အတန်းအလိုက် မေးလေ့ရှိသည့် ပစ်မှတ်မလွဲသော မြားချက်များ
အချိန်ကိုက်၊ အမှတ်ကိုက်။ စံကိုက် ပုံကြမ်းဘောင်ဝင် စာစီစာကုံးများ
စကားပြေမှားအောင်ရေးနည်း။ စကားပြေကောင်းနမူနာ၊ သတ်ပုံ၊ စကားပုံ

မဟာအဝေးသင်တက္ကသိုလ်၊ အမှတ်-၁၁ (A)၊ မြေညီထပ်၊ လှည်းတန်း(၁)လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 01-504861, 01-504360, 09-450033488, 09 5176311

***National Network for Education Reform (NNER)နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညီညီသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူ ဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။***

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လေ့လာသုံးသပ်ခြင်း

ပါမောက္ခဒေါက်တာစိုးသန်း (ရန်ကုန်ပညာရေးတက္ကသိုလ်)

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အခန်း(၁) ပုဒ်မ ၂ (ဆ) **အမျိုးသားပညာရေး** ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် မူလအမျိုးသားပညာရေးဥပဒေပါ "ဘက်စုံအတွေးအခေါ် မှန်ကန်၍" ဟူသော စာသားကို "လွတ်လပ်စွာတွေးခေါ်၍" ဟု အစားထိုးထားပါသည်။ မည်သူ၏ အတွေးအခေါ်ကို မည်သူက ချုပ်ချယ်၍ ရပါသနည်း။ (Stone walls do not a prison make. nor iron bars a cage) တွေးခေါ်မှု၏ မူလအဓိပ္ပာယ်၌ လွတ်လပ်အဓိပ္ပာယ်ပါပြီးဖြစ်ပါသည်။ (to use your mind to consider sth.to form connected ideas, to try to solve problems, etc; a person's mind and all the ideas that they have in it when they are thinking) ဘက်စုံအတွေးအခေါ်ဆိုသည်မှာ အဘက်ဘက်၊ သူ့ဘက်ကိုယ့်ဘက် ပြည့်စုံစွာ ရှုထောင့်စုံမှ တွေးခေါ်၍ ဆိုလိုခြင်းဖြစ်ပါသည်။ "မှန်ကန်၍"ဟူသော စကားရပ်မှာ ပညာ၏ သဘောလက္ခဏာဖြစ်ပါသည်။ မှား မှန် ကောင်းဆိုးချင့်ချိန် ဝေဖန်ပညာဉာဏ်သာ ဖြစ်ပါသည်။ ထို့ကြောင့် လေးနက်ဆီလျော်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်က ပိုမိုကောင်းမွန်ပါသည်။

အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း အခန်း(၁) ပုဒ်မ ၂(ည) **ကျောင်းပညာရေး၏** အဓိပ္ပာယ်ကို "ကျောင်းပညာရေးဆိုသည်မှာ မူကြိုပညာရေး၊ မူလတန်းပညာရေး၊ အလယ်တန်းပညာရေး၊ အထက်တန်းပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာရေးတို့ အကျုံးဝင်သည့် ပညာရေးကိုဆိုလိုသည်"ဟု ပြန်လည်ပြင်ဆင်ဖွင့်ဆိုထားပါသည်။ ပြင်ဆင်သည့် ဥပဒေကြမ်းသည် ကျောင်းပညာရေး (Formal Education)၊ ကျောင်းပြင်ပ ပညာရေး (Non-Formal Education)နှင့် ကိုယ်တိုင်သင်ပညာရေး (Informal Education) ဆိုသည့် ပညာပေးမှု၊ ပညာရယူမှု ပုံစံသုံးမျိုးကို ခွဲခြားစဉ်းစားထားရှိပုံမပေါ်ပါ။ ကျောင်းပညာရေးဆိုသည်မှာ သင်ရိုးညွှန်းတမ်းကို အမှီပြုသင်ကြားသဖြင့် သင်ယူသူ၏ အသက်အရွယ်၊ သင်ယူရမည့် အချိန်ကာလ၊ နေရာ၊ အတန်း၊ ပညာရည်စစ်ဆေးတိုင်းတာမှုစနစ် စသည်တို့ ရှိရမည်ဖြစ်ပါသည်။ ထို့ကြောင့် မူလအမျိုးသားပညာရေးဥပဒေပါ "ကျောင်းပညာရေးဆိုသည်မှာ သင်ယူသူ၏ အသက်အရွယ်၊ သင်ယူရမည့်အချိန်ကာလ၊ နေရာ၊ အတန်း၊ ပညာရည်စစ်ဆေးတိုင်းတာမှုစနစ်နှင့် တိကျသောသင်ရိုးညွှန်းတမ်းဖြင့် သင်ကြားပေးသောကျောင်းအခြေပြု မူကြိုပညာရေး၊ မူလတန်းပညာရေး၊ အလယ်တန်းပညာရေး၊ အထက်တန်းပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာရေးတို့ အကျုံးဝင်သည့်ပညာရေးကို ဆိုလိုသည်။"ဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်က ပိုမိုပြည့်စုံနေသည်ကို တွေ့ရှိရပါသည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အခန်း(၁) ပုဒ်မ ၂(ဘ) **အထူးပညာရေး** အစီအစဉ်၏ အဓိပ္ပာယ်ကို "မသန်စွမ်းတစ်ဦးချင်းစီ၏ သီးခြားလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် သင့်တော်သော သင်ကြားနည်းစနစ်များကို ပညာသင်ပေးခြင်းကို ဆိုလိုသည်"ဟု ပြင်ဆင်ဖွင့်ဆိုထားပါသည်။ သင့်တော်သော သင်ကြားနည်းစနစ်များဖြင့် သို့မဟုတ် သင့်တော်သော သင်ကြားနည်းစနစ်များကို သင်ပေးခြင်းဟု ရေးသင့်ပါသည်။ သင်ကြားနည်းစနစ်များကို ပညာသင်ပေးခြင်းဟု ရေးသည်မှာ မရှင်းလင်းပါ။ အစီအစဉ်ဆိုသည်မှာသင်ကြားနည်းစနစ်များကို ပညာသင်ပေးခြင်း မဟုတ်ပါ။ သင်ကြားနည်း စနစ်များကသာ အစီအစဉ်တွင်ပါဝင်ရပါမည်။ အထူးပညာရေးအစီအစဉ်ဆိုသည်မှာ မသန်စွမ်းသူများအတွက် အထူးအစီအစဉ်ဖြင့် ပညာသင်ကြားပေးခြင်းကို ဆိုလိုပါသည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အခန်း (၁) ပုဒ်မ ၂(ယ) **အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ**၏ အဓိပ္ပာယ်ကို "လွတ်လပ်သော ပညာရှင်များပါဝင်ဖွဲ့စည်းထားသော"ဟု ဖြည့်စွက်ပြင်ဆင်ထားပါသည်။ သို့သော် အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၅၅ ကိုအစားထိုးသည့် စာသား "၅၅။(က)" တွင် "ပုဒ်မ ၅၄ ပါ လုပ်ငန်းများကိုဆောင်ရွက်ရန် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီကို အနည်းဆုံးကိုးဦးဖြင့်ဖွဲ့စည်းရာတွင် ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများမှ အသိအမှတ်ပြုသော လွတ်လပ်သည့်ပညာရှင်များ အနည်းဆုံးငါးဦး(အများဆုံး တစ်လောကလုံးများလား) ဟု ဖော်ပြထားပြီး ဝန်ကြီးဌာနမှ ခန့်အပ်သော ပညာရှင်များ(ဟုဆိုသော်လည်းနောက်၌) နှစ်ဦးဟု ရေးထားပြန်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များမှ ရွေးချယ်သောပညာရှင်နှစ်ဦးဟု ဖော်ပြထားသဖြင့် "လွတ်လပ်သော ပညာရှင်များ ပါဝင်ဖွဲ့စည်းထားသော" ဟူသည့် စကားရပ်နှင့် ရှေ့နောက်မကိုက်ညီပါ။ လွတ်လပ်သောပညာရှင်များကိုပင် ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများမှထိန်းချုပ်ရန် ဆန္ဒပြင်းပြနေသည်ကို တွေ့ရပါသည်။

အမျိုးသားပညာရေးဥပဒေ အခန်း (၄) ကို ပြင်ဆင်သည့် ဥပဒေကြမ်း၏ ဒီမိုကရေစီပညာရေးလွတ်လပ်ခွင့်ကို အာမခံခြင်း၊ အပိုဒ် (ဂ) အမျိုးသားသင်ရိုးညွှန်းတမ်း ရေးဆွဲရေးကော်မတီ၌လည်း ထိုနည်းလည်းကောင်း လွတ်လပ်သည့် ပညာရှင်များဖြင့် ဖွဲ့စည်းမည်ဟုဆိုကာ ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများမှ ထိန်းချုပ်ခြယ်လှယ်လိုသော ဆန္ဒပြင်းပြနေသည်ကို တွေ့ရပါသည်။ဥပဒေဆိုသည်မှာ လူတစ်ဦး၊ လူတစ်စု ဖြစ်စေချင်သည့် အရာများကို ရေးသားထားခြင်းမဟုတ်ပါ။ (The law is the whole system of rules that everyone in a country or society must obey).

> **အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီတွင် တက္ကသိုလ်ကောလိပ်ဆရာသမဂ္ဂများ၏ ကိုယ်စားလှယ်များ၊ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များက နေရာရယူနိုင်ရေးကို ဦးတည်ကြိုးပမ်း၍ ရေးသားထားသဖြင့် ယင်းဥပဒေကြမ်းသည် တရားမျှတမှုမရှိပါ။ တက္ကသိုလ်များသည် မိမိတက္ကသိုလ်၏ သဘောသဘာဝနှင့် ကိုက်ညီသော တက္ကသိုလ်ပဋိညာဉ်စာတမ်းတစ်ခုစီ ရေးဆွဲ၍ ဆောင်ရွက်သင့်။**

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အခန်း (၁) ပုဒ်မ ၂(သ)သည် အမျိုးသားပညာရေး ဥပဒေပါ **မိဘဆရာအသင်း**ကို ပယ်ဖျက်ပြီး **ကျောင်းအုပ်ချုပ်ရေးအဖွဲ့**နှင့် အစားထိုးထားခြင်းဖြစ်သည်။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် မိဘဆရာအသင်း၌ ကျောင်းအုပ်ကြီး၊ ဆရာကိုယ်စားလှယ်များ၊ မိဘများ၊ အုပ်ထိန်းသူများ၊ ရပ်ရွာမှ လေးစားယုံကြည်သူများ ပါဝင်နေသည်ကို သိရှိပုံမရ။ ကျောင်းအုပ်ကြီးက ဥက္ကဋ္ဌ၊ မိဘကိုယ်စားလှယ်တစ်ဦးက ဒုဥက္ကဋ္ဌ၊ ဆရာကိုယ်စားလှယ်များထဲမှ အတွင်းရေးမှူး၊ မိဘကိုယ်စားလှယ်တစ်ဦးက တွဲဖက်အတွင်းရေးမှူး၊ မိဘကိုယ်စားလှယ်တစ်ဦးက ဘဏ္ဍာရေးမှူး၊ အဖွဲ့ဝင်နှစ်ဦး (ဆရာတစ်ဦး၊ မိဘတစ်ဦး) ဘဏ်မရှိသည့်ဒေသတွင် ငွေထိန်းမှာ မိဘကိုယ်စားလှယ်တစ်ဦး၊ စာရင်းစစ်အဖွဲ့တွင် ခေါင်းဆောင်သည့် မိဘကိုယ်စားလှယ်တစ်ဦး၊ အဖွဲ့ဝင်နှစ်ဦး၊ ဆရာတစ်ဦး၊ မိဘတစ်ဦး စသည်ဖြင့် ကျောင်းသားအင်အား၊ မိဘအင်အား၊ ဆရာအင်အားအပေါ်အခြေခံ၍ ဖွဲ့စည်းကြပါသည်။ စုဆောင်းရရှိသည့် ဘဏ္ဍာငွေကို အဆောက်အအုံနှင့် ပရိဘောဂအတွက် ၄၀ရာခိုင်နှုန်း၊ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုအတွက် ၃၀ ရာခိုင်နှုန်း၊ အားကစားအတွက် ၂၀ ရာခိုင်နှုန်းနှင့် ကျောင်းစာကြည့်တိုက်အတွက် ၁၀ ရာခိုင်နှုန်းစီ နှစ်စဉ်အချိုးကျ သုံးစွဲရပါသည်။ နှစ်ပတ်လည် မိဘဆရာ သင်းလုံးကျွတ်အစည်းအဝေးများတွင် ကျောင်းအုပ်ကြီးက ခရေစေ့တွင်းကျ ရှင်းပြရပါသည်။ ထို့ကြောင့် ရည်ရွယ်ချက်မွန်မြတ်လှသည့် မိဘဆရာပူးပေါင်း ကလေးပညာကောင်းဟူသည့် ဆောင်ပုဒ်ထားရှိသည့် မိဘဆရာအသင်းကို ကျောင်းအုပ်ချုပ်ရေးအဖွဲ့ဖြင့် ပြင်ဆင်အစားမထိုးထိုက်ပါ။

ဆက်လက်သုံးသပ်လိုသည်မှာ အမျိုးသားပညာရေးဥပဒေအခန်း (၃) ပုဒ်မ ၄ (က) (ခ) (ဂ) နှင့်(ဃ)တို့ကို ပြင်ဆင်ရေးသားထားသည့် ပုဒ်မ ၄ (က)တွင် "နိုင်ငံတော်သည် ပညာရေးလွတ်လပ်ခွင့်ကို အာမခံရေး"ဟုလည်းကောင်း၊ ပုဒ်မ ၄(ခ)တွင် "ပညာရေးလွတ်လပ်ခွင့်တွင် ကျောင်းသားများ လွတ်လပ်ခွင့်၊ ဆရာများလွတ်လပ်ခွင့်၊ သင်ရိုးညွှန်းတမ်းလွတ်လပ်ခွင့်၊ ဘာသာစကားလွတ်လပ်ခွင့်၊ အတွေးအခေါ်လွတ်လပ်ခွင့်၊ ဒေသဆိုင်ရာလွတ်လပ်ခွင့်၊ ကျောင်းများလွတ်လပ်ခွင့် စသည်တို့ပါဝင်ရေး"ဟူသော အခြေခံမူများကို ဥပဒေဖြင့် ရေးဆွဲပြဋ္ဌာန်းချင်သည့် သဘောမှာ စည်းမဲ့ကမ်းမဲ့၊ ပရမ်းပတာ ပညာရေးစနစ်သို့ ဦးတည်နေသည်ဟုယူဆပါသည်။ လွတ်လပ်မှုနှင့်အတူတွဲစပ်နေသည့် တာဝန်ယူမှု၊ တာဝန်ခံမှုသဘောတရားများကို ထိမ်ချန်မထားအပ်ပါ။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ကျောင်းပညာရေး၏ အဓိပ္ပာယ်၊ သင်ရိုးညွှန်းတမ်း၏ အဓိပ္ပာယ်များကိုပြည့်စုံစွာ ကျောထောက်နောက်ခံပြုထားခြင်းမရှိပါ။ မည်သည့် တိုင်းပြည်၏ သင်ရိုးညွှန်းတမ်း၌မဆို သင်ရိုးညွှန်းတမ်း အညွှန်းဘောင်ရှိကြသည်ချည်းဖြစ်၍ ပရမ်းပတာ လွတ်လပ်မှုမရနိုင်ပါ။ ကျောင်းသားများကို ကြိုက်သလို လွတ်လပ်ခွင့်ပေးပြီး ပညာသင်ကြားပေးသည့် ပညာရေးစနစ် ဤကမ္ဘာ၌မရှိပါ။ ဘွဲ့လွန်ကျောင်းသားများ၊ ပါရဂူဘွဲ့ကျမ်းပြုသူများကိုပင် ကျမ်းကြီးကြပ်သူများ၊ ကျမ်းစစ်ဆေးသူများ၊ ခုံသမာဓိများဖြင့် စစ်ဆေးမေးမြန်း၍ ဘွဲ့အပ်နှင်းချီးမြှင့်လေ့ရှိပါသည်။ ဆရာများလွတ်လပ်ခွင့်ဟု ရေးသားထားပုံကို ထောက်ရှုပါက အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေသည် ဆရာနှင့် ဆရာအလုပ်ကို လုပ်ကိုင်သူဆိုသည့် စကားရပ်များကို ကွဲကွဲပြားပြား ခွဲခြားနိုင်စွမ်းမရှိသည်ကိုတွေ့ရပါသည်။ တစ်နည်းအားဖြင့် Professional Ethics ကို အခြေခံထားကြောင်းသိရှိနိုင်ပါသည်။ ဘာသာစကားလွတ်လပ်ခွင့်ဆိုသည်မှာ မိမိပြောဆိုရေးသားသုံးစွဲလိုသည့် ဘာသာစကားကို မိမိပြောဆိုရေးသားသုံးစွဲခွင့်ပင်ဖြစ်ပါသည်။ မည်သူကမည်သူ့ကို ပိတ်ပင်ထားပါသနည်း။ ကျောင်းများတွင် ကျောင်းသားတတ်သည့် ဘာသာစကားကို ဆရာကမတတ်၊ ဆရာတတ်သည့် ဘာသာစကားကို ကျောင်းသားကမတတ်လျှင် သင်ကြားသင်ယူမှုကို မည်သို့ပြုလုပ်ကြပါမည်နည်း။ မသင်ကြားမသင်ယူဘဲ နေကြမည်လော။ သင်ကြားသင်ယူမှုကို မကျိုင်ပြုသည့် ဘာသာစကားတစ်ခုကိုသုံးစွဲ၍ လေ့လာဆည်းပူး၊ သင်ကြားသင်ယူရန် အားပေးတိုက်တွန်းမှုပြုသင့်ပါသည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အခန်း(၁) ပုဒ်မ ၂ (ဟ)သည် အမျိုးသားပညာရေးဥပဒေပါ **ကျောင်းအကျိုးတော်ဆောင်အဖွဲ့**အား အစားထိုးသည့် **တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီ**၏ အဓိပ္ပာယ်ဖော်ပြချက် ဖြစ်ပါသည်။ အမျိုးသားပညာရေးဥပဒေ အခန်း (၃)ပုဒ်မ ၄(က)(ခ)(ဂ)နှင့်(ဃ)တို့ကို ပြင်ဆင်ရေးသားထားသည့် ပုဒ်မ ၄ (ခ)တွင် လွတ်လပ်ခွင့် အမျိုးမျိုးဖော်ပြထားသော်လည်း တက္ကသိုလ်ကျောင်းများ၏ စီမံခန့်ခွဲရေးကို တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီက တာဝန်ယူဆောင်ရွက်မည်ဟုဆိုပါသည်။ ယင်းကောင်စီတွင် "တက္ကသိုလ်နှင့် ကောလိပ်များမှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်ကောလိပ် ဆရာသမဂ္ဂများ၏ ကိုယ်စားလှယ်များ၊ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ၊ နိုင်ငံ့ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များနှင့် လွတ်လပ်သော ပညာရှင်များ ပါဝင်သည့်ကောင်စီဖြစ်သည်"ဟု ဆိုပါသည်။ ဤအချက်နှင့်ပတ်သက်၍ STATUTES OF THE UNIVERSITY OF CAMBRIDGE ၏ အခန်း (၄) ፡ THE COUNCIL AND ITS COMMITTEES အခန်း၌ [2. The Council shall consist of the Chancellor, the Vice-Chancellor, nineteen elected members and four appointed members in the following classes: ဟု ရေးသားထားပါသည်။ ထို့နောက် **Elected student members** အပိုဒ်ကို ဆက်လက်ကောက်နုတ်ဖော်ပြအပ်ပါသည်။ (d) <u>three</u> from <u>among the students in the University</u>. of whom <u>at least one</u> shall be from among those <u>certified by the Registrary</u> to be <u>graduate students.</u> Members in class (d) <u>shall be elected by the students in the University for a period</u> and in <u>a manner determined by Special Ordinance</u>. ဤကောက်နုတ်ချက်ဖြင့် ထောက်ချင့်ကြည့်ပါက အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီတွင် တက္ကသိုလ်ကောလိပ်ဆရာသမဂ္ဂများ၏ ကိုယ်စားလှယ်များ၊ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များက နေရာရယူနိုင်ရေးကို ဦးတည်ကြိုးပမ်း၍ ရေးသားထားသဖြင့် ယင်းဥပဒေကြမ်းသည် တရားမျှတမှုမရှိပါ။ တက္ကသိုလ်များသည် မိမိတက္ကသိုလ်၏ သဘောသဘာဝနှင့်ကိုက်ညီသော တက္ကသိုလ်ပဋိညာဉ်စာတမ်းတစ်ခုစီ ရေးဆွဲ၍ ဆောင်ရွက်သင့်ပါသည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အပိုဒ် ၁၇ တွင် မူလအမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ဇ)အား ပုဒ်မခွဲ (ဌ) အဖြစ် အစားထိုးမည့်စာပိုဒ် "တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့် ဘာသာရပ်နှင့်တက္ကသိုလ်ကို ကျောင်းသားကိုယ်တိုင်ဆုံးဖြတ်ရွေးချယ်ခွင့်ရရှိရန်၊ တက္ကသိုလ်ဝင်ခွင့်သည် အခြေခံပညာအထက်တန်းစာမေးပွဲရမှတ်ဖြင့် ဆုံးဖြတ်ခြင်းမဟုတ်ဘဲ သင်ယူမည့်ဘာသာရပ်၏ လိုအပ်ချက်အရ ကျောင်းသား၏ လေ့လာသင်ယူထားရှိမှုအပေါ် အခြေခံရွေးချယ်ရန်၊ ကျောင်းသား၏ ဘာသာရပ်ဆိုင်ရာလိုအပ်ချက်များကို တက္ကသိုလ်က ဖြည့်ဆည်းပေးသည့် စနစ်ထားရှိရေး။"ဟု ဖော်ပြထားခြင်းမှာ အလွန်အစွန်းရောက် နေပါသည်။ ကျောင်းသား၏ဘာသာရပ်ဆိုင်ရာ လိုအပ်ချက်များကို တက္ကသိုလ်က ဖြည့်ဆည်းပေးသည့်စနစ်ဆိုသည်မှာ ဤကမ္ဘာပေါ်၌ မည်သည့် တက္ကသိုလ်မျှ မရှိပါ။ တက္ကသိုလ်၏လိုအပ်ချက်၊ တက္ကသိုလ်ကပြဋ္ဌာန်းထားသည့် ဘာသာရပ်ဆိုင်ရာ လိုအပ်ချက်များကိုသာ ကျောင်းသားကပြည့်မီအောင် ကြိုးစားရသည်ချည်းဖြစ်ပါသည်။

စာမျက်နှာ ၇ သို့ ❐

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံခြားခရီးသွားလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရန်အတွက် ၁-၄-၂၀၁၅ ရက်နေ့မှစတင်၍ ကြော်ငြာနှုန်းထားများ လျှော့ချဝန်ဆောင်မှုပေးမည်

မြန်မာ့အလင်းသတင်းစာနှင့်ကြေးမုံသတင်းစာတို့ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစတင်၍ ရောင်စုံသတင်းစာ ၃၂ မျက်နှာအဖြစ် ပြောင်းလဲထုတ်ဝေခဲ့ပြီးနောက် ဖေဖော်ဝါရီ ၁ ရက်နေ့မှစတင်၍ သုတရသဆိုင်ရာ စာအုပ်ကြော်ငြာများ၊ ဌာနဆိုင်ရာကြော်ငြာများ၊ လူမှုရေးကြော်ငြာများ၊ စီးပွားရေးကြော်ငြာများအပေါ် ကြော်ငြာခနှုန်းထားများကို လျှော့ချဝန်ဆောင်မှုပေးခဲ့ပါသည်။

ယခုအခါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာမှုအရလည်းကောင်း၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရန်အတွက် လည်းကောင်း၊ နိုင်ငံခြားကုန်ပစ္စည်းကြော်ငြာ၊ ကုန်အမှတ်တံဆိပ်ကြော်ငြာနှင့် မူပိုင်ခွင့်ကြော်ငြာ၊ ပြည်တွင်းလေကြောင်းလိုင်း၊ နိုင်ငံသား ပိုင်ဟိုတယ်၊ နိုင်ငံခြားခရီးသွားကြော်ငြာများကိုလည်း ၁-၄-၂၀၁၅ ရက်နေ့မှစတင်၍ အောက်ပါအတိုင်း ပြောင်းလဲလျှော့ချဝန်ဆောင်မှုပေးသွားမည် ဖြစ်ပါသည်-

| စဉ် | ကြော်ငြာအမျိုးအစား | ရောင်စုံကြော်ငြာ | | အဖြူ /အမည်း | |
|---|---|---|---|---|---|
| | | လက်ရှိနှုန်းထား ၁"×၁ကော်လံ | လျှော့ချမည့်နှုန်းထား ၁"×၁ကော်လံ | လက်ရှိနှုန်းထား ၁"×၁ကော်လံ | လျှော့ချမည့်နှုန်းထား ၁"×၁ကော်လံ |
| ၁။ | နိုင်ငံခြားကုန်ပစ္စည်းကြော်ငြာ၊ ပြည်ပလေကြောင်းလိုင်းကြော်ငြာ၊ ပြည်ပဟိုတယ်ကြော်ငြာ | USD 50 | ၃၀၀၀ိ/- | USD 50 | ၃၀၀၀ိ/- |
| ၂။ | ကုန်အမှတ်တံဆိပ်/မူပိုင်ခွင့်နှင့် ပတ်သက်သော ကြော်ငြာ | USD 100 | ၅၀၀၀ိ/- | USD 100 | ၅၀၀၀ိ/- |
| ၃။ | ပြည်တွင်းလေကြောင်းလိုင်း၊ နိုင်ငံသားပိုင်ဟိုတယ်၊ နိုင်ငံခြားခရီးသွားကြော်ငြာများ | ၂၀၀၀ိ/- | ၁၅၀၀ိ/- | ၁၇၀၀ိ/- | ၁၃၀၀ိ/- |

(ကြေးမုံ)

❐ စာမျက်နှာ ၆ မှ

ဥပမာ Oxford, Cambridge. Harvard, Stanford. Columbia, Massachusetts Institute of Technology (MIT) စသည့် တက္ကသိုလ်များကို မည်သူမဆို လူတိုင်း လွတ်လပ်စွာ တက်ရောက်ပညာသင်ယူခွင့်ရှိပါသည်။ သို့သော် သက်ဆိုင်ရာတက္ကသိုလ်၏လိုအပ်ချက်ကိုပြည့်မီရမည့် ကျောင်းသား၏ လေ့လာသင်ယူထားရှိမှုကိုမူ ကန့်သတ်ထားလေ့ရှိပါသည်။ ကျောင်းသား၏ ဘာသာရပ်ဆိုင်ရာ လိုအပ်ချက်များကို တက္ကသိုလ်ကဖြည့်ဆည်းပေးရမည် ဆိုခြင်းသည် ဆရာကိုကြေးတန်းစားအဖြစ်ရှုမြင်နေပုံရသည်။ မြန်မာ့ယဉ်ကျေးမှုစရိုက်လက္ခဏာ တန်ဖိုးထားမှုများတွင် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့ကို အနန္တဂိုဏ်းဝင်အဖြစ် သတ်မှတ်ထားသည့် အစဉ်အလာကို ဖျက်ဆီးရာ ရောက်ပါလိမ့်မည်။ သင်ယူလိုသည့် ဘာသာရပ်နှင့် တက္ကသိုလ်ကို ကျောင်းသားကိုယ်တိုင် ဆုံးဖြတ်ရွေးချယ်ခွင့်ရရှိရန် ခွင့်ပြုနိုင်ပါသည်။ တက္ကသိုလ်၏ လိုအပ်ချက်ဖြစ်သည့် ရုပ်ဝတ္ထုပစ္စည်းများကို ငွေရှိလျှင် အချိန်တိုအတွင်းဖြည့်တင်း၍ ရနိုင်ပါသည်။ သို့သော် အရည်အချင်းပြည့်ဝသည့် ဆရာများကိုမူ ချက်ချင်းမရရှိနိုင်ပါ။ ဆရာအလုပ်ကို လုပ်ကိုင်မည့်သူများကိုမူ ချက်ချင်းရနိုင်ပါသည်။ ရလဒ်အားဖြင့် ပညာအရည်အသွေးနိမ့်ကျခြင်းဖြစ်လာပါလိမ့်မည်။ ထို့ကြောင့် တက္ကသိုလ်များသည် ယင်းတို့၏ ဘာသာရပ်လိုအပ်ချက်၊ ကျောင်းသားဦးရေ၊ ဝင်ခွင့်အရည်အချင်းနှင့် ကျောင်းလခများကို သတ်မှတ်ထားလေ့ရှိပါသည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၁၈ တွင် မူလအမျိုးသားပညာရေး ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (ဈ) အား ပုဒ်မခွဲ(ဍ) အဖြစ်အစားထိုးမည့် "ပညာရေးသည် ဘာသာရေးအဖွဲ့အစည်း၊ နိုင်ငံရေးအဖွဲ့အစည်းတို့၏ လွှမ်းမိုးမှုမှ ကင်းလွတ်ရမည်။ လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ နိုင်ငံရေးယုံကြည်ခွင့်နှင့် လူ့ဂုဏ်သိက္ခာကို တန်ဖိုးထားမည်။" ဟူသော စာပိုဒ်သည် ယင်းပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၃၆ ပါ "အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၄(ဈ) နောက်တွင် ပုဒ်မခွဲ (ည)ကို အောက်ပါအတိုင်းဖြည့်စွက်မည်။"ဆိုသည့် "(ည) အခြားဘာသာရေးအဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသော ပညာရေးကျောင်းများ"ဟူသော ထပ်မံထည့်သွင်းထားသည့်ဖော်ပြချက်နှင့် ဆန့်ကျင်နေပြန်ပါသည်။ ယင်းပညာရေးကျောင်းများသည် ယင်းအခြားဘာသာရေးအဖွဲ့အစည်းများ၏ လွှမ်းမိုးမှုအောက်သို့ ရောက်ရှိနေပြီး "ပညာရေးသည် ဘာသာရေးအဖွဲ့အစည်း၊ နိုင်ငံရေးအဖွဲ့အစည်းတို့၏ လွှမ်းမိုးမှုမှ" ကင်းလွတ်ပါမည်လော။ ဘာသာရေးအဖွဲ့အစည်းများက ဘာသာရေးအကြောင်းပြကာ ပညာရေးကျောင်းတည်ထောင်ချင်၊ ပညာရေးအဖွဲ့အစည်းများက ဘာသာရေးကျောင်းတည်ထောင်ချင်ကြလျှင် အထိန်းအကွပ်မရှိသည့် ကမောက်ကမ ပညာရေးစနစ် ဖြစ်သွားပါလိမ့်မည်။ ထို့အပြင် ပညာရေးကို လုပ်ကိုင်ဆောင်ရွက်လိုသည့် မည်သူမဆို လုပ်ချင်သလို လွတ်လပ်စွာ လုပ်ကြမည်ဆိုပါက အမျိုးသားပညာရေးဥပဒေကိုပင်လျှင် ပြုစုရန်လိုအပ်ပါသေးသလောဟု မေးစရာဖြစ်လာနိုင်ပါသည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၁၉ တွင် မူလအမျိုးသားပညာရေး ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(ည)အား ပုဒ်မခွဲ (ဎ) အဖြစ် အစားထိုးမည့် စာပိုဒ် "အခမဲ့မသင်မနေရ အလယ်တန်းပညာရေးကို အကောင်အထည်ဖော်ရေး"ဆိုသည်မှာ မူလအမျိုးသားပညာရေးဥပဒေပါ "အခမဲ့ မသင်မနေရ မူလတန်းပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ရေး"ဆိုသည့်အချက်ကို ပယ်ဖျက်လိုက်ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ၁၉၄၀ ခုနှစ် မူလတန်းပညာသင်ကြားရေး အက်ဥပဒေ (၁၉၄၀ ပြည့်နှစ် မြန်မာနိုင်ငံတော် အက်ဥပဒေ နံပါတ် ၂၀) An Act to provide facilities for the introduction of free compulsory Primary Education အရ ၁၉၅၀ ခုနှစ် ဒီဇင်ဘာလကတည်းက အခမဲ့မသင်မနေရ မူလတန်းပညာရေးကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၃၃ တွင် "အထူးသဖြင့် နိုင်ငံတော်သည် အခလွတ် မသင်မနေရ မူလတန်းပညာသင်ကြားရေးအတွက် ပြဋ္ဌာန်းချက်များကို ပြုရမည်" ဟု ပြဋ္ဌာန်းပြီးလည်း ဖြစ်ပါသည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၂ ပုဒ်မခွဲ(၁) ၌ "နိုင်ငံသားတိုင်း ပညာသင်ကြားပိုင်ခွင့်ရှိသည်။" ပုဒ်မခွဲ(၃) ၌ "နိုင်ငံသားတိုင်းသည် ဥပဒေဖြင့် ပြဋ္ဌာန်းသည့် မသင်မနေရ အခြေခံပညာကို သင်ကြားရမည်။"ဟု ပြဋ္ဌာန်းထားပြီး ဖြစ်ခဲ့သည်။ ကြိုးပမ်းခဲ့ကြပါသည်။ ယခုတိုင်လည်း ကြိုးပမ်းနေဆဲဖြစ်ပါသည်။ ရာခိုင်နှုန်းပြည့်မအောင်မြင်သေးပါ။ ကျောင်းနေရွယ်ကလေးများ ကျောင်းပြင်ပရောက်နေပါသေးသည်။ အဘယ်ကြောင့်နည်း။ မြန်မာနိုင်ငံသားတို့၏ ပျမ်းမျှတစ်ဦးကျဝင်ငွေသည် မြင့်မားသည့် လူနေမှုအဆင့်အတန်းတစ်ခုသို့ မရောက်ရှိနိုင်သေးပါ။ မြန်မာတစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမြင့်မားလာရန် လိုအပ်နေဆဲဖြစ်ပါသည်။ မြန်မာနိုင်ငံသားတို့၏ ထူးခြားသည့် ယဉ်ကျေးမှုစရိုက်လက္ခဏာတစ်ခုမှာ မည်သည့်ပြန်စားရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ပညာကို အလွန်တန်ဖိုးထားခြင်းပင်ဖြစ်သည်။ မည်သည့်မိဘမဆို မိမိ၏သားသမီးများကို ပညာသင်ကြားစေချင်သည်ချည်းဖြစ်ပါသည်။ သို့သော် ဒေသ၏ လမ်းပန်းဆက်သွယ်ရေး၊ လူမှုစီးပွားရေးနှင့် ပျမ်းမျှတစ်ဦးကျဝင်ငွေ နိမ့်ကျနေစဉ် ပညာသင်စရိတ်အခမဲ့ဆိုသော်ငြားလည်း ကလေးအပေါ် မိသားစု၏လိုအပ်ချက်သို့မဟုတ် ပုံမှန်ကျောင်းသို့တက်ရောက်ရန် အခက်အခဲများရှိနေဆဲတွင် ချက်ချင်းမသင်မနေရအလယ်တန်းပညာရေးကိုပြဋ္ဌာန်း၍ အကောင်အထည်ဖော်မည်ဆိုလျှင် မအောင်မြင်နိုင်ပါ။ နိုင်ငံသားတို့၏ ပျမ်းမျှ တစ်ဦးကျဝင်ငွေမြင့်မားပြီး လူနေမှုအဆင့်အတန်းတိုးတက်လာပါက တစ်ဆင့်ပြီးတစ်ဆင့် တိုးချဲ့ဆောင်ရွက်ရေးကသာလျှင် ဖြစ်နိုင်ခြေရှိပြီး ဥပဒေကြောင်းအရ အကောင်အထည်ဖော်နိုင်စွမ်းလည်းရှိပါသည်။ ကျောင်းပြင်ပရောက် ကျောင်းနေရွယ်ကလေးများအတွက်လည်း ကျောင်းပြင်ပမူလတန်းပညာရေး အစီအစဉ်များဖြင့် မြို့နယ်အလိုက် နှစ်စဉ်တိုးချဲ့ဆောင်ရွက်ပေးနေပါသည်။ ကျောင်းပြင်ပ အလယ်တန်းပညာရေးကိုလည်း စတင်ဆောင်ရွက်နေပါသည်။ ဥပဒေတစ်ခုသည် လိုက်နာနိုင်စွမ်းရှိပါမှ အာဏာတည်သကဲ့သို့ မလိုက်နာနိုင်ပါက အရေးယူဆောင်ရွက်ရမှုများ များပြားလာမှုကြောင့် ကုန်ကျစရိတ်ပိုလာပြီး အလုပ်ရှုပ်ကာ မတိုးတက်ဘဲ နှောင့်နှေးကြန့်ကြာတတ်ပါသည်။

မြန်မာနိုင်ငံ၏ ပညာရေးစနစ်မှာမြန်မာနိုင်ငံသားအားလုံး၏ ယဉ်ကျေးမှုစရိုက်လက္ခဏာတန်ဖိုးထားမှုများကို အခွန့်ရှည်အောင် ဆောင်ကြဉ်းပေးနိုင်သည့် ပညာရေးစနစ်တစ်ခုဖြစ်သင့်ပါသည်။ ပုဂ္ဂလိကခံစားချက်နှင့် အတ္တစွဲတို့ကိုဦးတည်၍ ဥပဒေပြုခြင်းထက် ဓမ္မဓိဋ္ဌာန်ကျကျသုံးသပ်၍ ဥပဒေပြုခြင်းက ရေရှည်တည်တံ့ကာ အများကောင်းကျိုး ဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။ ။

## မိုးပွင့်(အထူး) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေး

**နေပြည်တော် မတ် ၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် မတ် ၂ ရက် နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ပကိတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ပကိတ်ကျေးရွာအုပ်စု အတွင်းရှိ ဒေသခံရွာသူရွာသားများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မိုးပွင့်စီမံချက်များဖြင့် အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားကို သတ်မှတ်နှုန်းထားဖြင့် လွယ်ကူလျင်မြန်စွာ ထုတ်ပေးလျက်ရှိပါကြောင်း၊ မိုးပွင့်အဆင့်(၁)မှ အဆင့်(၇)အထိ ဆောင်ရွက်ရာတွင် ပြည်သူ ၄၂ သိန်းကျော်ကို နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးပြီးဖြစ်ပါကြောင်း၊ ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသူ တိုင်းရင်းသားများအတွက် မိုးပွင့်(အထူး)စီမံချက်ဖြင့် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက် အထိ ခြောက်လတာကာလ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိုးပွင့်(အထူး) စီမံချက်သည် နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသူက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများသို့ အကြောင်းကြား စာရင်းပေးသွင်းရန် အဓိကကျပါကြောင်း၊ ကျန်လုပ်ငန်းများအား မိမိတို့ဝန်ထမ်းများက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းပူးပေါင်းကာ ကွင်းဆင်းစိစစ်ဆောင်ရွက်၍ ထုတ်ပေးသွားမည် ဖြစ်ပါကြောင်း၊ ပျက်စီး/ပျောက်ဆုံးသူများအနေဖြင့်လည်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာရုံးများသို့ အကြောင်းကြား စာရင်းပေးသွင်း၍ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သို့သော် နိုင်ငံသားစိစစ်ရေးကတ်ပြားအပို ကိုင်ဆောင်ခြင်းမပြုကြရန်နှင့် ရရှိပြီးကတ်ပြားများကိုလည်း စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းကြရန် အသိပေးပြောကြားလိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပကိတ်ကျေးရွာအတွင်း ကျေးလက်မီးလင်းရေးအဖြစ် လမ်းမီးများနှင့် နေအိမ်များ၌ ဆိုလာမီးများ တပ်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည် ကြည့်ရှုအားပေးကာ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## နိုင်ငံ့တာဝန်ကျေပွန်ဖို့ရေး ကျသင့်အခွန်မှန်မှန်ပေး

## ပြည်တွင်းရေးရာ

✻ စာမျက်နှာ ၃ မှ
ပိုမိုကောင်းလာအောင်၊ ခိုင်မာသည်ထက် ပိုမိုခိုင်မာလာအောင်၊ အရှိန်အဟုန်မပျက် ရှေ့သို့ ဆက်လက်ချီတက်နိုင်အောင် ဒေသခံမိဘပြည်သူများ၏ “အား” သည် အဓိကဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက စွန်ရဲတံတားနှင့် ဆင်ခုံတိုင်တံတားနှစ်စင်းကို တည်ဆောက်ဖွင့်လှစ်နိုင်မှုကြောင့် ပေါက်တောမြို့သို့ ရေလမ်းခရီးအပြင် ကုန်းလမ်းခရီးဖြင့်ပါ ဆက်သွယ်သွားလာနိုင်ပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ပေါက်တောမြို့သာမက မြို့နယ်အတွင်းရှိကျေးရွာ (၅၃)ရွာအပါအဝင် ဒေသအတွင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအားလုံး၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကဏ္ဍများ အဆင့်ဆင့်တိုးတက်လာမည်ဖြစ်ပြီး လူနေမှုစနစ်များပါ မြင့်မားတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မကြာမီတွင် ပေါက်တောနှင့် ပုဏ္ဏားကျွန်းကိုလည်း ကစ္စပနဒီမြစ်ကိုဖြတ်ကျော်၍ တံတားတည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးက လမ်းနှင့်တံတားများ အဆင့်မြှင့်တင်ပေးခြင်း၊ လိုအပ်သောနေရာများတွင် အသစ်ဆက်သွယ်ဖောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် အသေးစိတ် ရှင်းလင်းပြောကြားသည်။

ယင်းနောက် မင်းပြားမြို့နယ် စွန်ရဲကျေးရွာမှ ဦးစံသာကျော်က မိမိတို့ဒေသသည် ပထဝီဝင်အနေအထားအရ မြစ်ချောင်းများပေါများ၍ လမ်းပန်းဆက်သွယ်မှုတွင် ရေလမ်းကြောင်းကိုသာ အဓိကအားကိုးနေရသဖြင့် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲခဲ့ပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်အစိုးရက လမ်းတံတားများအား ကွန်ရက်သဖွယ် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သောကြောင့် မင်းပြားနှင့် ပေါက်တော အလွယ်တကူဆက်သွယ်သွားလာနိုင်ပြီဖြစ်သည့်အပြင် ရန်ကုန်-စစ်တွေ ပြည်ထောင်စုလမ်းမကြီးမှတစ်ဆင့် မြန်မာနိုင်ငံအနှံ့ သွားလာနိုင်ပြီဖြစ်ပါကြောင်း၊ သို့ဖြစ်ရာ ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ထွန်းလာတော့မည်ဖြစ်သောကြောင့် ဒေသခံ ပြည်သူများကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် စွန်ရဲတံတားအား ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးစိုးသိန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကျော်ဇံတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ အဆိုပါတံတားမုခ်ဦးရှေ့၌ စုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးပြီး တံတားကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ တံတားအားဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဆင်ခုံတိုင်တံတားသို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်၊ ဦးကျော်လွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင်တို့က တံတားအား ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ အဆိုပါတံတားမုခ်ဦးရှေ့၌ စုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးပြီး တံတားကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးကာ တံတားအားဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

**ယနေ့ဖွင့်လှစ်လိုက်သည့် စွန်ရဲတံတားသည် ပင်မတံတားအရှည် ၁၂၁၆ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ R.C Grider, Plate Grider R.P.T သံပေါင်နှင့် R.C ကြမ်းခင်းဖြစ်ပြီး ယာဉ်တစ်စီးချင်းခံနိုင်ဝန်မှာ တန် ၆၀၊ ရေလမ်းကင်းလွတ် အကျယ် ၁၃၄ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၁၃ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက် ၃ ပေစီပါဝင်၍ စွန်ရဲဘက်ချဉ်းကပ်လမ်း ပေ ၈၂၀၊ ပေါက်တောဘက်ချဉ်းကပ်လမ်း ပေ ၈၂၀ ဖြစ်ကြောင်းသိရသည်။**

**အလားတူ ဆင်ခုံတိုင်တံတားသည် ပင်မတံတားအရှည် ပေ ၉၀၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ R.C Grider, Plate Grider R.P.T သံပေါင်နှင့် R.C ကြမ်းခင်းဖြစ်ပြီး ယာဉ်တစ်စီးချင်းခံနိုင်ဝန်မှာ တန် ၆၀၊ ရေလမ်းကင်းလွတ် အကျယ် ၁၀၈ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၁၃ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက် ၃ ပေစီပါဝင်၍ မင်းပြားဘက်ချဉ်းကပ်လမ်း ပေ ၆၆၀၊ ပေါက်တောဘက်ချဉ်းကပ်လမ်း ပေ ၆၆၀ ဖြစ်ကြောင်း သိရသည်။**

ယနေ့ဖွင့်လှစ်လိုက်သည့် စွန်ရဲတံတားနှင့် ဆင်ခုံတိုင်တံတားတို့မှ ရခိုင်ပြည်နယ် တစ်ခုလုံးသို့လည်းကောင်း၊ ရန်ကုန်-စစ်တွေလမ်းမှတစ်ဆင့် မြန်မာပြည်တစ်နံတစ်လျားသို့ လည်းကောင်း ရာသီမရွေး အချိန်အခါမရွေး သွားလာနိုင်တော့မည်ဖြစ်သည်။ ထိုသို့လမ်းပန်းဆက်သွယ်မှု လွယ်ကူလျင်မြန်လာသည်နှင့်အမျှ လူမှုရေး၊ စီးပွားရေး၊ ပညာရေး စသည့် ကဏ္ဍများ ကွာဟမှုကျဉ်းမြောင်းလာကာ မကြာမီကာလအတွင်း ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာနိုင်တော့မည်ဖြစ်သည်။

ယင်းနောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ စစ်တွေမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

## ၂၀၁၅ ခုနှစ် နှစ်(၇၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

☆ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ရေး။

☆ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်းပြည်ပ အန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေး။

## ကာကွယ်ရေးဝန်ကြီးဌာန စစ်ထောက်ချုပ်ရုံးပိုင်မြေနေရာများတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်း၍ ညှိနှိုင်းစည်းဝေး

**ရန်ကုန် မတ် ၇**

ကာကွယ်ရေးဝန်ကြီးဌာန စစ်ထောက်ချုပ်ရုံးပိုင်မြေနေရာများတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစီမံကိန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ခွင့်ပြုနေရာ၌ လုပ်ငန်းစီမံကိန်းများ ဆက်လက်အကောင် အထည်ဖော်နေခြင်းနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုမရှိစေရေး၊ စီမံကိန်းလုပ်ငန်းများ ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

●မကွေးအသင်းမှ
နှစ်ပွဲဆက်နိုင်ပွဲရယူနိုင်ခဲ့သည်။ မကွေးအသင်းမှာ ပွဲချိန်ပြည့်ခြေအသာဖြင့် ဖိကစားနိုင်ခဲ့ပြီး နောက်ခံလူ ဒီဂျမ်၊ အသင်းခေါင်းဆောင် စိုးမင်းနိုင်တို့၏ သွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မနောမြေအသင်းမှာ ခြောက်ပွဲမြောက်ရှုံးပွဲကြုံတွေ့ပြီး တန်းဆင်းဇုန်ထဲမှ ရုန်းထွက်နိုင်ခြင်း မရှိသေးပေ။

တတိယနေရာတွင် ရပ်တည်နေသည့် မကွေးအသင်းမှာ နိုင်ငံခြားသားကစားသမားသုံးဦး အပါအဝင် အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ မနောမြေအသင်းမှာ ပုံစံကောင်းရရန် ရုန်းကန်နေရဆဲဖြစ်ပြီး မကွေးအသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရသည်။ ၂၆ မိနစ်တွင် မကွေးအသင်း ဂိုးစရခဲ့ပြီး ထောင့်ကန်ဘောမှတစ်ဆင့် နောက်ခံလူ ဒီဂျမ်က ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင်လည်း မကွေးအသင်းကသာ ပွဲကို စိုးမိုးသွားခဲ့ပြီး မနောမြေကို ဆက်လက် ဖိအားပေးနိုင်ခဲ့သည်။ မနောမြေအသင်းမှာ ကမ်ဘူးကို ထည့်၍ တိုက်စစ်အားမြှင့်ခဲ့သော်လည်း ချေပဂိုးရရှိအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ မကွေးအသင်းအတွက် ဒုတိယအနိုင်ဂိုးကို ၅၉ မိနစ်တွင် စိုးမင်းနိုင်က သွင်းယူပေးခဲ့သည်။

မကွေးအသင်းမှာ ယခုပွဲအနိုင်ရရှိခဲ့သောကြောင့် ရမှတ် ၁၈ မှတ်ဖြင့် တတိယနေရာတွင် ဆက်လက်ရပ်တည်လျက်ရှိသည်။

**(ကျောက်တိုင်ကွင်း)**
**ရောဝတီ-နှစ်ဂိုး**
(ရစ္စတီနှင့် ဖွန်ဆီကာ)
ကမ္ဘောဇ-ဂိုးမရှိ

**ယနေ့ပွဲ**
**(YUSC ကွင်း)**
ရန်ကုန်-ဇေယျာရွှေမြေ
**(ပေါင်းလောင်းကွင်း)**
နေပြည်တော်-ချင်းယူနိုက်တက်
**(အောင်ဆန်းကွင်း)**
ဟံသာဝတီ-ရခိုင်



# ရှေ့တန်းရောက်တပ်မတော်သားများကို ဂုဏ်ပြုတင်ဆက်သည့် အနုပညာပဒေသာကပွဲ ဒုတိယနေ့ ဆက်လက်ဖျော်ဖြေ

**ရန်ကုန် မတ် ၇**

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အနုပညာရှင်များနှင့် အလက်ာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့တို့ ပူးပေါင်း၍ ရှေ့တန်းရောက်တပ်မတော်သားများကို ဂုဏ်ပြုတင်ဆက်သည့် အနုပညာပဒေသာကပွဲကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဒုတိယနေ့အဖြစ် ဆက်လက်ဖျော်ဖြေတင်ဆက်သည်။

ပဒေသာကပွဲတွင် အနုပညာဦးစီးဌာန အနုပညာရှင်များနှင့် အလက်ာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့တို့ ပူးပေါင်း၍ ယိမ်းအကများ၊ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ပဒေသာကပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အများပြည်သူပရိသတ်များ ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**

ထို့နောက် ပဒေသာကပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသူများနှင့် အနယ်နယ်အရပ်ရပ်မှ အများပြည်သူများက ရှေ့တန်းရောက်တပ်မတော်သားများအတွက် အလှူငွေများ လှူဒါန်းခဲ့ကြသည်။

**(ရီရီမြင့်)**





# လက်ပံတန်းမြို့မဈေးရှေ့ ဆူပူဆန္ဒပြခဲ့သည့်အဖွဲ့အား ပြန်လည်လွှဲပြောင်းပေးအပ်

**လက်ပံတန်း မတ် ၇**

ခွင့်ပြုချက်ရယူခြင်းမရှိဘဲ လက်ပံတန်းမြို့မဈေးရှေ့တွင် ယမန်နေ့ကဆူပူဆန္ဒပြခဲ့သည့် လက်ပံတန်းမြို့၌ ရောက်ရှိနေသော ပင်မသပိတ်မှောက်အဖွဲ့မှ ကျောင်းသားလေးဦးနှင့် ကျောင်းသူတစ်ဦး စုစုပေါင်း ငါးဦးကို ယနေ့တွင် ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ငါးဦးအား ယမန်နေ့ညပိုင်းက သာယာဝတီရဲစခန်းမှ လက်ပံတန်းရဲစခန်းသို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့ပြီး ယနေ့မွန်းလွဲ ၁ နာရီခွဲခန့်က လက်ပံတန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင်သော တာဝန်ရှိသူများက ပင်မသပိတ်မှောက်အဖွဲ့မှ ကိုယ်စားလှယ်များထံ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။

လက်ပံတန်းမြို့ အောင်မြေဗိမာန်ဘုန်းကြီးကျောင်းအနီးရှိ ဓာတ်အားပေးစက်ရုံလမ်းဆုံတွင် သံဃာသုံးပါး၊ အမျိုးသား ၄၅ ဦး၊ အမျိုးသမီး ၁၅ ဦး ပေါင်း ၆၃ ဦးမှာ ထိုင်သပိတ်ဆက်လက်ပြုလုပ်လျက်ရှိပြီး သံဃာခြောက်ပါး၊ အမျိုးသား ၂၂ ဦး၊ အမျိုးသမီး ၁၉ ဦး ပေါင်း ၄၇ ဦးမှာ အောင်မြေဗိမာန်ဘုန်းကြီးကျောင်းတွင် နေထိုင်လျက်ရှိကြောင်း သိရသည်။ **(၀၀၉)**

**❑ ကျောဖုံးမှ**

ညနေပိုင်းတွင် မာလီရှူးဝါးကျေးရွာအနီး၌ ကိုးကန့်သောင်းကျန်းသူအဖွဲ့များက နှောင့်ယှက်ပစ်ခတ်ခဲ့ရာ တပ်မတော် စစ်ကြောင်းများက လက်နက်ကြီးပစ်ကူယူ၍ ပြန်လည်တိုက်ခိုက်ခဲ့သဖြင့် သောင်းကျန်းသူအဖွဲ့များ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။

ထို့အပြင် လောက်ကိုင်-ချင်းရွှေဟော်ကားလမ်းအား လုံခြုံစိတ်ချစွာ သွားလာနိုင်ရန်အတွက် ယနေ့မွန်းလွဲပိုင်းမှ စတင်၍ ကိုးကန့်သောင်းကျန်းသူအဖွဲ့များ ခြေကုပ်ယူထားသည့် လုံထန်ကျေးရွာအနီး ကားလမ်းအရှေ့ဘက်ခြမ်းရှိ ပွိုင့်-၁၇၅၃ တောင်ကုန်းအပါအဝင် စစ်ဗျူဟာအရအရေးကြီးသောတောင်ကုန်းများအား တပ်မတော်စစ်ကြောင်းများမှတိုက်ခိုက်ရေးရဟတ်ယာဉ်၊ လေယာဉ်များဖြင့် လေကြောင်းပစ်ကူခြောက်ကြိမ်ရယူ၍ ဝိုင်းပတ်ပိတ်ဆို့တိုက်ခိုက်လျက်ရှိပြီး တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားလျက်ရှိသည်။

အထက်ပါ ဆုတ်ခွာသွားသောသောင်းကျန်းသူများနောက်သို့ တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းခဲ့ရာ ကိုးကန့်သောင်းကျန်းသူများထံမှ အမ်(၁၆)တစ်လက်၊ အမ်(၂၂)တစ်လက်၊ ကျည်အိမ်နှစ်ခု၊ ကျည် ၉၂တောင့်၊ TNT ယမ်းပျော့နှစ်တောင့်၊ MNDAA လက်မောင်းတံဆိပ်ပါ အကျီ ၁၁ ထည်၊ စစ်စိမ်းရောင်ဘောင်းဘီရှည်ခြောက်ထည်၊ ကျောပိုးအိတ် ငါးလုံးနှင့် ပြောက်ကျားအိပ်ရာလိပ် ၁၃ ခုတို့အား သိမ်းဆည်းရမိ၍ တပ်မတော်မှ အရာရှိ၊ စစ်သည်လေးဦး အသက်ပေးလှူခဲ့ကာ ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရအရာရှိ၊ စစ်သည်များအား တပ်မတော်ဆေးရုံများသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိသည်။

ဆက်လက်၍ ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော် စစ်ကြောင်းများက သတင်းဖော်ထုတ်ရရှိသော ကိုးကန့်သောင်းကျန်းသူအဖွဲ့များနှင့် ဆက်စပ်မှုရှိသည့် မသင်္ကာဖွယ်နေရာများအား ဝင်ရောက်ရှင်းလင်းရာ အမ်(၂၂)သုံးလက်၊ ပစ္စတိုနှစ်လက်၊ ကျည်အိမ်နှစ်ခု၊ ကျည်မျိုးစုံ အတောင့် ၂၀၂၀၊ အာရ်ပီဂျီပို့ကျည် ခြောက်တောင့်၊ ဖုန်း Jammer ၂၁ ခု၊ ကျည်ကာအကျီ ၂၀၊ ကျည်ကာပြား ၆၀၊ လက်ပစ်ဗုံးထည့်အိတ် ၃၅ စုံ၊ ဆန်စလွယ်အိတ် ၁၀၇ ခု၊ ကိုးကန့်အလံ သုံးထည်၊ MNDAA လက်မောင်းတံဆိပ်ပါ ပြောက်ကျားအကျီ တစ်ထည်၊ ကိုးကန့်ရဲယူနီဖောင်း ၁၅ စုံ၊ ကိုးကန့်ဦးထုပ်ငါးလုံး၊ MNDAA ဦးထုပ်တံဆိပ်လေးခု၊ လက်မောင်းတံဆိပ် ၁၂၀၊ ရင်ဘတ်တံဆိပ် ၁၃၀၊ အဆင့်တံဆိပ် ၁၆ခု၊ တောစီးဖိနပ်အရန် ၈၀ တို့အပြင် ကာလတန်ဖိုးကျပ် ၄၁၄ သိန်းခန့်ရှိ OK တံဆိပ်ပါ WY စိတ်ကြွရူးသွပ်ဆေးပြား ၂၇၆၀၀၀ နှင့် ကာလတန်ဖိုး ငွေကျပ်သိန်း ၂၄၈၄၀၀ ခန့်ရှိ အိုက်စ် တစ်ကီလိုဂရမ်ပါ ၁၂၄၂ ထုပ် သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**






**✳ ငွေဆောင်မှ**

လေကောင်းလေသန့်များရရှိခြင်း၊ ရာသီဥတုသင့်တော်မျှတမှုရှိရာ လာရောက်အပန်းဖြေသူခရီးသွားများအတွက် သင့်တော်သည့် နေရာတစ်ခုလည်းဖြစ်သည်။ ငွေဆောင်ကမ်းခြေသည် ကမ္ဘာလှည့်ခရီးသည်များ အများအပြားဝင်ရောက်သည့် ဝင်ပေါက်တစ်ခုဖြစ်သည့် ရန်ကုန်မြို့နှင့်အနီးဆုံးဖြစ်ပြီး ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်မှုမှာလည်း တစ်နှစ်ထက်တစ်နှစ် နှစ်စဉ် တိုးတက်များပြားလျက်ရှိသည်။ ငွေဆောင်ကမ်းခြေဒေသသည် ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းများ၊ စားသောက်ဆိုင်လုပ်ငန်းများ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်လုပ်ငန်းများ၊ ငါး၊ ပုစွန်ရောင်းဝယ်ရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများ အများအပြားဖြစ်ထွန်းရာ ဒေသတစ်ခုလည်းဖြစ်သည်။

အရှေ့ဘက်တွင် ပုသိမ်-ငွေဆောင်ကမ်းပေါ်ရှိ ၁၈ မိုင်စခန်းတွင် ဆင်စခန်းတစ်ခုတည်ရှိရာ စိတ်ဝင်စားသူ ပြည်တွင်းပြည်ပခရီးသွား ဧည့်သည်များအနေဖြင့် သစ်ဆွဲဆင်များ၊ သဘာဝနှင့်တောတောင်ပသာဒအလှကို သွားရောက်လေ့လာနိုင်သကဲ့သို့ ငွေဆောင်၏အနောက်ဘက် ပင်လယ်ပြင်အတွင်း တည်ရှိသော ငှက်ကျွန်းစုများသို့လည်း မော်တော်ကားဖြင့် သွားရောက်လေ့လာနိုင်ပြီး ဇီဝဗိုးငှက်များ နေထိုင်ကျက်စားမှုကို လေ့လာခြင်း၊ ကျောက်ဆောင်များအတွင်း ပင်လယ်ငါးမျှားခြင်း၊ ရေငုပ်ခြင်းများဆောင်ရွက်နိုင်သည်။ ငွေဆောင်ကမ်းခြေတောင်ဘက် ဘူးကွဲချောင်းအနီးတည်ရှိသော ချစ်သူများကျွန်းသို့သွားရောက်၍ ရေကူးခြင်း၊ အပန်းဖြေခြင်းများ ဆောင်ရွက်နိုင်ပြီး ငွေဆောင်ကမ်းခြေမြောက်ဘက် သဇင်ကျေးရွာ၊ မြွေကျွန်းသို့သွားရောက်၍လည်း ပုစွန်၊ ကဏန်းမွေးမြူရေးကန်များအား လေ့လာနိုင်သည်။

ငွေဆောင်ဒေသသို့လာရောက်၍ အပန်းဖြေအနားယူခြင်း၊ ရေကူးခြင်း၊ ဈေးဝယ်ခြင်း၊ အနီးပတ်ဝန်းကျင်ကျွန်းများ ကမ်းခြေများသို့ လည်ပတ်ခြင်း၊ ကျေးရွာများ၏ လူမှုဘဝနှင့် သဘာဝကမ်းခြေအလှအပများ၊ အုန်းခြံများ၊ ငါးဖမ်းခြင်းလုပ်ငန်းနှင့် ရေလုပ်ငန်းဖွံ့ဖြိုးမှုတို့အားလေ့လာခြင်းအတွက် နှစ်ညအိပ်သုံးရက်ခရီးဖြင့် လုံလောက်နိုင်ပါသည်။ ငွေဆောင်ဒေသသို့ ၂၀၁၄ ခုနှစ်တွင် အများဆုံးလာရောက်သည့် နိုင်ငံသားများမှာ တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ အမေရိကန်၊ ဗြိတိန်လူမျိုးများဖြစ်ပြီး ကမ်းခြေဒေသတွင်း ခရီးသွားဆွဲဆောင်ရာနေရာများနှင့် ဆက်စပ်သွားရောက်လည်ပတ်လေ့ရှိသော နေရာများရှိခြင်းကြောင့် ငွေဆောင်ဇုန်အတွင်း နိုင်ငံခြားသားများ ဝင်ရောက်မှု နှစ်စဉ်တိုးတက်များပြားလျက်ရှိပြီး နိုင်ငံခြားသားဧည့်သည်များ နှစ်သက်လျက်ရှိသော ကမ်းခြေတစ်ခုအဖြစ် ထင်ရှားလျက်ရှိသည်။

ထိုနည်းတူစွာ ချောင်းသာကမ်းခြေဒေသသည်လည်း ဧရာဝတီတိုင်းဒေသကြီး၏ ထင်ရှားသော ပင်လယ်ကမ်းခြေ အပန်းဖြေဒေသတစ်ခုဖြစ်ပြီး ပြည်တွင်း၊ ပြည်ပဧည့်သည်များ အများအပြားလာရောက်ရာဒေသတစ်ခုလည်းဖြစ်သည်။ ပထဝီဝင်အနေအထားအရ ချောင်းသာကမ်းခြေဒေသသည် ရန်ကုန်မြို့မှ ၁၄၈ မိုင်ကွာဝေးပြီး ပုသိမ်မြို့၏ အနောက်ဘက် ၃၅ မိုင်အကွာတွင် တည်ရှိသည်။ ကမ်းခြေအရှည်သည် နှစ်မိုင်ခန့်ရှည်လျားပြီး ပင်လယ်ရေမျက်နှာပြင်ကြည်လင်သန့်ရှင်းမှုရှိခြင်း၊ သဲသောင်ပြင်ညီညာပြန့်ပြူးမှုရှိခြင်း၊ သဲသောင်ပြင်၏အနားသတ်တွင် သဘာဝအလျောက်ရှိသည့် အုန်းတောများ ပေါက်ရောက်နေခြင်းနှင့် လတ်ဆတ်သည့် သဘာဝပင်လယ်လေကောင်းလေသန့်များရရှိနိုင်ပြီး ရာသီဥတုသင့်တော်မျှတမှုရှိခြင်းကြောင့် လာရောက်အပန်းဖြေသူခရီးသွားများအတွက် သင့်တော်သည့် နေရာတစ်ခုလည်းဖြစ်သည်။

၎င်းအပြင် ကမ္ဘာလှည့်ခရီးသည်များ အများအပြားဝင်ရောက်ရာ ဝင်ပေါက်တစ်ခုဖြစ်သည့် ရန်ကုန်မြို့တော်နှင့် အနီးဆုံးတည်ရှိသည့် ချောင်းသာကမ်းခြေဒေသသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုမှာ နှစ်စဉ်တိုးတက်လျက်ရှိသည်။ ချောင်းသာကမ်းခြေဒေသသည် ဟိုတယ်များ၊ တည်းခိုရိပ်သာလုပ်ငန်းများ၊ စားသောက်ဆိုင်လုပ်ငန်းများ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်လုပ်ငန်းများနှင့် ငါး၊ ပုစွန်ရောင်းဝယ်ရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများ အများအပြားဖြစ်ထွန်းရာ ဒေသတစ်ခုလည်းဖြစ်သည်။

ထို့အပြင် မြတ်မော်တင်စွန်းဒေသနှင့် ခမောက်မော်၊ စံပြ၊ အဏ္ဏဝါ၊ ကံချိုင်၊ ဇီးချိုင်ကျေးရွာများ၏ ဒေသထွက်ကုန်နှင့် ပြည်သူ့ဘဝကို လေ့လာနိုင်သလို မြတ်မော်တင်စွန်းနှင့် ရေမိုင်ကိုးမိုင်ခန့်ကွာဝေးသည့် သာယာလှပသော သမီးလှကျွန်း(ခ)လိပ်ကျွန်းကို လေ့လာနိုင်ခြင်း၊ သဘာဝအလှမပျက်စီးသေးသော ကမ်းခြေသာယာလှပပုံများကို ခံစားနိုင်ခြင်းကြောင့် ပြည်တွင်းပြည်ပခရီးသွားများမှ စိတ်ဝင်တစား သွားရောက်လေ့လာကြသော ဒေသတစ်ခုဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ **(ကြေးမုံ)**

# တည်ငြိမ်အေးချမ်းမှုလိုလားသူများ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်

**ပြင်ဦးလွင် မတ် ၇**

ဒီမိုကရေစီရှင်သန်ရေးအတွက် တည်ငြိမ်အေးချမ်းမှုကို လိုလားသူများက ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ပွဲကို မတ် ၇ ရက် နံနက် ၉ နာရီ ၁၅ မိနစ်က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆန္ဒဖော်ထုတ်ရာတွင် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၈ အုပ်စုတို့မှ ပြည်သူများသည် ဒီမိုကရေစီရှင်သန်ရေးနှင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့်ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ပြင်ဦးလွင် ရပ်ကွက်ကြီး(၁)ရုံးရှေ့၌ စုရပ်အင်အား ၅၀၀ ကျော်ဖြင့်လည်းကောင်း၊ မန္တလေး-လားရှိုးလမ်းစံပြထမင်းဆိုင်ရှေ့၌ စုရပ်အင်အား ၅၅၀ ကျော်ဖြင့် လည်းကောင်း ရွှေမြင်တင်ဘုရားကွင်းသို့ ချီတက်ကြသည်။ ရွှေမြင်တင်ဘုရားကွင်းတွင်



ငြိမ်းချမ်းစွာ ချီတက်လမ်းလျှောက်ရခြင်းနှင့်ပတ်သက်၍ ဆန္ဒဖော်ထုတ်သူတစ်ဦးက ဒီမိုကရေစီရှင်သန်ရေးအတွက် နိုင်ငံတော်ငြိမ်အေးချမ်းမှုသည် အဓိကလိုအပ်ချက်ဖြစ်သည်ဟု ရှင်းလင်းပြောကြားပြီး ဆန္ဒဖော်ထုတ်လမ်းလျှောက်ပွဲကို ကြွေးကြော်သံများဖြင့် ရုပ်သိမ်းခဲ့သည်။

ဒီမိုကရေစီ လိုလားသူများ၏ ငြိမ်းချမ်းစွာ စီတန်းလမ်းလျှောက်ပွဲတွင် စုစုပေါင်းအင်အား ၁၀၅၀ ကျော်ပါဝင်ခဲ့ကြပြီး သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးထံ တရားဝင်ခွင့်ပြုချက်တောင်းခံ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(၅၈၁)**

" အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ "

" International Women's Day "

" လူသားအားလုံး တိုးတက်ဖို့ အမျိုးသမီးများစွမ်းရည်မြင့်တင်လို့ ပုံဖော်ကြပါစို့ "

" Empowering Women, Empowering Humanity: Picture it "

နေပြည်တော် ၈.၃.၂၀၁၅

## သာယာမည်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

## မော်တော်ယာဉ်အို ယာဉ်ဟောင်းအပ်နှံ၍ အစားထိုးယာဉ် ဝယ်ယူတင်သွင်းသူများအား ထပ်မံအသိပေး

**နေပြည်တော် မတ် ၇**

ပြည်သူများ မော်တော်ယာဉ်အသုံးပြုရာတွင် အဆင်ပြေစေရန် ၁၉-၉-၂၀၁၁ ရက်မှစ၍ ယာဉ်အိုယာဉ်ဟောင်း အပ်နှံလျှင် အစားထိုးယာဉ်ဝယ်ယူတင်သွင်းခြင်းအား ဆောင်ရွက်ပေးလျက်ရှိသည်။

ယာဉ်အိုယာဉ်ဟောင်းများအဖြစ် အပ်နှံဆောင်ရွက်ရာတွင် မော်တော်ယာဉ်မှတ်ပုံတင်သက်တမ်းထုတ်လုပ်သည့် ခုနှစ်များ သတ်မှတ်ကာလကျော်လွန်သည့် ယာဉ်များသာ အပ်နှံလက်ခံဆောင်ရွက်ပေးသည်။

အစားထိုးတင်သွင်းယာဉ်များ မှတ်ပုံတင်ရာတွင် ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခအား ရာခိုင်နှုန်းများသတ်မှတ်၍ လျှော့ပေါ့ဆောင်ရွက်ပေးသည်။

"စ"အက္ခရာမှ "ပ" အက္ခရာအထိ အပ်နှံယာဉ်များအား ၄၀ ရာခိုင်နှုန်း၊ "ဗ" အက္ခရာမှ "၂က"အက္ခရာအထိယာဉ်များ၊ လေလံယာဉ်များအား ၆၀ ရာခိုင်နှုန်း၊ ရာသက်ပန် Taxi ယာဉ်များအဖြစ်တင်သွင်းလျှင် ၈၀ ရာခိုင်နှုန်း၊ ထုတ်လုပ်သည့်ခုနှစ်ပုံစံ အနှစ် ၂၀ ကျော် မည်သည့်အက္ခရာမဆိုယာဉ်များ၊ စက်မှုဇုန်များမှ ထုတ်လုပ်ယာဉ်များ၊ သုံးဘီးယာဉ်(သုံးဘီးဆိုင်ကယ်မပါ)များ ၂၀ ရာခိုင်နှုန်း၊ သုံးဘီးယာဉ်အပ်နှံပြီး သုံးဘီးယာဉ်တင်သွင်းလျှင် ၄၀ ရာခိုင်နှုန်း၊ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှု၊ မီးလောင်မှု၊ သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးယာဉ်များ အန္တရာယ်ကင်းရှင်းစွာမောင်းနှင်နိုင်ခြင်းမရှိတော့သဖြင့် အပ်နှံလျှင် ၁၀ ရာခိုင်နှုန်းစသည်ဖြင့် အစားထိုးဝယ်ယူတင်သွင်းသည့်ယာဉ်၏ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခအား လျှော့ချပေးသည်။

ယာဉ်ဟောင်းအပ်နှံမည့်ယာဉ်များလည်း အထိုက်အလျောက်လျော့နည်းသွားပြီဖြစ်ရာ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခအား ရာခိုင်နှုန်းအလိုက် လျှော့ပေါ့ပေးခြင်းအား ၃၁-၁၂-၂၀၁၄ ရက်အထိ ဆောင်ရွက်သည့်ယာဉ်များကိုသာ လျှော့ပေါ့ပေးမည်ဖြစ်ပြီး အဆိုပါရက်အထိ အပ်နှံသည့်ယာဉ်ပိုင်ရှင်များ အစားထိုးယာဉ် ဝယ်ယူတင်သွင်းရာတွင် နစ်နာမှုမရှိစေရန် ရာခိုင်နှုန်းလျှော့ပေါ့ခြင်းအား ၃၁-၃-၂၀၁၅ ရက်အထိ စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ၁-၁-၂၀၁၅ ရက်မှစ၍ အပ်နှံယာဉ်များအား ရာခိုင်နှုန်းလျှော့ပေါ့ပေးခြင်း မပြုတော့ကြောင်းများအား ၂၁-၁၁-၂၀၁၄ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင်လည်း အသိပေးကြေညာထားပြီးဖြစ်သည်။

သို့ပါ၍ ၃၁-၁၂-၂၀၁၄ ရက်အထိ အပ်နှံခဲ့သည့် ယာဉ်များသာ ရာခိုင်နှုန်း လျှော့ပေါ့ပေးခြင်းတွင် အကျုံးဝင်မည် ဖြစ်ပါသဖြင့် အစားထိုးဝယ်ယူတင်သွင်းသူများသည် ၃၁-၃-၂၀၁၅ ရက် မတိုင်မီ ယာဉ်မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်မှသာ သတ်မှတ်ရာခိုင်နှုန်းလျှော့ပေါ့ခြင်းအား ရရှိမည်ဖြစ်သည်။

ယာဉ်ဟောင်းအပ်နှံ၍ ဝယ်ယူတင်သွင်းခြင်းများအားလည်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။ သို့သော်လည်း ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ရာခိုင်နှုန်းလျှော့ပေါ့ခြင်းအား ခွင့်ပြုပေးခြင်းမရှိတော့ပါ။

သို့ပါ၍ ၃၁-၁၂-၂၀၁၄ ရက်အထိ အပ်နှံယာဉ်များ အစားထိုးဝယ်ယူတင်သွင်းခြင်းတွင် ရာခိုင်နှုန်းလျှော့ချပေးခြင်းအား ၂၀၁၅ ခုနှစ် မတ်လကုန်အထိသာ အကျုံးဝင်ပါသဖြင့် ၃၁-၃-၂၀၁၅ ရက်မတိုင်မီ ကနဦးယာဉ်မှတ်ပုံတင်ခြင်းအား အမြန်ဆုံးဆောင်ရွက်သွားပါရန် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထပ်မံအသိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အာဆီယံဒေသအား တစ်ခုတည်းသောစျေးကွက်နှင့် ကုန်ထုတ်လုပ်မှုအခြေခံဒေသကြီးဖြစ်လာစေရန် အာဆီယံပြတင်းတစ်ပေါက်စနစ် ကြိုးစားအကောင်အထည်ဖော်မှုတွင် မြန်မာနိုင်ငံပါဝင်ဆောင်ရွက်

**ရန်ကုန် မတ် ၇**

အာဆီယံဒေသအား တစ်ခုတည်းသော စျေးကွက်နှင့် ကုန်ထုတ်လုပ်မှုအခြေခံဒေသကြီးတစ်ခု ဖြစ်လာစေရန်အတွက် တီထွင်ကြိုးစားလျက်ရှိသော အာဆီယံပြတင်းတစ်ပေါက်စနစ်ဖြစ်လာစေရန် ကြိုးစားအကောင်အထည်ဖော်မှုတွင် မြန်မာနိုင်ငံမှလည်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။



၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ထူထောင်မည်ဖြစ်ရာ အာဆီယံနိုင်ငံများအလိုက် နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ်များ (NSWs) နှင့် အာဆီယံ ပြတင်းတစ်ပေါက်စနစ်ကို အကောင်အထည်ဖော်ခြင်းနှင့် ထူထောင်ခြင်းမှာ အဓိကအရေးကြီးသော လုပ်ငန်းစဉ်များ ဖြစ်လာသည့်အတွက် ယင်းတို့ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ၁၄ ကြိမ်မြောက် အာဆီယံပြတင်းတစ်ပေါက်စနစ် ဦးဆောင်ကော်မတီ အစည်းအဝေးကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် မတ် ၄ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးတွင် အာဆီယံပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေး ဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံအနေဖြင့် ဦးစွာနိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်နိုင်ရန်နှင့် အာဆီယံပြတင်းတစ်ပေါက်စနစ်တွင် ပါဝင်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်ဟု သိရသည်။

အာဆီယံပြတင်းတစ်ပေါက်စနစ်သည် အာဆီယံဒေသအား တစ်ခုတည်းသော စျေးကွက်နှင့် ကုန်ထုတ်လုပ်မှုအခြေခံဒေသကြီးတစ်ခုဖြစ်လာစေရန် တီထွင်ထားသော ကြိုးစားအားထုတ်မှုတစ်ခုဖြစ်သည်။ ပြတင်းတစ်ပေါက်စနစ်ဆိုသည်မှာ အာဆီယံဒေသတွင်း ကုန်ပစ္စည်းစီးဆင်းမှုမြင့်တက်လာစေရန် အကောက်ခွန်နှင့် အခြားဆက်စပ်နေသော စာရွက်စာတမ်း၊ အချက်အလက်များ ဆောင်ရွက်မှုလုပ်ငန်းစဉ်တို့အား ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်မှု လျင်မြန်လွယ်ကူချောမွေ့စေရေးကို မြှင့်တင်နိုင်သည့် စနစ်တစ်ခုဖြစ်သည်ဟု သိရသည်။

"နိုင်ငံတကာ ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းဟာ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနဲ့ ကုန်သွယ်မှုလျှော့ပေါ့ပေးရေး အကြောင်းအရအရေးပါလှတဲ့ မဟာဗျူဟာတစ်ခုဖြစ်လာပါတယ်။ နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးလုပ်ငန်းမှာ ပါဝင်တဲ့နိုင်ငံတွေအားလုံး လုပ်ငန်းအောင်မြင်စေရန်နဲ့ အစိုးရနဲ့ ကုန်သွယ်လုပ်ငန်းများအကြား လုပ်ငန်းဆောင်ရွက်မှုမှာ ရိုးရှင်းလွယ်ကူတဲ့ လုပ်ငန်းစဉ်တွေနဲ့ အလုပ်တွင်ကျယ်စေရန်စတဲ့ ရည်ရွယ်ချက်တွေနဲ့ ပြတင်းတစ်ပေါက်စနစ်ကို ထူထောင်ခဲ့တာဖြစ်ပါတယ်။ အကောက်ခွန်နှုန်းမဟုတ်သော ကုန်သွယ်မှုအတားအဆီးများကို လျှော့ချရန်နဲ့ ကုန်သွယ်မှုအသိုက်အဝန်းရဲ့ အဖွဲ့ဝင်နိုင်ငံများအားလုံးတစ်ပြိုင်နက်တည်း အကျိုးအမြတ်ရရှိစေဖို့မှာ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ အယူအဆရဲ့လက်တွေ့ကျင့်သုံးမှုတစ်ခု ဖြစ်ပါတယ်။ ယခုအစည်းအဝေးပွဲမှာ အာဆီယံနိုင်ငံအချင်းချင်း ညှိနှိုင်းဆောင်ရွက်ခြင်းနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အာဆီယံပြတင်းတစ်ပေါက်စနစ်ပေါင်းစည်းမှု ဖြစ်ပေါ်လာရေး၊ တိုးတက်ပြောင်းလဲလာရေးအတွက် အကျိုးရှိသော ရလဒ်ကောင်းများရရှိနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းသိန်းက (၁၄) ကြိမ်မြောက် အာဆီယံပြတင်းတစ်ပေါက်စနစ် ဦးဆောင်ကော်မတီ အစည်းအဝေးတွင် အဖွင့်မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားသွားသည်။

လက်ရှိ မြန်မာ့အကောက်ခွန်အနေဖြင့် ပြီးပြည့်စုံသည့် ပြုပြင်ပြောင်းလဲခြင်းနှင့် ခေတ်မီစေရေး ဆောင်ရွက်လျက်ရှိရာတွင် ဂျပန်နိုင်ငံ အကောက်ခွန်မှ ကုန်ပစ္စည်းအလိုအလျောက်ရှင်းလင်းရေးစနစ်အသစ်ကို အသုံးပြုကြည့်ရန် အဆိုပြုခဲ့ပြီး ဂျပန်နိုင်ငံအစိုးရ၏ နည်းပညာအကူအညီ၊ ငွေကြေးအကူအညီတို့ဖြင့် Myanmar Automated Cargo Clearance System- MACCS နှင့် Myanmar Customs Intelligence System- MCIS စနစ်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။ ယင်းတို့ကို ယခုနှစ်မတ်လတွင် Detailed Design အပြီးသတ်ရေးဆွဲရန်နှင့် ၂၀၁၅ ခုနှစ် ပထမလေးလပတ်အတွင်း စမ်းသပ်ဆောင်ရွက်ရန်၊ ၂၀၁၆ ခုနှစ် ပထမလေးလပတ်အတွင်း စတင်အသုံးပြုနိုင်ရန် စီစဉ်ထားသည်ဟု သိရသည်။ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး ဆောင်ရွက်ရာတွင် ထိရောက်စေရန် MACCS စနစ်အား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လိုင်စင်ထုတ်ပေးသည့် စနစ်နှင့် Port EDI စနစ်တို့နှင့် ချိတ်ဆက်ဆောင်ရွက်မည်ဟု သိရပြီး C/O ထုတ်ပေးသည့် အဖွဲ့အစည်း၊ အစားအသောက်နှင့် ဆေးဝါးအဖွဲ့အစည်း၊ တိရစ္ဆာန် သားငါးနှင့် အပင်ပိုးမွှားကာကွယ်ရေးအဖွဲ့အစည်းများ ပါဝင်သော အခြားအစိုးရအဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်သွားမည်ဟု သတင်းရရှိသည်။ **(၀၀၁)**

ပြည်တွင်းရေးရာ

# ကျိုက်မော်ဝန်းရေလယ်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်နှင့် ရှင်ဥပဂုတ္တရဟန္တာအရှင်မြတ်ကြီးအား ဆွမ်းသပိတ်မျှောပွဲကျင်းပ



**ရန်ကုန် မတ် ၇**

ရွှေဟောင်းသမိုင်းဝင် ကျိုက်မော်ဝန်းရေလယ်စေတီတော်မြတ်ကြီး၏ (၁၀၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲနှင့် ရှင်ဥပဂုတ္တအရှင်မြတ်ကြီးအား ရည်မှန်း၍ (၄၁)နှစ်မြောက် ဆွမ်းသပိတ်မျှောပူဇော်ပွဲကို မတ် ၄ ရက် (တပေါင်းလပြည့်နေ့) နံနက် ၃ နာရီတွင် ဘုရားအမျှုးပြု၍ ရှင်ဥပဂုတ္တရဟန္တာအရှင်မြတ်ကြီးအား ဆွမ်းသပိတ်မျှောပူဇော်ကြသည်။ ဆက်လက်၍ နံနက် ၇ နာရီတွင် လှူဒါန်းမှုအစုစုအောင်မြင်ခြင်း အထိမ်းအမှတ်ကို အဆိုပါ ကျိုက်မော်ဝန်းရေလယ်စေတီတော်မြတ်ကြီး၏ ဘုရားတန်ဆောင်း၌ ကျင်းပရာ ရွှေဦးစွာ ဓမ္မသိင်္ဂီ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တဥတ္တမသာရထံမှ ဉဩပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူဆောက်တည်ပြီး ကြွရောက်တော်မူကြသော ဆရာ၊ သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ချီးမြှင့်ကြသည်။

ဆက်လက်၍ ဘုရားဒါယကာကြီး (အမိန့်တော်ရမင်း ဦးဘကွန်း+ဒေါ်ဒေါ်သက်)၊ ဘုရားဒါယကာကြီး (ဦးကျော်သန်း)နှင့် ကွယ်လွန်သူ မိဘဆွေမျိုးများအား ရည်စူး၍ အလှူရှင် (ဦးကျော်သန်း)+ဒေါ်ရင်မြိုင်၊ သမီးသရုပ်ဆောင် တေးသံရှင် အိန္ဒြာမိုးနှင့် သားသမီးမြေးတစ်စု၊ ယမင်းရွှေစင်မိသားစုက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်လက်လှူဒါန်းကြသည်။

ယင်းနောက် ဓမ္မသိင်္ဂီစာသင်တိုက် ဆရာတော်ထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက်ချအနုမောဒနာတရားနာယူကြပြီး မွန်းလွဲ ၁ နာရီတွင် (၁၀၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်း လောင်းလှူခြင်းကို ကျင်းပခဲ့ကြောင်း သိရသည်။

**ကျော်စန်းမြင့်(ပြန်/ဆက်)**

## ဒုတိယအကြိမ် စာကြည့်တိုက်ပညာဖိုရမ် ကျင်းပမည်

**ရန်ကုန် မတ် ၇**

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းက ဦးဆောင်၍ ဒုတိယအကြိမ် စာကြည့်တိုက်ပညာဖိုရမ်ကို မတ် ၁၃ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်း အမျိုးသားပြတိုက်ရှိ အမျိုးသားစာကြည့်တိုက် (ရန်ကုန်ရုံးခွဲ)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဖိုရမ်တွင် "ပေ၊ပုရပိုက် ထိန်းသိမ်းခြင်းနှင့် သုတပညာ" ခေါင်းစဉ်ဖြင့် ဆရာမ ဒေါ်တင်ဖုန်းနွယ်၊ ဆရာ ဦးညွန့်မောင်နှင့် ဦးမောင်မောင်သိမ်းတို့က ဆွေးနွေးဟောပြောကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက် လေ့လာနိုင်ကြောင်း သိရသည်။

**(ခင်ချိုဝင်း)**

## လှည့်ကင်းဆောင်ရွက်စဉ် ပိုင်ရှင်မဲ့တွေ့ရှိသည့်ခရီးဆောင်အိတ်အား အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှ ပိုင်ရှင်စုံစမ်းရှာဖွေ၍ ပြန်လည်ပေးအပ်

**နေပြည်တော် မတ် ၇**

၂၀၁၅ ခုနှစ် မတ် ၃ ရက် ညနေ ၅ နာရီ ၁၅ မိနစ်က မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ပြင်စည် အမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်းလှည့်ကင်းဆောင်ရွက်နေစဉ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၃၂၈/၅) အနီးလမ်းဘေး၌ အနီရောင်ခရီးဆောင်အိတ်တစ်လုံးကို ပိုင်ရှင်မဲ့တွေ့ရှိရသဖြင့် သက်သေများနှင့်အတူ စစ်ဆေးခဲ့ရာ အိတ်အတွင်းမှ အလေးချိန် နှစ်ကျပ်ခွဲသားခန့်ရှိ ရွှေလက်ကောက်ကိုးကွင်း၊ ၀၉--- နံပါတ်ပါ SAMSUNG အမျိုးအစား အဖြူရောင်ဖုန်းတစ်လုံး၊ "ဒေါ်ဝင်းမာလွင်" အမည်ပါ မြဝတီဘဏ်ငွေစုစာအုပ်တစ်အုပ်၊ မိသားစု ဓာတ်ပုံ သုံးပုံ၊ အမျိုးသမီးအသုံးအဆောင် အဝတ်အထည်များနှင့် ငွေကျပ် ၂၅၂၀၀၀ တို့တွေ့ရှိရသောကြောင့် သိမ်းဆည်းထားခဲ့သည်။ ထို့နောက် ပိုင်ရှင်အား ပြန်လည်ပေးအပ်နိုင်ရေး ဆက်သွယ်စုံစမ်းခဲ့ရာ အိတ်အတွင်းကျန်ရှိသည့် လက်ကိုင်ဖုန်းမှတစ်ဆင့် ပစ္စည်းပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် (က) ရပ်ကွက်နေ ဒေါ်ဝင်းမာလွင်နှင့် အဆက်အသွယ်ရရှိခဲ့ပြီး ၎င်းသည် နေပြည်တော်မှ မန္တလေးသို့ 1G/--ဟွန်ဒါဖစ်ခဲရောင်ယာဉ်ဖြင့် ထွက်ခွာလာကာ လမ်း၌ရပ်နားစဉ် ခရီးဆောင်အိတ် ကျကျန်ခဲ့ခြင်းဖြစ်ကြောင်း ပြောပြသည်။

ထို့ပြင် အိတ်အတွင်းကျန်ရှိသည့် ပစ္စည်းများနှင့် ပတ်သက်၍ မှန်ကန်စွာပြောဆိုနိုင်သဖြင့် ပြန်လည်ပေးအပ်နိုင်ရေး ဆောင်ရွက်ခဲ့ပြီး ယင်းနေ့ည ၇ နာရီ ၁၅ မိနစ်တွင် ပြင်စည် အမြန် လမ်းမကြီးရဲစခန်း၌ ပစ္စည်းများအား ပိုင်ရှင်ဖြစ်သူ ဒေါ်ဝင်းမာလွင်ထံ သက်သေများရှေ့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(ရဲပြန်ကြား)**

## ဓာတ်အားလိုင်းများကြံ့ခိုင်ရေး ဆောင်ရွက်

**ကြို့ပင်ကောက် မတ် ၇**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့ စက်တိုင်ကုန်းရပ်ကွက်မှ ခုနစ်ရွာကျေးရွာအထိ တည်ဆောက်ခဲ့သော 11 KV လိုင်းနှင့် (400)V နှစ်ထပ်လိုင်းရှိ သစ်သားတိုင်၊ သံတိုင်များနေရာတွင် ကွန်ကရစ်တိုင်၊ သံလက်တန်းတို့ဖြင့် အစားထိုးလဲလှယ်ခြင်း လုပ်ငန်းများအား ကြို့ပင်ကောက်မြို့နယ် လျှပ်စစ်မှူး ဦးခင်မောင်မြင့် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိရာ မတ် ၆ ရက်ကလုပ်ငန်းအားလုံး၏ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းအားလုံးပြီးစီးပါက ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိလာပြီး ဓာတ်အားသုံးစွဲသူများ ဗို့အားပြည့်ဝစွာ သုံးစွဲနိုင်မည်ဖြစ်သည်။

**(မြို့နယ်လျှပ်စစ်)**

## ကမ်းနားလမ်းမသစ်ပေါ် ယာဉ်ပိတ်ဆို့မှုကြာမြင့်၍ ကမ်းနားလမ်းမဟောင်းပေါ် ကုန်သေတ္တာတင်ယာဉ်များ ပြောင်းလဲမောင်းနှင်

**ရန်ကုန် မတ် ၇**

ကမ်းနားလမ်းမ ကွန်ကရစ်လမ်းသစ်၏ အလုံမြို့နယ်အတွင်း မတ် ၆ ရက်ညနေပိုင်းမှ ညပိုင်းအထိယာဉ်ပိတ်ဆို့မှု အချိန်ကြာမြင့်နေသည့်အတွက် ထီးတန်းစက်မှုဆိပ်ကမ်းသို့ဝင်/ထွက်သည့်ကုန်သေတ္တာတင်များအပါအဝင် ကုန်တင်ယာဉ်ကြီးများအနေဖြင့် ကမ်းနား လမ်းမဟောင်းပေါ်ပြောင်းလဲမောင်းနှင်နေရသည်ဟု ကုန်သေတ္တာတင်ယာဉ်မောင်းတစ်ဦးက ဆိုသည်။

လမ်းအသုံးပြုခပေးဆောင်မောင်းနှင်ရသည့် အဆိုပါ လမ်းမသစ်အရှည်မှာ ငါးမိုင်ကျော်ရှိပြီး အလုံမြို့နယ်အတွင်းရှိ လမ်းပိုင်းတွင် မကြာခဏ အချိန်ကြာမြင့်စွာ ယာဉ်ပိတ်ဆို့မှုများ တွေ့ကြုံနေရသည်။ မတ် ၆ ရက်ဖြစ်စဉ်တွင် အလုံစက်မှုဆိပ်ကမ်းဝင်ပေါက်များပါ ပိတ်ဆို့နေသည်ကို မြင်တွေ့ရသည်။ ဝန်ထမ်းအိမ်ရာနေထိုင်သူများအတွက် ဖွင့်ပေးထားသော သစ်တောလမ်းနှင့် ထော်လီကွေ့ရှိ ကမ်းနားလမ်းဟောင်းပေါ်ဝင်/ထွက်နိုင်သည့် ဖြတ်လမ်းများကို လမ်းအသုံးပြုခပေးဆောင်လိုခြင်းမရှိသည့် ယာဉ်ငယ်မျိုးစုံတို့ အသုံးပြုမှုများလာ၍ ဖြစ်သည်ဟု ကုန်သေတ္တာတင်ယာဉ် ပိုင်ရှင်တစ်ဦးက ဆိုသည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၆ ရက်မှစ၍ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းထိပ်ရှိ ရန်ကုန်မြစ်ဝကျွန်းပေါ်ဒေသသွား သဘော်ဆိပ်ကမ်းသို့ ဆင်းသည့်ယာဉ်ဝင်ပေါက်အားအနေးယာဉ်များသာ ဝင်/ထွက်နိုင်ရန် ပြောင်းလဲလိုက်သည့်အတွက် အလုံ သစ်တောလမ်းနှင့် ထော်လီကွေ့ဝင်/ထွက်ပေါက်များကို အသုံးပြုလာခြင်းဖြစ်သည်။ လမ်းအသုံးပြုခ ကောက်ခံရေးစခန်းများကို ယာဉ်များအားလုံးဖြတ်သန်းမောင်းနှင်လျှင် အဆိုပါ လမ်းသစ်ပေါ်တွင်ယခုကဲ့သို့ ယာဉ်ပိတ်ဆို့မှု အချိန်ကြာမြင့်စွာ မဖြစ်နိုင်ကြောင်း ယင်းလမ်းပေါ်သွားလာမောင်းနှင်နေသော ယာဉ်မောင်းများက ဆိုသည်။

ရန်ကုန်မြို့တွင်း လမ်းအများစုတွင် ယာဉ်ကြောပိတ်ဆို့မှုကြုံတွေ့နေရသည့်နည်းတူ လမ်းအသုံးပြုခ ကောက်ခံနေသည့် ကွန်ကရစ်ကမ်းနားလမ်းမသစ်ပေါ်တွင် အချိန်ကြာမြင့်စွာ ယာဉ်ပိတ်ဆို့မှုမှာ ဇန်နဝါရီလ ဒုတိယပတ်နှင့် ဖေဖော်ဝါရီလ တတိယပတ်အတွင်း ကြုံတွေ့ခဲ့ရကြောင်း၊ မတ် ၆ ရက် ညနေပိုင်းမှ ညပိုင်းထိ ယာဉ်ပိတ်ဆို့မှုတွင် ကုန်သေတ္တာတင်ယာဉ်များစွာ မြင်တွေ့ရသကဲ့သို့ အိမ်စီးယာဉ်ငယ်များ၊ ကုန်ကားငယ်များပါ မြင်တွေ့ရသည်။အချို့သော ကုန်ကားတွင် ယာဉ်လုပ်သားတို့ အိပ်ပျော်နေသည်ကိုမြင်တွေ့ရသည်။ ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းတွင် မကြာခဏတွေ့ကြုံနေရသော စက်ရပ်၍ အချိန်ကြာမြင့်စွာ ယာဉ်ပိတ်ဆို့မှုကဲ့သို့ ကွန်ကရစ်လမ်းသစ်ပေါ်တွင်လည်း တွေ့ ကြုံနေရခြင်းဖြစ်သည်ဟု ဘုရင့်နောင်ပွဲရုံသို့ သွားရောက်သည့် သီလဝါစားအုန်းဆီကန်မှ စားအုန်းဆီသွားထုတ်သည့် ကွန်ကရစ်လမ်းသစ်မှ ပြန်လာသော ကုန်တင်ယာဉ်လုပ်သားကိုအုန်းကဆိုသည်။

လမ်းအသုံးပြုခပေးဆောင်ရသည့် လမ်းပေါ်တွင် ယာဉ်ပိတ်ဆို့မှု အချိန်ကြာမြင့်စွာ မဖြစ်ပွားရန် လမ်းအသုံးပြုခ ကောက်ခံသည့် ကုမ္ပဏီနှင့် သက်ဆိုင်ရာတို့မှ ယင်းလမ်းပေါ်တွင် စစ်ဆေးအရေးယူပေးမှသာ ငွေကြေးပေးဆောင်မောင်းနှင်နေသောယာဉ်များအပေါ် သွားလာရေးလွယ်ကူစေသည့် ဝန်ဆောင်မှုပေးရာရောက်မည်ဟု ယာဉ်လုပ်သားများက ဆိုသည်။

**(မောင်စေအောင်)**




## အဆိုပြုတင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်တွင် ၂၀၁၅-၂၀၁၆ခုနှစ် ဘဏ္ဍာရန်ပုံငွေနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ အဆောက်အအုံ တည်ဆောက်ရန်အတွက် ဆောင်ရွက်လိုသူများ လာရောက်လျှောက်ထားနိုင်ပါသည်။

| | |
|---|---|
| တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | - ၉-၃-၂၀၁၅ရက်မှ ၈-၄-၂၀၁၅ရက်အထိ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း) |
| တင်ဒါလျှောက်လွှာနောက်ဆုံးတင်ရမည့်ရက် | - ၁၀-၄-၂၀၁၅ ရက် ၁၆း၀၀နာရီ |
| တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ | - လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရုံး ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့။ |
| ဆက်သွယ်ရန် | - ၀၈၁-၂၀၁၉၀၄ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း) |

အသေးစိတ် အချက်အလက်များကို လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ရုံးဖွင့်ရက်ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး
## (ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရှမ်းပြည်နယ်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း၊ မြောက်ပိုင်း)မှ ၂၀၁၅-၂၀၁၆ခုနှစ်၊ ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သော

(က) ၁၁ကေဗွီလိုင်းများ၊ ၄၀၀ဗို့လိုင်းများနှင့် ၁၁/၀ဒ၃၃မ ၄ ကေဗွီဓာတ်အားခွဲရုံငယ်များ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများ

(ခ) ၁၁ကေဗွီနှင့် ၄၀၀ဗို့ဓာတ်အားလိုင်းဟောင်းများအား (တိုင်/တန်း/ကြိုး/ကြွေသီးများ) လဲလှယ်ခြင်းလုပ်ငန်းများအား TURNKEY (ပုတ်ပြတ်)စနစ် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၆-၃-၂၀၁၅ ရက်

၃။ တင်ဒါပိတ်မည့်ရက် - ၂၃-၄-၂၀၁၅ ရက်

၄။ တင်ဒါပိတ်မည့်အချိန် - ၁၆း၃၀ နာရီ

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ဖုန်း-၀၈၁-၂၀၁၉၀၆**
**ရှမ်းပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊**
**ဖုန်း-၀၈၁-၂၀၅၈၄၈၊ ၀၈၁-၂၁၂၂၈၆၊ ၀၈၁-၂၀၅၈၄၄၊ ၀၈၁-၂၀၅၈၄၉**
**တင်ဒါခေါ်ယူရေးအဖွဲ့**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး**

# ပအိုဝ်းအမျိုးသားနေ့အခမ်းအနား ကျင်းပ စာအောင်ဆုချီးမြှင့်၊ ယဉ်ကျေးမှုအဖွဲ့များ ဖျော်ဖြေ




**မန္တလေး မတ် ၇**

ပအိုဝ်းတိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူး၍ ပအိုဝ်းအမျိုးသားနေ့နှင့် စာအောင်ဆုနှင်းသဘင်အခမ်းအနားကို မတ် ၅ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၈၁) လမ်းနှင့် (၈၂) လမ်းကြား လမ်း(၃၀) ရှိ ဖူကျောင်ကွမ်းရင်ဘုရားကျောင်း ခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မန္တလေးမြို့ရှိ စာသင်တိုက်ကြီးများမှ ပအိုဝ်းစာအောင် သံဃာတော်များအား ပအိုဝ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ စာအောင်ဆုချီးမြှင့်ပြီး နေ့ဆွမ်းဆက်ကပ်သည်။

မွန်းတည့် ၁၂နာရီတွင် ပအိုဝ်းအမျိုးသားနေ့အခမ်းအနား ဆက်လက်ကျင်းပရာ တက်ရောက်လာသူများက နိုင်ငံတော်အလံနှင့် ပအိုဝ်းအမျိုးသားအလံတို့ကို အလေးပြုကြသည်။ ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ထံမှ ပအိုဝ်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာများကို ဖတ်ကြားသည်။ ဆက်လက်၍ မန္တလေးမြို့ရှိ ပညာရေးကောလိပ်၊ သူနာပြုတက္ကသိုလ်၊ ဆေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်တို့တွင် ပညာသင်ယူနေကြသော ပအိုဝ်းကျောင်းသား ကျောင်းသူများနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သော ပအိုဝ်းကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

ဆက်လက်၍ ပအိုဝ်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့နှင့် ပအိုဝ်းတိုင်းရင်းသား ခေတ်ပေါ်တေးဂီတအဖွဲ့တို့က ဖျော်ဖြေတင်ဆက်သည်။

အခမ်းအနားသို့ မန္တလေးမြို့ရှိ တိုင်းရင်းသားလူမျိုးစု အဖွဲ့အစည်းများ၊ ယဉ်ကျေးမှုအဖွဲ့များ၊ ပအိုဝ်းတိုင်းရင်းသားအဖွဲ့များ တက်ရောက်ကြသည်။

**သီဟကိုကို(မန္တလေး)**

# မန္တလေးမြို့တွင် ကြက်ငှက်တုပ်ကွေးကာကွယ်ရေး ဇီဝလုံခြုံရေးမြှင့်တင် နယ်စပ်မှကြက်သားများဝင်ရောက်မှု ထိရောက်စွာထိန်းချုပ်ရန်လို

**မန္တလေး မတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဇန်နဝါရီ(?)

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဇုန်အတွင်း မတ်လဆန်းက ကြက်ငှက်တုပ်ကွေးရောဂါ တွေ့ရှိခဲ့သဖြင့် သက်ဆိုင်ရာမှ ဇုန်အတွင်း အဝင်၊ အထွက် ထိန်းချုပ်ခြင်း၊ ပြင်ပခြံများသို့ ကူးစက်မှုမရှိစေရေး ဆောင်ရွက်ခြင်း၊ ဇီဝလုံခြုံရေး မြှင့်တင်မှုများကို ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းထိန်းချုပ်မှုများသာမက ပြည်ပမှ တရားမဝင် ကြက်သားတင်သွင်းမှုများကို ထိန်းချုပ်နိုင်ရန်လိုအပ်ကြောင်း မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် မန္တလေးတိုင်းဒေသကြီး ဥက္ကဋ္ဌ ဒေါက်တာကျော်ထင်က ပြောသည်။

မြန်မာနိုင်ငံ ရာသီဥတုသည် ဆောင်းအကုန် နွေအကူး ကာလဖြစ်ရာ အဆိုပါရာသီ၌ ကြက်များတွင် ကြက်လည်လိမ်ရောဂါ၊ ချွဲသလိပ်ရောဂါနှင့် အီကိုလိုင်ရောဂါများ အဖြစ်များပြီး ထိုရောဂါများနှင့်ပုံစံတူ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုများသည့် ကာလတစ်ခုဖြစ်သည်။

"မုံရွာမှ ကြက်ငှက်တုပ်ကွေးလို့ သက်ဆိုင်ရာက အတည်ပြုထားပြီး ထုတ်ပြန်ချက်တွေထုတ်ပြီး ဆောင်ရွက်နေပါတယ်။ မန္တလေးတိုင်းဒေသကြီးအနေနဲ့ ထုတ်ပြန်ချက်ထုတ်ခွင့်မရှိဘူး။ ရုံးချုပ်ကပဲ ထုတ်ပေးလို့ရတာ။ ရောဂါကာကွယ်ဖို့ ဇီဝလုံခြုံရေးမြှင့်တင်နိုင်ဖို့ အသိပညာပေးဟောပြောပွဲတွေ တိုးမြှင့်လုပ်ဆောင်သွားဖို့ရှိပါတယ်။ တိုင်းဒေသကြီးတွင်း ဆောင်ရွက်မှုမှ သက်ဆိုင်ရာအဖွဲ့အစည်းအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့လိုအပ်ပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌ စဉ့်ကိုင်မြို့ရှိ ရောဂါရှာဖွေရေးဌာန (ဇီဝဗေဒဓာတ်ခွဲခန်း)တွင် စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပြီး ယခုလိုကာလအတွင်း ဖြစ်ပွားတတ်သည့် ကြက်ငှက်တုပ်ကွေး ရောဂါနှင့် ဆင်တူနေသဖြင့် ရုတ်တရက်သေဆုံးသွားသည့် ကြက်များအား ဓာတ်ခွဲခန်းသို့ ပို့ဆောင်စစ်ဆေးရန် လိုအပ်သည်။

"ရုတ်တရက်သေတဲ့ ကြက်တွေကို မီးတွင်းက မီးအပူချိန်ရရှိမှုမကောင်းလို့ သေဆုံးခြင်းဖြစ်တယ်လို့ မွေးမြူရေးသမား တော်တော်များများက ယူဆတယ်။ ဒါလည်း မှန်သင့်သလောက်မှန်တယ်။ ဒါပေမယ့် အခုလိုရာသီမှ ကြက်ငှက်တုပ်ကွေးနဲ့ ပုံစံတူရောဂါ ဖြစ်ပွားမှုများတယ်။ တော်ရုံခွဲခြားမသိနိုင်ဘူး။ ဒါကြောင့် မွေးမြူရေးသမားတွေက ပူးပေါင်းပြီး ဓာတ်ခွဲခန်းပို့စစ်ဆေးမှုတွေ ပြုလုပ်ဖို့လိုအပ်တယ်။ လက်ရှိသက်ဆိုင်ရာက ထုတ်ပြန်ချက် ထုတ်ပြန်ထားတာမရှိပါဘူး" ဟု ကြက်သားထုတ်လုပ်ရောင်းချနေသူတစ်ဦးက ပြောသည်။

"ပြည်တွင်း ကြက်သားထုတ်လုပ်မှု၊ ပြည်ပမှ ကြက်သားတင်သွင်းမှုတွေကို ထိန်းချုပ်နိုင်ဖို့ သက်ဆိုင်ရာက စနစ်တကျ ဆောင်ရွက်ဖို့လိုပါတယ်။ လက်ရှိ ကြက်တင်သွင်းရောင်းချမှုနဲ့ ပတ်သက်လို့ ဥပဒေပဲထွက်သေးတယ်။ နည်းဥပဒေမထွက်သေးဘူး။ သက်ဆိုင်ရာက စစ်ဆေးအရေးယူမှုဆောင်ရွက်မယ်ဆိုရင် လိုအပ်ချက်တွေရှိလာနိုင်တယ်"ဟု ဥပဒေပညာရှင်တစ်ဦးက ပြောသည်။

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ တောင်ပြုံး၊ မတ္တရာနှင့် ကပိုင်တို့တွင် ကြက်ဘေးထွက်ပစ္စည်းများ စနစ်တကျ စွန့်ပစ်မှုမရှိဘဲ လမ်းဘေးဝဲ၊ ယာတွင် စုပုံထားခြင်းနှင့် အနီးဝန်းကျင်ရှိ ရေမြောင်းအတွင်းသို့ စွန့်ပစ်ခြင်းများကြောင့် ရောဂါပြန့်ပွားစေနိုင်ကြောင်း၊ သက်ဆိုင်ရာမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်ရန် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ရန်လိုအပ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ဇီဝလုံခြုံရေး မြှင့်တင်နိုင်ရေးနှင့် ရာသီချိန်တွင် ဖြစ်ပွားတတ်သည့် ရောဂါများအား ကာကွယ်နိုင်ရေးအတွက် မတ်လမှစတင်၍ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**



# ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၈-၃-၂၀၁၅ (တနင်္ဂနွေနေ့)

## MRTV-4

| | |
|---|---|
| ၅:၀၀ | ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ် |
| ၁၁:၁၀ | Star တို့ရဲ့လက်ရာ |
| ၁:၀၀ | "လျှပါသော်လည်း ဘုံညွှံ့ရ" တရားတော် (ဆရာတော်အရှင်ဆေကိန္ဒ) |
| ၂:၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [လွန်လွန်ကဲကဲ(အပိုင်း-၁)] |
| ၃:၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့မေတ္တာ" (အပိုင်း-၄၄) |
| ၃:၄၅ | 2015 Annual Championship Spelling Bee |
| ၄:၄၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်လှဆိုးမလေး"(အပိုင်း-၆) |
| ၆:၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့မေတ္တာ" (အပိုင်း-၄၅) |
| ၇:၂၀ | Fashion Week (Designer Sannbawkrar) |
| ၈:၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၃) |
| ၁၀:၁၀ | MRTV-4 Stage |
| ၂:၃၀ | Spain Laliga Atletico Madrid Vs Valencia (LIVE) |
| ၄:၃၀ | သာသနာတော်ထွန်းကား အလှူတရားဖြာဝေ ထားဝယ်မြေ |

## News Channel

| | |
|---|---|
| ၆:၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော် |
| ၆:၃၀ | ကျန်းမာဖို့အတူကစားစို့ |
| ၆:၄၅ | "ရှေးဟောင်းသမိုင်းဝင် မောခေါရှင်" |
| ၈:၃၅ | "ရေသယံဇာတများကို အခြေပြုလျက်" |
| ၉:၃၅ | အနုပညာသတင်းအစီအစဉ် |
| ၁၁:၃၅ | ချစ်သော၍ကမ္ဘာမြေ |
| ၁၂:၃၅ | ဖြူ မည်း ရုပ်ရှင် "ဆောင်း"(ပထမပိုင်း) (ထွန်းဝေ၊ ညွန့်ဝင်း၊ စံရှားတင်) (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး) |
| ၄:၃၅ | ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (ဇီဝဗေဒဘာသာရပ်) |
| ၅:၃၅ | ၂၀၁၅ ခုနှစ် မတ်လအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်များနှင့် ကြိုတင်သတိပြုဖွယ်ရာများ |
| ၅:၄၅ | ပြည်သူတို့ရဲ့စကားသံများ -ဆိုကြမယ်၊ ပျော်ကြမယ် |

## Entertainment Channel

| | |
|---|---|
| ၆:၀၀ | အဖွင့် - အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့ ဖျော်ဖြေမှုအစီအစဉ် (အပိုင်း-၉) |
| ၆:၃၀ | မြန်မာဗီဒီယိုဇာတ်လမ်း "အကြမ်းဇယား" (မင်းရာဇာ၊ မင်းရဲဆက်၊ မေကဗျာ) (ဒါရိုက်တာ-သားကြီး) |
| ၇:၅၅ | ဝတ်စားဆင်ယင်မှုပြပွဲတေးဂီတ |
| ၈:၀၅ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၉:၂၅ | မြန်မာရုပ်ရှင် (ဆေးရောင်စုံ) "အချစ်ကလန်းတယ်" (မင်းမော်ကွန်း၊ ခန့်စည်သူ၊ မိုးအောင်ရင်၊ ထွန်းထွန်း၊ စိုးမြတ်သူဇာ၊ မယ်လိုဒီ၊ သက်မွန်မြင့်၊ စိုးပြည့်သဇင် (ဒါရိုက်တာ-ညီညီထွန်းလွင်) |
| ၁၂:၀၀ | အစီအစဉ်ပြီး၏။ |

**တစ်နေ့(၆)နာရီစာ (၄)ကြိမ် ပြသပါမည်။**

# မဲဇာချောင်းအတွင်း တရားမဝင်ရွှေတူးဖော်နေသော ရွှေမျှောများ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

**အင်းတော် မတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မဲဇာချောင်းအတွင်း တရားမဝင်ရွှေတူးဖော်နေသော ရွှေမျှောများကို မတ် ၅ ရက်တွင် ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

တာဝန်ရှိသူများသည် မတ် ၅ ရက် နံနက် ၁၀ နာရီခွဲက အင်းတော်မြို့နယ် မဲဇာချောင်းတစ်လျှောက် ကွင်းဆင်းစစ်ဆေးခဲ့ရာ တရားမဝင်ရွှေတူးဖော်နေသူတစ်ဦးမျှမရှိဘဲ ဂျင်းဒေါင်းအမျိုးအစား တစ်လုံးထိုးမြင်းကောင်ရေ ၂၅ ကောင်အင်ဂျင်စက် ငါးလုံး၊ တရုတ်နိုင်ငံလုပ် လေးလုံးထိုးအင်ဂျင်စက် နှစ်လုံး၊ ဘီးလူးခေါင်းတပ်လျက် လည်ချောင်းပိုက် ခုနစ်ချောင်း၊ ၁၀ ပေစီရှိ ခြောက်လက်မဖိုက်ဘာပိုက်ပြာ ခုနစ်ချောင်း၊ အိတ်ဖတ်စိမ်း ၃၅ ခု၊ မှုန်အိုး (၆×၆) ခုနစ်လုံးအား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်စစ်ဆေးရာ မန်လည်ကျေးရွာအုပ်စု ဝါးဖြူတောင်ကျေးရွာအနီး တရားမဝင်ရွှေမျှောမောင်းနှင်ခဲ့သော ရေယာဉ် ၂၃ စင်းအား လုပ်ငန်းများလုပ်ကိုင်မှုမရှိဘဲ ရပ်နားထားသည်ကို စစ်ဆေးတွေ့ရှိခဲ့ရကြောင်း သိရသည်။

အထက်ပါ ရေယာဉ် ၂၃ စင်းကို အသေးစိတ်စစ်ဆေးခဲ့ရာ အလျားပေ ၃၀၊ အကျယ် ခုနစ်ပေ၊ ဇောက်ပိုင်း သုံးပေရှိ ရေယာဉ်ကြီး သုံးစင်းနှင့် အလျား ၂၄ ပေ၊ အကျယ် ၅ ဒသမ ၅ ပေ၊ ဇောက်ပိုင်း နှစ်ပေရှိ ရေယာဉ်ငယ် အစင်း ၂၀ စုစုပေါင်း ၂၃ စင်းရှိခြင်း၊ မဲဇာချောင်းရေစူးအနက်မှာ ၄ ဒသမ ၅ ပေခန့်ရှိခြင်း၊ မဲဇာချောင်းအကျယ်မှာ အကျဉ်းဆုံးနေရာတွင် ပေ ၃၀ ခန့်ရှိပြီး အကျယ်ဆုံးနေရာမှာ ပေ ၂၅၀ ခန့်ရှိခြင်း၊ ရေယာဉ်ငယ်သုံးစင်းပေါ်တွင် အစောင့် တစ်ဦးစီသာရှိပြီး ကျန်အစင်း ၂၀ ပေါ်တွင် လူတစ်ဦးမျှမရှိခြင်း၊ ရေယာဉ် ၂၃ စင်းအပေါ်တွင် တရားမဝင်ရွှေမျှောတိုက်ရာတွင် အသုံးပြုသော အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းများကို မတွေ့ရှိရခြင်းနှင့် သိမ်းဆည်းရမိသော ပစ္စည်းများကို အမြန်သယ်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုနိုင်(အင်းတော်)**

နှစ်ပေါင်း (၇၀) တိုင် Main Stream Media အဖြစ် ရပ်တည်လာခဲ့သော .....

သင့်ရဲ့ တန်ဖိုးမြင့် ထုတ်ကုန်ပစ္စည်းကြော်ငြာတွေကို
(၅၁) သန်းလုံးသောပြည်သူတွေထံ အရောက်ပို့ပေးနိုင်သော .....

နိုင်ငံတကာသုတေသနအဖွဲ့များ၏ လေ့လာတွေ့ရှိချက်အရ
သတင်းအချက်အလက် မှန်ကန်တိကျမှုကို ပရိသတ်တွေရဲ့ ယုံကြည်မှု အမြင့်မားဆုံးရရှိထားသော .....

တစ်ခုတည်းသော Nation Wide News Channel

MRTV

နိုင်ငံပိုင်သတင်းစာများမှာ သင့်ရဲ့အရည်အသွေးမြင့် ထုတ်ကုန်ပစ္စည်းတွေကို
ထည့်သွင်းကြော်ငြာခြင်းအားဖြင့်
ရုပ်မြင်သံကြားကြော်ငြာများတွင် ရာခိုင်နှုန်းအလိုက် သက်သာခွင့်ရရှိစေမည့်
Cross Package အခွင့်အလမ်း

| သတင်းစာကြော်ငြာ အရွယ်အစား | MRTV တွင် သက်သာမည့်နှုန်းထား | |
|---|---|---|
| မျက်နှာပြည့်ကြော်ငြာ (Full Page) | ၄၀ % | မည်သည့်ကြော်ငြာ၊ မည်သည့်စတွန့် |
| | | အပေါ်တွင်မဆို |
| မျက်နှာဝက်ကြော်ငြာ (Half Page) | ၂၀ % | တစ်ကြိမ် |
| | | လျှော့ပေါ့ပေးသွားမည် |
| ၄ လက်မ * ၄ကော်လံ (Quater Page) | ၁၀ % | |

၂၀၁၅ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ ဇွန်လ (၃၀) ရက်နေ့ထိသာ

# မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေပြဋ္ဌာန်း

**မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေပြဋ္ဌာန်း**
**( ၂၀၁၅ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၁၀။)**
**၁၃၇၆ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်**
**( ၂၀၁၅ခုနှစ်၊ မတ်လ ၅ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို မြန်မာ့ကမ်းရိုးတန်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဦးစီးဌာန**ဆိုသည်မှာ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(င) **ကြီးကြပ်ရေးဗဟိုအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်း ကြီးကြပ်ရေးဗဟိုအဖွဲ့ကို ဆိုသည်။

(စ) **ဒေသဆိုင်ရာကြီးကြပ်ရေး**အဖွဲ့ဆိုသည်မှာ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေး ဗဟိုအဖွဲ့က လွှဲအပ်သည့်လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်ရန်နှင့် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ကြီးကြပ်နိုင်ရန် ဤဥပဒေအရ လိုအပ်သော တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များတွင် ဖွဲ့စည်းပေးသော ဒေသဆိုင်ရာ အဖွဲ့များကိုဆိုသည်။

(ဆ) **မြန်မာ့ကမ်းရိုးတန်း** ဆိုသည်မှာ နိုင်ငံတော်၏ ရေပြင်နယ်နိမိတ်အတွင်းရှိ ကမ်းရိုးတန်းကို ဆိုသည်။

(ဇ) **ပြည်တွင်းရေကြောင်း** ဆိုသည်မှာ နိုင်ငံတော်အတွင်း ရေယာဉ်များ ခုတ်မောင်းသွားလာနိုင်သော ရေလမ်းကြောင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ပို့ဆောင်ရေးဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သော အခြားရေလမ်းကြောင်း တစ်ခုခုလည်း ပါဝင်သည်။

(ဈ) **လုပ်ငန်းလိုင်စင်ဆို**သည်မှာ ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန် ကြီးကြပ်ရေးဗဟိုအဖွဲ့ သို့မဟုတ် ယင်းအဖွဲ့က တာဝန်လွှဲအပ်သည့် ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့က ထုတ်ပေးသည့် ခွင့်ပြုချက်ကို ဆိုသည်။

(ည) **ရေယာဉ်**ဆိုရာတွင် စီးပွားရေးလုပ်ငန်းအလို့ငှာ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ ရေကြောင်း၌ သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုသော စက်တပ်ရေယာဉ် သို့မဟုတ် စက်မဲ့ရေယာဉ် တစ်မျိုးမျိုး ပါဝင်သည်။

(ဋ) **ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း** ဆိုသည်မှာ မြန်မာ့ကမ်းရိုးတန်း၌ ဖြစ်စေ၊ ပြည်တွင်းရေကြောင်း၌ ဖြစ်စေ စီးပွားရေးအလို့ငှာ ခရီးသည်၊ ကုန်စည် သို့မဟုတ် ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကို ရေယာဉ်ဖြင့် သယ်ယူပို့ဆောင်သည့်လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ်ဖြင့် လုပ်ကိုင်သော အခြားလုပ်ငန်းတစ်ခုခုလည်း ပါဝင်သည်။

(ဌ) **မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်း**ဆိုသည်မှာ မြန်မာ့ကမ်းရိုးတန်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းတို့ကို ဆိုသည်။

**အခန်း (၂)**
**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် သော်လည်းကောင်း၊ ဒေသတွင်းဖွဲ့စည်းထားသည့် အဖွဲ့အစည်းများနှင့်သော်လည်းကောင်း ချုပ်ဆိုထားသော ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများနှင့် သက်ဆိုင်သည့် သဘောတူစာချုပ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ခ) ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ မူဝါဒများချမှတ် ဆောင်ရွက်နိုင်ရန်၊

(ဂ) မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းတွင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်စေရန်။

**အခန်း (၃)**
**ကြီးကြပ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း**

၄။ ဝန်ကြီးဌာနသည် ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ကြီးကြပ်ရန် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ကြီးကြပ်ရေးဗဟိုအဖွဲ့ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>ပို့ဆောင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆိပ်ကမ်းအာဏာပိုင် | အဖွဲ့ဝင် |
| (စ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>ပြည်တွင်းရေကြောင်းပို့ဆောင်ရေး | အဖွဲ့ဝင် |
| (ဆ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့သင်္ဘောကျင်းလုပ်ငန်း | အဖွဲ့ဝင် |
| (ဇ) | တပ်ဖွဲ့မှူး၊ ရေကြောင်းရဲတပ်ဖွဲ့၊<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | အခြားသင့်လျော်သော ပုဂ္ဂိုလ်နှစ်ဦး | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၅။ ဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၄ အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့်တွဲဖက်အတွင်းရေးမှူးတို့ကိုလည်း သတ်မှတ်ပေးနိုင်သည်။

(ခ) ပုဒ်မ ၄ အရ ဖွဲ့စည်းထားသော ကြီးကြပ်ရေးဗဟိုအဖွဲ့ကို လိုအပ်ပါက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

**အခန်း (၄)**
**ကြီးကြပ်ရေးဗဟိုအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၆။ ကြီးကြပ်ရေးဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့်သော်လည်းကောင်း၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် သော်လည်းကောင်း ချုပ်ဆိုထားသော ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် သဘောတူစာချုပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်သည့် လုပ်ငန်းလိုင်စင်အမျိုးအစားအလိုက် လုပ်ငန်းလိုင်စင် ထုတ်ပေးရန် ခွင့်ပြုခြင်း၊ သက်ဆိုင်သည့်ခရီးစဉ်နှင့် နယ်မြေသတ်မှတ်၍ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခြင်း၊ လုပ်ငန်းလိုင်စင်ပါလုပ်ငန်းပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း၊ ကာလသတ်မှတ်၍ လုပ်ငန်းလိုင်စင်ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်းနှင့် အခကြေးငွေများ စည်းကြပ်ကောက်ခံခြင်း၊

(ဂ) ပုဒ်မခွဲ(ခ) ပါလုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့များသို့ လွှဲအပ်ခြင်း၊

(ဃ) လုပ်ငန်းလိုင်စင်စည်းကမ်းချက်များသတ်မှတ်ခြင်း၊

(င) မိမိ၏လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် အထောက်အကူပြုရန် ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ ရုံးအဖွဲ့ကိုဖွဲ့စည်းပြီး လိုအပ်သည့် အရာထမ်း အမှုထမ်းများ ခန့်အပ်တာဝန်ပေးခြင်း၊

(စ) လိုအပ်ချက်ရှိပါက ရေယာဉ်များကို ရပ်တန့်၍ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းရှိ၊ မရှိ စစ်ဆေးခြင်း၊ လိုအပ်သည့် စာရွက်စာတမ်း အထောက်အထားစသည်တို့ကို စိစစ်သိမ်းဆည်းခြင်းပြုရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဆ) ဤဥပဒေနှင့် ဤဥပဒေအရပြုသည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်သော ရေယာဉ်ကို တားဆီးခြင်းနှင့် ရေယာဉ်အား ယာယီထိန်းသိမ်းခြင်းတို့ကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ဇ) ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သည့် ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းနှင့်စပ်လျဉ်းသည့် တာဝန်များကိုထမ်းဆောင်ခြင်း။

၇။ ကြီးကြပ်ရေးဗဟိုအဖွဲ့သည် မိမိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုအပ်ပါက ဦးစီးဌာနကို တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်၍ လွှဲအပ်တာဝန်ပေးနိုင်သည်။

**အခန်း (၅)**
**ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၈။ ကြီးကြပ်ရေးဗဟိုအဖွဲ့သည် လိုအပ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်များတွင် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ကြီးကြပ်နိုင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပြီး ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်စပ်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများမှ သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်းနိုင်သည်။

၉။ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့များသည် ကြီးကြပ်ရေးဗဟိုအဖွဲ့က အခါအားလျော်စွာလွှဲအပ်သည့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ရာတွင်လိုအပ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ရယူ၍ ခရိုင်သို့မဟုတ် မြို့နယ်များတွင် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်စေနိုင်သည်။

၁၀။ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့များသည် မိမိတို့ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ကြီးကြပ်ရေးဗဟိုအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံရမည်။

**အခန်း (၆)**
**မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း**
**သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်**

၁၁။ ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းတစ်ခုခုကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ လုပ်ကိုင်လိုသူသည်သက်ဆိုင်သည့် ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၂။ ပုဒ်မ ၁၁အရ လျှောက်ထားချက်ကိုရရှိသည့် ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့များသည်-

(က) ကြီးကြပ်ရေးဗဟိုအဖွဲ့က သတ်မှတ်ထားသည့် ရေယာဉ်အမျိုးအစားအလိုက် မိမိတို့လုပ်ငန်းလိုင်စင် ထုတ်ပေးနိုင်ခွင့်ရှိသော ရေယာဉ်အမျိုးအစားဖြစ်ပါက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ ခွင့်ပြုပါက နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ လုပ်ငန်းအမျိုးအစားအလိုက် စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင်ကို ထုတ်ပေးရမည်။

(ဂ) မိမိတို့အဖွဲ့က လုပ်ငန်းလိုင်စင် ထုတ်ပေးနိုင်ခွင့်ရှိသော ရေယာဉ်အမျိုးအစား မဟုတ်ပါက ကြီးကြပ်ရေးဗဟိုအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

၁၃။ ကြီးကြပ်ရေးဗဟိုအဖွဲ့သည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဂ) အရ တင်ပြချက်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး -

(က) လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ ခွင့်ပြုပါက သက်ဆိုင်သည့် ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် လျှောက်ထားသူအား လုပ်ငန်းအမျိုးအစားအလိုက် စည်းကမ်းချက်များသတ်မှတ်၍ လုပ်ငန်းလိုင်စင်ကို ထုတ်ပေးရမည်။

၁၄။ လုပ်ငန်းလိုင်စင်ရရှိသူသည် -

(က) သတ်မှတ်ထားသော လုပ်ငန်းလိုင်စင်ခကို ကြီးကြပ်ရေးဗဟိုအဖွဲ့ သို့မဟုတ် သက်ဆိုင်သည့်ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ ပေးသွင်းရမည်။

(ခ) လုပ်ငန်းလိုင်စင် အမျိုးအစားအလိုက် သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးပြီးနောက် ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဆက်လက်၍ လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၅။ ဝန်ကြီးဌာနသည် -

(က) အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကိုလုပ်ကိုင်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းပိုင် ရေယာဉ်များအား လုပ်ငန်းလိုင်စင်ရယူခြင်းနှင့်စပ်လျဉ်း၍ ကင်းလွတ်ခွင့်ပြုနိုင်သည်။

(ခ) ယင်းသို့ ကင်းလွတ်ခွင့်ပြုကြောင်းကို အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ရမည်။

၁၆။ ဤဥပဒေအာဏာတည်သည့်နေ့ရက်တွင် မြန်မာ့ကမ်းရိုးတန်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ၁၉၅၄ ခုနှစ်၊ သင်္ဘောသွားလာမှုအုပ်ချုပ်ရေး အက်ဥပဒေအရ လိုင်စင်ဖြင့် လုပ်ကိုင်နေသူသည်လည်းကောင်း၊ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေအရ လိုင်စင်ဖြင့်လုပ်ကိုင်နေသူသည်လည်းကောင်း အဆိုပါ လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုပါက သတ်မှတ်ပေးသည့်ကာလအတွင်း ပုဒ်မ ၁၁ နှင့်အညီ လုပ်ငန်းလိုင်စင် လျှောက်ထားရမည်။

**အခန်း (၇)**
**စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်မှု**

၁၇။ ကြီးကြပ်ရေးဗဟိုအဖွဲ့ သို့မဟုတ် ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့သည် မိမိထုတ်ပေးထားသည့်လုပ်ငန်းလိုင်စင်ရရှိသူက ဤဥပဒေအရပြုသည့် နည်းဥပဒေများ၊ အမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ခုခုကို ဖြစ်စေ၊ လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ လိုက်နာရန် ပျက်ကွက်လျှင် ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုတစ်ခုခုကို ပြုလုပ်နိုင်သည်-

(က) သတိပေးပြီး သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) လုပ်ငန်းလိုင်စင်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း၊

(ဂ) လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်ခြင်း။

**အခန်း (၈)**
**အယူခံခြင်း**

၁၈။ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့က ပုဒ်မ ၁၇ အရပြုလုပ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုတစ်ခုခုကို မကျေနပ်သူသည် အရေးယူဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကြီးကြပ်ရေးဗဟိုအဖွဲ့သို့ အယူခံနိုင်သည်။

**စာမျက်နှာ ၁၆ သို့**

စာမျက်နှာ ၁၅ မှ

၁၉။ ကြီးကြပ်ရေးဗဟိုအဖွဲ့သည် ပုဒ်မ ၁၈ အရ အယူခံခြင်းကို စိစစ်ပြီး ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၏ အရေးယူဆောင်ရွက်မှုကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

၂၀။ ကြီးကြပ်ရေးဗဟိုအဖွဲ့က ပုဒ်မ ၁၇ အရ ပြုလုပ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုတစ်ခုခုကို မကျေနပ်သူသည် အရေးယူဆောင်ရွက်သည့်နေ့မှရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့အယူခံနိုင်သည်။

၂၁။ (က) ဝန်ကြီးဌာနသည် ပုဒ်မ ၂၀အရ အယူခံခြင်းကို စိစစ်ပြီး ကြီးကြပ်ရေးဗဟိုအဖွဲ့၏အရေးယူဆောင်ရွက်မှုကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ခ) ဝန်ကြီးဌာန၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

**အခန်း (၉)**

**တားမြစ်ချက်နှင့်ပြစ်ဒဏ်**

၂၂။ မည်သူမျှလုပ်ငန်းလိုင်စင်မရှိဘဲ ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခြင်း သို့မဟုတ် လုပ်ကိုင်စေခြင်း မပြုရ။

၂၃။ (က) မည်သူမဆိုပုဒ်မ ၂၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

(ခ) ပုဒ်မခွဲ (က)ပါ ပြစ်မှုကို ထပ်မံကျူးလွန်လျှင် ထိုသူကို ခြောက်လထက်မပိုသောထောင်ဒဏ်ချမှတ်ရမည်။ ထို့ပြင် ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်လည်း ချမှတ်ရမည်။

**အခန်း (၁၀)**

**အထွေထွေ**

၂၄။ ဝန်ကြီးဌာနသည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လုပ်ငန်းလိုင်စင် အမျိုးအစားအလိုက်လုပ်ငန်းလိုင်စင်ကြေး၊ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေးနှင့် အခြားအခကြေးငွေများကို သတ်မှတ်ထားရမည်။

(ခ) လုပ်ငန်းလိုင်စင် အမျိုးအစားအလိုက် လုပ်ငန်းလိုင်စင်သက်တမ်းနှင့် စည်းကမ်းချက်များကို သတ်မှတ်ရမည်။

၂၅။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၆။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့ထားသော ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကိုတရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့် အမိန့်ချမှတ်ရမည်။

၂၇။ ဤဥပဒေ ပုဒ်မ ၂၂ ပါ တားမြစ်ချက်သည် ဖျားနာသော သို့မဟုတ် ထိခိုက်ဒဏ်ရာရသောသူများအား သယ်ဆောင်ခြင်း၊ ဘေးအန္တရာယ် တစ်စုံတစ်ရာကျရောက်မှုမှ ကယ်ဆယ်ရန် အစားအစာ၊ ဝတ္ထုပစ္စည်း သို့မဟုတ် ဆေးဝါးများသယ်ယူပို့ဆောင်ခြင်းနှင့် အရေးတကြီး လိုအပ်၍ရေယာဉ်ကို အသုံးပြုခြင်းတို့နှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၈။ ကြီးကြပ်ရေးဗဟိုအဖွဲ့နှင့် ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့များသည် ဤဥပဒေအရ ရရန်ရှိသော အခကြေးငွေများနှင့် ဒဏ်ကြေးများအား ပေးဆောင်ရန် ပျက်ကွက်သူထံမှ တည်ဆဲအခွန်အခဆိုင်ရာ ဥပဒေများနှင့်အညီ အရကောက်ခံရမည်။

၂၉။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကြီးကြပ်ရေးဗဟိုအဖွဲ့ဝင်နှင့်ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ဝင်များသည် ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင်ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကြီးကြပ်ရေးဗဟိုအဖွဲ့တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကိုထုတ်ပြန်နိုင်သည်။

၃၁။ သင်္ဘောသွားလာမှုအုပ်ချုပ်ရေး အက်ဥပဒေ (၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၀) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# အင်းတော်တွင်နွေစပါးစိုက်ပျိုးမှု သတ်မှတ်လျာထားချက်ဧက မပြည့်မီ

**အင်းတော် မတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်း နွေစပါးစိုက်ပျိုးမှုနှင့် ပတ်သက်၍ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း စိုက်ဧက ၅၇၉ ဧကလျာထားသတ်မှတ်ထားရာတွင် ယနေ့အထိ ၄၈၉ ဧကသာစိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရသည်။

နွေစပါးကို အဓိကအောင်ရေရရှိနိုင်သော ကျေးရွာအုပ်စုများတွင် စိုက်ပျိုးခဲ့ကြပြီး မျိုးခွဲအဖြစ်ဆင်းဧက သုံးကို ၃၄၆ ဧက၊ ရွှေဘို (၁) မာ ၄၃ ဧက၊ ဆီးတပ်ရင် ၈၂ ဧက စိုက်ပျိုးခဲ့ကြောင်း၊ အင်းတော်မြို့နယ်အတွင်း နွေစပါးအများဆုံး စိုက်ပျိုးသောကျေးရွာ အုပ်စုမှာ နတ်မဟုတ်ကျေးရွာအုပ်စုဖြစ်ပြီး ဧက ၁၁၀ မျှ စိုက်ပျိုးပြီးစီးခဲ့ကြောင်း၊ မဲဇာချမ်းစပ်ကုန်းတွင် ရေရရှိနိုင်သော အင်းအသေးစားများကို အခြေခံ၍ အင်းပတ်လည်တွင် ၈၅ ဧက စိုက်ပျိုးခဲ့ပြီး နန်းခင့်ကျေးရွာအုပ်စု လက်ပံကုန်းအင်းရွာတို့တွင်လည်း အင်းတော်အင်းကြီးရေကို အမှီပြုလျက် လယ်ဧက ၅၅ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ပို၍ထူးခြားသည်မှာ မော်တိတ်ဒေသဆုကွာ ကျေးရွာအုပ်စု ကျွန်းတောကျေးရွာတွင် လျှပ်စစ်မှူး၏ ကူညီပံ့ပိုးမှုဖြင့် မီးတိုင်များသွယ်တန်းကာ လျှပ်စစ်ဖြင့် ရေတင်၍ နွေစပါးဧက ၃၀ ကို စိုက်ပျိုးခဲ့ကြောင်း၊ နွေစပါးသည် အောင်ရေရရှိမှုကို အခြေခံ၍ စိုက်ပျိုးကြသဖြင့် ရေအလွယ်တကူ မရရှိနိုင်သော နေရာတို့တွင် စိုက်ပျိုးမှုနည်းပါးကြောင်း၊ မော်လူးဒေသတွင် ရေအခက်အခဲများရှိသဖြင့် နွေစပါးစိုက်ပျိုးမှု ဧကလျာထားချက် မရှိခဲ့ကြောင်းနှင့် ယခုအချိန်အခါတွင် နွေစပါး စိုက်ပျိုးသူများအား ရေတင်စိုက်ပျိုးရန် ဒီဇယ်ဆီ ပံ့ပိုးမှုများ လုပ်ဆောင်ပေးနိုင်ခြင်းမရှိကြောင်း၊ အင်းတော်မြို့နယ် စိုက်ပျိုးရေးဌာန လက်ထောက်ဦးစီးမှူး ဦးသာဆန်းက ပြောပြပါသည်။

**ညီမင်းထက်(မြန်မာစာ)**

# မန္တလေးတိုင်းဒေသကြီး၌ တက္ကသိုလ်ဝင်စာမေးပွဲအား ကျောင်းသား၊ ကျောင်းသူ ၉၁၂၄၀ဦး ဖြေဆိုမည်

**မန္တလေး မတ် ၇**

၂၀၁၅ ခုနှစ် မတ် ၁၁ ရက်မှ ၂၀ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင် တန်းစာမေးပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ကျောင်းသားကျောင်းသူ စုစုပေါင်း ၉၁၂၄၀ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စာမေးပွဲကို မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်နှင့် မြို့နယ်အလိုက် စာစစ်ဌာန ၁၆၁ ခု သတ်မှတ်ဖြေဆိုခွင့်ပြုမည်ဖြစ်ကြောင်းနှင့် ဆေးရုံတက်ရောက်ကုသနေသူများအတွက်လည်း မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် သီးခြားစာဖြေဌာနများထားရှိဖြေဆိုခွင့်ပြုမည်ဖြစ်သည်။

ယခင် ၂၀၁၄ ခုနှစ် မတ်လအတွင်းကျင်းပခဲ့သည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဖြေဆိုသူ ၇၉၃၅ ဦးရှိခဲ့ပြီး ၂၇၂၉၆ ဦး အောင်မြင်ကာ အောင်ချက်ရာခိုင်နှုန်း ၃၄ ဒသမ ၄၀ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရှိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဂန္ဓမာပန်းနှင့် အခြားစားသုံးသီးပင်စိုက်ပျိုးခြင်းကြောင့် ဝင်ငွေတိုးနေ

**ရေစကြို မတ် ၇**

ရေစကြိုမြို့နယ်တွင် တစ်ပိုင်တစ်နိုင်ဂန္ဓမာပန်းနှင့် သီးပင်၊ စားပင်များ စိုက်ပျိုးလုပ်ကိုင်သူ များပြားလာလျက်ရှိရာ ထိုသို့ မြေရှိသလောက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးသူများ ဝင်ငွေတိုးအကျိုးရှိနေကြောင်း ဂန္ဓမာပန်းစိုက်ပျိုးသူများကပြောသည်။



အဆိုပါ ဂန္ဓမာပန်းစိုက်ပျိုးမှုများမှာ တစ်ပွင့်ကို ကျပ် ၈၀မှ ၁၀၀အထိ ရရှိပြီး တစ်ပင်လျှင် ကိုင်းတက် လေးခုမှ ငါးခုထိရှိပြီး ကျပ် ၄၀၀၊ ၅၀၀၊ ၆၀၀ အထိ ရရှိကြောင်း အပွင့်အရေအတွက်အလိုက် ရောင်းချရကြောင်း သိရသည်။

“ကျွန်တော်က တစ်ပိုင်တစ်နိုင် စိုက်တာပါ။ အိမ်ဝိုင်းမြေမှာ မြေရှိသလောက်စိုက်တာ ဖြစ်ပါတယ်။ ဂန္ဓာမာက အမျိုးပေါင်း အများကြီးဘဲဗျ။ အခုစိုက်တာက ကြွေဂန္ဓာမာဖြစ်ပါတယ်။ ပျိုးပင်ကို တစ်ပင် နှစ်ကျပ်နဲ့ မေမြို့က ဝယ်ရတယ်။ ပျိုးပင်အရွယ်က သုံးလက်မ သာသာပဲရှိတယ်။ ဒီနှစ်တော့ အပင် ၆၀၀၊ ၇၀၀ လောက်ပဲ စိုက်ပါတယ်။ အပင်တစ်ထွာ လောက်ဆိုရင် ခတ်မြေဩဇာနဲနဲကျွေး၊ ရေများများလောင်းပေးရင် အပင်တွေ သန်လာပါတယ်။

“ထွက်လာတဲ့ ကိုင်းတက်တွေက ထပ်ပြီးထွက်တဲ့ ကိုင်းတွေကို ဖွဲ့ပစ်ရတယ်။ ပြီးတော့ ကိုင်းတစ်ကိုင်းမှာ အဖူးတစ်ဖူးပဲထားပြီး ကျန်တာ ချွေပေးရတယ်။ ဒါမှ အပွင့်ကကြီးပြီး လှလှပပ ဖြစ်လာတယ်။ စိုက်တဲ့ကာလကတော့ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်လတွေမှာ အစိုက်များကြပါတယ်။

“ပြာသိုလမှာပွင့်တဲ့ပန်းက လှလည်းလှ အထားလည်း ခံတော့ဈေးကောင်းရတယ်။ မနှစ်က အပင် ၂၀၀၀၀ နီးပါးစိုက်တာ ခုနစ်သိန်းရတယ်။ အရင်ကတော့ မေမြို့က ယူရောင်းကြတယ်။ ခုတော့ ကိုယ့်မြို့မှာစိုက်တော့ လတ်လတ်ဆတ်ဆတ်သုံးရပါတယ်”ဟု စိုက်ပျိုးရောင်းချသူတစ်ဦးကပြောသည်။

“အခု ကျွန်တော့ အိမ်ဝိုင်းထဲမှာ ဂန္ဓာမာအပင် ၇၀၀ လောက် စိုက်ထားပါတယ်။ ခြံစည်းရိုးမှာ ဘူးပင်စိုက်ပါတယ်။ ကိုက်လံနဲ့ချဉ်ပေါင်တွဲ စိုက်ထားသလို ဘေးပတ်ပတ်လည်မှာ ခရမ်းချဉ်နဲ့ ခရမ်းသီးပင်တွေ စိုက်ထားပါတယ်။ ဗူးသီး၊ ခရမ်းချဉ်၊ ခရမ်းသီးလည်း ခူးရောင်းရသလို ချဉ်ပေါင်သုံးပင် ၁၀၀ ရောင်းရတယ်ဗျ။ ကိုက်လံအပင် ၂၀၀ လောက် စိုက်ထားတာ လေးကြိမ်ခူးရောင်းပြီးပြီ။ “အခုလို သီးပင်စားပင်နဲ့ ပန်းတွေ စိုက်ရတာ နှစ်သက်တယ်။ ပန်းပင်က ကုသိုလ်ယူဖို့၊ အခြားအပင်တွေက စားဖို့၊ ဒါကြောင့် ပန်းပင်နဲ့ စားပင်စိုက်ရတာ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ၊ သမာအာဇီဝမှုတတဲ့ အလုပ်မို့ စိတ်ချမ်းသာရတယ်။ စီးပွားဖြစ် စိုက်ပျိုးနိုင်ရင် ပိုကောင်းမယ်ထင်ပါတယ်”ဟု ရေစကြိုမြို့ ငါးရာပြည့်ရပ်ကွက်မှ ဦးဘိုးနီက ပြောပြသည်။ **ဖေထွဏ်းဇော်(ရေစကြို)**

# တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ဆေးကုသပေး

**တောင်တွင်းကြီး မတ် ၇**

မကွေးတိုင်းဒေသကြီးတောင်တွင်းကြီး မြို့နယ် ချောင်းနက်အနောက်ကျေးရွာသို့ မတ် ၅ ရက် နံနက်ပိုင်းက မြို့နယ်တိုင်းရင်းဆေးကုဌာနနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတိုပူးပေါင်းအဖွဲ့များရောက်ရှိပြီးဆေးဝါးများကုသပေးခဲ့ကြသည်။

တောင်တွင်းကြီး မြို့နယ် တိုင်းရင်းဆေးကုဌာနနှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍မြို့ပေါ် ၁၀ ရပ်ကွက်ကျေးရွာအုပ်စု ၇၂ အုပ်စု ကျေးရွာပေါင်း ၂၇၅ ရွာတိုအားကွင်းဆင်း၍တိုင်းရင်းဆေးဝါးများဖြင့်ပြည်သူများအား အခမဲ့ဆေကုသပေးလျှက်ရှိကြောင်းသိရသည်။

ထိုသို့ဆေးဝါးများကွင်းဆင်းကုသရာတွင်မြို့နယ်တိုင်းရင်းဆေးမှူး ဦးမင်းဇော်ဦးနှင့်ဝန်ထမ်းများ၊မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဌ ဒေါ်ခင်မို့မို့ထွန်းနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့များကကျေးလက်နေပြည်သူစုစုပေါင်း ၂၇၅ ဦးတို့၏ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဇီဝိတဒါနအဖြစ်တိုင်းရင်းဆေးဝါးများဖြင့်အခမဲ့ဆေးကုသပေးခဲ့ကြကြောင်း သိရသည်။

**နိုင်ဝင်း**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**စက်သုံးဆီ(ဒီဇယ်)အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဌာနများရှိ ယာဉ်/ယန္တရားများ အသုံးပြုရန်အတွက် ဒီဇယ်ဆီ(၂၀၀၀၀၀)(နှစ်သိန်းဂါလန်)အား အိတ်ဖွင့်တင်ဒါ(Open Tender) ဖြင့် တင်သွင်းနိုင်ပါသည်။

(က) အိတ်ဖွင့်တင်ဒါတင်သွင်းရက် - ၆-၃-၂၀၁၅ မှ ၁၀-၃-၂၀၁၅ထိ
(ခ) အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန် - ၁၀-၃-၂၀၁၅ရက် မွန်းတည့် ၁၂နာရီ
(ဂ) အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ - ၁၀-၃-၂၀၁၅ရက် ၁၃နာရီ
မှတ်ချက်။ ။တင်ဒါတင်သွင်းသူများ - အစည်းအဝေးခန်းမ(၂)၊မြို့တော်ခန်းမ
တက်ရောက်ပါရန်။ - ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၂။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
စက်ရုံနှင့် မော်တော်ယာဉ်ဌာန
အမှတ်(၆၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၄၂၁၁၁၃၈၀၃

# ကန့်တူးသမားဘဝ ကြမ်းတမ်းစွ သဘာဝအလှနှင့်ယှဉ်

■ ပန်းခ

အီတလီနိုင်ငံ ရောမမြို့ အခြေစိုက် ဓာတ်ပုံသတင်းထောက်ကြီး လူကာကာတာလိုနိုဂွန်ဇာဂါသည် မကြာသေးမီက အင်ဒိုနီးရှားနိုင်ငံရှိ ကာဝါအီဂျင်မီးတောင်ဒေသသို့ သွားရောက်ခဲ့ပြီး ကန့်တူးဖော်ထုတ်လုပ်ရေးလုပ်သားများ၏ ဘဝကို စူးစမ်းလေ့လာခဲ့လေ၏။

ကာဝါအီဂျင်မီးတောင်သည်ကား အင်ဒိုနီးရှားနိုင်ငံအရှေ့ ဂျာဗားကျွန်း၌ တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၂၇၉၉ မီတာ(၉၁၈၃၆ ပေ) အထက်တွင် တစ်ထီးတစ်နန်း ရပ်တည်နေလေသည်။

သဘာဝတရား၏ အံ့ဖွယ်ရာ ဖန်တီးချက်ဖြစ်သော ကာဝါအီဂျင်မီးတောင်၏ အလှကား လူသားတို့ကို အာရုံအရ ဖမ်းစားနိုင်သည်။ ပွင့်လင်းရာသီ ရောက်ပြီဆိုလျှင် မီးတောင်၏ သဘာဝအလှကို ငေးမောခံစားလိုသည့် ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များက မီးတောင်ဒေသသို့ လာရောက်ကြလေ့ရှိသည်။ မီးတောင်၏ တောင်ထိပ်ပိုင်းသို့ ဦးတည်လျက် တောင်တက်သမားများ ခရီးနှင်ကြပြီးသကာလ မီးတောင်ထိပ်ဝ၌ ဖွဲ့စည်းဖြစ်ပေါ်နေသော တွင်းတောင်(ရေအိုင်)ကို တွေ့မြင်ရသည့်အခိုက် အမောပြေလန်းဆန်းကာ စိတ်ဓာတ်ခွန်အား ရရှိကြသည်။ တောင်ပေါ် ရေအိုင်မှာ စိမ်းပြာရောင်ဖြစ်ပြီး မြင်ရသူများအား ညို့ယူဖမ်းစားနိုင်လေ၏။

ကာဝါအီဂျင်မီးတောင်၏ သဘာဝအလှကို လုပ်အားအလှဖြင့် ပေါင်းစပ်ပေးသူများမှာ ဒေသခံများဖြစ်ကြပြီး ဒေသခံပြည်သူ ရာပေါင်းများစွာတို့သည် နေ့စဉ်ပင် ကန့်တူးလုပ်သားများအဖြစ် ပင်ပန်းဆင်းရဲခြင်းကြီးစွာ လုပ်ကိုင်စားသောက်နေကြရလေသည်။

ကန့်တူးသမားများသည် တောင်ပေါ်သို့ ရောက်ရှိရန် ပေ ၉၀၀၀ ကျော် ခရီးနှင်ကြရပြီး ယင်းနောက် မီးတောင်၏ ကန့်ရေပူထွက်ပေါက်ကို ထုခွဲဖွဲ့ထုတ်ကာ ကန့်ကို စုဆောင်းရယူကြရသည်။ မီးတောင်ထိပ်ပိုင်းနေရာတွင် လိမ္မော်နီရောင် ကန့်ရည်များ စီးဆင်းနေပြီး တစ်စစအေးခဲသွားချိန်တွင် အဝါရောင်ကန့်များကို တွေ့မြင်ရသည်။

ကန့်တူးလုပ်သားများမှာ သဘာဝသယံဇာတဖြစ်သည့် ကန့်ကို ရရှိနိုင်ရန် သက်စွန့်ဆံဖျား ကြိုးပမ်းကြရသည့်အပြင် စူးရှပြင်းထန်သည့် အဆိပ်ငွေ့ အနံ့အသက်ကို ရှူရှိုက် လုပ်ကိုင်ကြရသူများဖြစ်သည်။

ကန့်တူးလုပ်သားများသည် မီးတောင်အတွင်းပိုင်းအထိ ရောက်ရှိအောင် ပေ ၃၀၀၀ မျှ သက်ဆင်းကြရချိန်တွင် ခြစ်ခြစ်တောက် ပူပြင်းလှသည့် အပူချိန်ကို ခံစားကြရပြီး ပါးလွှာသော လေထုလွှာအတွင်းမှ အောက်ဆီဂျင်ကို ခက်ခက်ခဲခဲ ရှူရှိုက်ကြရသည်။ အသက်ရှူကိရိယာ မပါသလို ဓာတ်ငွေ့ကာ မျက်နှာဖုံးတပ်ဆင်ထားခြင်း မရှိကြသော ကန့်တူးလုပ်သားများသည် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးထုတ်လုပ်ရာတွင် အသုံးပြုသည့် အဖိုးတန်ကန့်ကို ရရှိရန် ခက်ခက်ခဲခဲလုပ်အားပေးကြရသည်။

မီးတောင်ရပ်ဝန်းဒေသ၌ ကန့်တူးဖော်ရေးလုပ်ငန်းကို စတင်ခွင့်ပြုခဲ့သည့် ၁၉၆၈ ခုနှစ်မှစ၍ ကန့်တူးလုပ်သား လူတန်းစားတစ်ရပ် ပေါ်ထွန်းလာခဲ့သည်။

နေ့စဉ်ပင် ကန့်တူးလုပ်သားအမျိုးသား ၃၀၀ ခန့်သည် လုပ်ငန်းခွင်သုံး ကိရိယာများကို သယ်ပိုးကာ အခြေစိုက်စခန်းမှ ထွက်ခွာရလေ့ရှိသည်။ ၎င်းတို့သယ်ဆောင်လာသည့် ကိရိယာများမှာ လက်နှိပ်ဓာတ်မီးများနှင့် ကန့်ခဲများကို ထုခွဲနိုင်ရန် အသုံးပြုသည့် သံချောင်းများဖြစ်သည်။ ကန့်တူးလုပ်သား အများစုမှာ ဓာတ်ငွေ့ကာ မျက်နှာဖုံးများ ဆင်မြန်းထားခြင်းမရှိဘဲ အဝတ်စ သို့မဟုတ် ပုဝါစဖြင့် ပါးစပ်ကို ဖုံးအုပ်ထားကာ အကာအကွယ်ယူကြရလေသည်။ ကန့်လုပ်သားအချို့သည် မြေကြီးအတွင်းမှ အန်ထွက်လာသော ကန့်ရည်ပူကို သတ္တုပိုက်ဖြင့် သွယ်ယူပြီး မီးတောင်ထိပ်ဝ ရေအိုင်မှ ရေကိုဆင်းခပ်ကာ သတ္တုပိုက်ပေါ် ဖျန်းလောင်းပေးခြင်းဖြင့် ကန့်ကို အအေးခံယူသည်။ လိမ္မော်နီရောင် ကန့်ရည်များ အေးခဲသွားပြီးနောက် အဝါရောင် ကန့်ခဲများအဖြစ်သို့ ပြောင်းလဲသွားလေသည်။

ကန့်တူးလုပ်သားအချို့ကမူ အေးခဲမာကျောနေသော ချော်တုံးမြေခဲများကို ထုခွဲဖွဲ့ထုတ်ပေးခြင်းဖြင့် မီးတောင်တွင်းမှ ကန့်ရည်ပူများ ပိုမိုထွက်ရှိလာစေရန် စွမ်းဆောင်ကြသည်။

အေးခဲပြီး ကန့်အတုံးကြီးများကို သယ်ယူရလွယ်ကူသည့် အရွယ်အစားအဖြစ်သို့ ရောက်ရှိအောင် သံချောင်းဖြင့် ထိုးခွဲကြရပြန်သည်။ ယင်းနောက်တွင် ကန့်တုံးငယ်များကို ဝါးခြင်းတောင်းထဲ ထည့်ကာ ထမ်းပိုးလျှိုထမ်းပြီး မီးတောင်ထိပ်ဝ အတွင်းနံရံတစ်လျှောက် တက်ကြရသည်။ လမ်း၏ နေရာအချို့မှာ ၇၀ ဒီဂရီခန့်အထိ မက်စောက်သဖြင့် ဘေးအန္တရာယ်ကြားမှ လျှောက်လှမ်းကြသူများဖြစ်သည်။

ရိုးရာနည်းစနစ်ဖြင့် ကန့်ထုတ်လုပ်နေကြသော လုပ်သားများ၏ ဘဝမှာ ကြမ်းတမ်းခက်ထန်လှသည်။ ပင်ပန်းကြီးစွာ လုပ်ကိုင်ကြရသော်လည်း ရသည့် လုပ်အားခမှာ အခြေခံစားဝတ်နေရေးအတွက် ဖူလုံရုံမျှဖြစ်ပေလိမ့်မည်။

သတ္တဝါများနှင့် အပင်များ၏ ခန္ဓာကိုယ်တွင် ပါရှိသော ပရိုတိန်းများမှာ အများအားဖြင့် အလွန်ရှုပ်ထွေးသော ကန့်ဒြပ်ပေါင်းများဖြစ်ကြသည်။ ဆံပင်တွင် ကန့် ၅ ရာခိုင်နှုန်းအထိ ပါဝင်သည်။

လူတို့တွင် ကန့်၏ အသုံးဝင်ပုံမှာ အလွန်များမြောင်လှသည်။ အသီးခြောက်များ တာရှည်ခံအောင် ပြုလုပ်ရာ၌ ကန့်ကိုအသုံးပြုလေသည်။ ဆာလဖာနီလာမိုက်၊ ဆာလဖာဂွာနဒင်း၊ ဆာလဖာသိုင်ယာဇိုးစသော ဆာလဖာဆေးများမှာ ကန့်ဝင်ဆေးများဖြစ်၍ ရောဂါအမျိုးမျိုးအတွက် အလွန်အသုံးဝင်သည်။ ဝဲခြောက်နာနှင့် ပွေးကဲ့သို့ အရေပြားတွင်ဖြစ်တတ်သော အနာများကို အကြောတွင် ကန့်ကော်လွိုက်ထိုးပေး၍ ကုသကြသည်။ ဆာလဖာဒိုင်အောက်ဆိုက်ကို တံမြက်၊ ကောက်ရိုးဖြင့် ပြုလုပ်ထားသော အသုံးအဆောင်များကို အရောင်ချွတ်ရာ၌ သုံးသည်။ ကန့်ဒြပ်ပေါင်းဖြစ်သော ကျောက်ချဉ်ကို သားရေနယ်ရာ၌ဖြစ်စေ၊ ဆေးဆိုးရာ၌ဖြစ်စေ၊ စက္ကူပြုလုပ်ရာ၌ ဖြစ်စေ အသုံးပြုသည်။ ဓာတ်ပုံရိုက်ရာ၌ အသုံးပြုသော ဟိုက်ပိုမှာ ဆိုဒီယမ်သိုင်အိုဆာလဖိတ်ဖြစ်သည်။ ကော့ပါးဆာလဖိတ်နှင့် ကာဗွန်ဒိုင်ဆာလဖိတ်မှာ ပိုးနှိမ်ဆေးအဖြစ်လည်းကောင်း၊ ဖဲရပ်ဆာလဖိတ်မှာ မင်ပြုလုပ်ရာ၌လည်းကောင်း အသီးသီး အသုံးဝင်သည်။

မီးတောင်ထိပ်ဝမှာ ချိုင့်နေပြီး ပေ ၆၀၀ ကျော်နက်ကာ ရေကုဗမီတာပေါင်း ၃၆ သန်း တည်ရှိသည်။ ထူးခြားချက်မှာ ယင်းတောင်ပေါ်ရေအိုင်၏ ရေမှာ အက်ဆစ်ဖြစ်နေခြင်းပင်။

ကမ္ဘာပေါ်တွင် အက်ဆစ်ဓာတ် အပြင်းဆုံး ရေအိုင်အဖြစ် ယူဆရပြီး ရေ၏ pH မှာ ၀ ဒသမ ၃ ရှိသည်။ ဆာလ်ဖျူရစ်အက်ဆစ်တမျှ ပြင်းအားရှိသည့် အက်ဆစ်ရေအိုင်မှ တစ်စက္ကန့်လျှင် ၁၁ ဂါလန်နှုန်းခန့်ဖြင့် မီးတောင်အနီးအပါးရှိ မြစ်အတွင်းသို့ စိမ့်ထွက်လျက်ရှိသဖြင့် ရေထုညစ်ညမ်းမှု ဆင့်ကဲဖြစ်ပေါ်ရပြန်သည်။ မြစ်ညာတွင် ရေတားတစ်ခု တည်ဆောက်ကာ ကန့်ရေများ မြစ်အတွင်းသို့ စီးမဝင်အောင် ထိန်းပေးခဲ့သော်လည်း ရေတိုက်စားမှုကြောင့် ကန်ပေါင်များ ကျိုးပျက်မည့် အရေးမှာ ရင်လေးစရာ ကောင်းလှပေသည်။

ကန့်တူးဖော် ထုတ်လုပ်ရေးလုပ်ငန်းမှ ရရှိသော ဝင်ငွေမှာ အခြားအလုပ်အကိုင်များထက် သာလွန်သဖြင့် မိမိ၏ ကျန်းမာရေးကို မငဲ့ကွက်ဘဲ အသက်အန္တရာယ်ကို ရင်ဆိုင်ကာ အသက်မွေးနေထိုင်ကြရဆဲဖြစ်သည်။

အဆိပ်ခိုးသင့် လေကို ရှူရှိုက်နေရခြင်းကြောင့် ကန့်တူးလုပ်သားတို့မှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာကို ခံစားကြရလေ့ရှိပြီး အသက်တိုတတ်ကြသည်။

လွမ်းရေးထက် ဝမ်းရေးခက်သည့် ကန့်တူးလုပ်သားတို့မှာ ဘေးအန္တရာယ်ပြွမ်းတီးသော အလုပ်ကိုပင် ခုံမင်နေကြပြီး ခေတ်မီနည်းပညာဖြင့် ဓာတ် သတ္တုတူးဖော် ထုတ်လုပ်မှုကိုပင် လက်ခံလိုခြင်းမရှိကြပေ။ စက်ယန္တရားဖြင့် ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ခြင်းသည် လုပ်သားအင်အား များများစားစားမလိုသဖြင့် မိမိတို့ အလုပ်လက်မဲ့ဖြစ်ရမည့်အရေးအတွက် ရင်လေးလှသည်ဟု ကန့်တူးလုပ်သားတို့က အကြောင်းပြပြောလေ့ရှိကြသည်။

ကန့်တူးလုပ်သားတို့၏ ဘဝက ညွှန်းဆိုနေသည်မှာ အလုပ်သမားတို့၏ ဘဝမြှင့်တင်ရေး၊ စက်မှုနည်းပညာအတတ်တိုးတက်စေရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဟူသော မဏ္ဍိုင်ကြီးလေးရပ် အချိုးညီညီအချိတ်အဆက်မိမိ လှုပ်ရှားရန်လိုအပ်သည်ဆိုသော သင်ခန်းစာပင် ဖြစ်သည်ဟု ကျွန်ုပ်တွေးတော မိလေသတည်း။ ။



ရှင်သာ မှော်(ဖေ့ာ်) ၁၀၀၀၀
နန်းထိုက်သူ ၅၀၀၀၀ကျပ်

သချ်ာ ဦးအောင်သောင်း
၂တန်း မှ ၁၀တန်းအထိ သချ်ာ တစ်ဘာသာတည်း သန့်သန့်
(၇၀) တ-ထပ၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်း။
ဖုန်း – 09 5192923 ၊ 01 246108

Storm Area For All
အားလုံးအတွက်

မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း
Print China 2015
3rd International Printing Technology Exhibition of China, Guangdong, April 7-12,2015
မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းသည် အသင်းသားပုံနှိပ်လုပ်ငန်းရှင်များအား နောက်ဆုံးပေါ် နည်းပညာနှင့် စက်မှုပစ္စည်းများအား လေ့လာနိုင်ရန်အတွက် တရုတ်နိုင်ငံ၊ တုံးဂွမ်မြို့တွင် ဧပြီလ (၇)ရက်မှ (၁၂)ရက်ထိ ကျင်းပမည့် တတိယအကြိမ်မြောက် Print China 2015သို့ သွားရောက်လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူများအနေဖြင့် အသင်းရုံးခန်းသို့ ၂၀၁၅ခုနှစ်၊ မတ်လ (၁၄)ရက်နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ပါသည်။
ခရီးစဉ်အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
ထွက်ခွာရက် - ၆-၄-၂၀၁၅ရက်
ပြန်ရက် - ၁၁-၄-၂၀၁၅ရက်
ခရီးစရိတ် - US $ 1000
အသင်းရုံးခန်း - အမှတ်(၆၀၁)၊ ၆ထပ်၊ UMFCCI Tower
ဖုန်း-၀၉-၅၁၀၄၈၀၅၊ ၀၉-၅၁၀၀၅၃၄၊ ၀၁-၂၃၀၀၁၉၈၊ ၀၁-၂၃၀၀၁၉၇

# ကျွန်းလှတွင် ကျန်းမာရေးဝန်ထမ်းများနေထိုင်ရန် ဝန်ထမ်းအိမ်ယာများတည်ဆောက်



**ကျွန်းလှ မတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ပြည်သူ့ဆေးရုံ၌ကျန်းမာရေးဝန်ထမ်းများနေထိုင်ရေး အဆင်ပြေရန်အတွက် ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် နိုင်ငံတော်အစိုးရဘတ်ဂျက်ငွေလုံး ငွေရင်းရန်ပုံဖြင့်ဝန်ထမ်းအိမ်ရာများတည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဝန်ထမ်းအိမ်ရာများကို၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်ငွေကျပ်သိန်း ၈၅၀ဖြင့် ခြောက်ခန်းတွဲလေးထပ်၊ လူနေခန်း၂၄ခန်း၊ အိမ်ခန်းအ ကျယ်(အလျား၄၀×အနံ၂၂)ပေရှိ အိပ်ခန်းနှစ်ခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုခန်း၊ ရေချိုးခန်း၊ အိမ်ရာပါ အဆောက်အအုံ အကျယ်အဝန်း (အလျား၁၆၄ ပေ ၆လက်မ×အနံပေ ၅၀)အား ကြယ်စင်မင်းကုမ္ပဏီက ယခုနှစ် ဇန်နဝါရီမှစ၍ တာဝန်ယူဆောက်လုပ်ပြီး ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် ကျန်ရန်ပုံငွေကျပ်သိန်း၄၉၆၀ဖြင့် ဩဂုတ်လတွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်းဆောက်လုပ်ရေးတာဝန်ခံ ဦးခင်မောင်ကြည်ကပြောပြသည်။

ဆက်လက်၍လေးခန်းတွဲလေးထပ်ဝန်ထမ်းအိမ်ယာကို ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေကျပ် ၆၅၀ဖြင့် လူနေခန်း၁၆ခန်း အဆောက်အအုံ အကျယ်အဝန်းအလျား ၁၀၄ပေ×အနံ၅၀ပေအား ဇန်နဝါရီမှစ၍ရွှေပိတောက်ကုမ္ပဏီက တာဝန်ယူတည်ဆောက်ပြီး၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကျန်ရန်ပုံငွေကျပ် ၂၉၅၀ ဖြင့် အကောင်အထည်ဖော်တည်ဆောက်သွားမည်ဖြစ်ကြောင်းဆောက်လုပ်ရေး တာဝန်ခံဦးဇော်ထက်က ပြောပြသည်။

ပြည်သူ့ဆေးရုံဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်ကော်မတီများ၊ မြို့နယ်အထောက်အကူပြုကော်မတီများနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့က လမ်းညွှန်ကြီးကြပ်လျက်ရှိသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

## နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် မတ် ၇**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် မတ် ၅ရက် နံနက်၁၀နာရီကစ၍ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဝန်ထမ်းများကမိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုကွင်းဆင်းဆောင်ရွက်ရာသို့ အနောက်ပိုင်းခရိုင် ဦးစီးဌာနမှူး ဦးစိုးလွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ဇင်တို့က ကြီးကြပ်ပြီး ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဝင်းနိုင်ဦးကလည်း ပါဝင်ပူးပေါင်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **ပန်းမွှေး**

## လေးမျက်နှာမြို့နယ် မြတ်စေတနာ(ကုသိုလ်ဖြစ်)အခမဲ့ဆေးခန်း ရွှေရတုအထိမ်းအမှတ် ကျင်းပ

**လေးမျက်နှာ မတ် ၇**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့ မြတ်စေတနာ(ကုသိုလ်ဖြစ်) အခမဲ့ဆေးခန်းတည်ထောင်ခြင်း နှစ်နှစ်ပြည့် ဆေးကုသမှုအကြိမ် (၅၀) မြောက် ရွှေရတုအထိန်းအမှတ်နှင့် လူနာတင်ယာဉ်အလှူငွေပေးအပ်ပွဲ၊ ညစာစားပွဲကို မတ် ၄ ရက်တွင် ကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ဦးကျော်ဝင်းနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ မြတ်စေတနာ (ကုသိုလ်ဖြစ်) အခမဲ့ဆေးခန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးနှင့် အဖွဲ့ဝင်များ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာရွှေဝါမြင့်နှင့် ဆရာဝန်များ၊ အလှူရှင်များ၊ မြို့မိမြို့ဖများ ဆေးကုသခံလူနာများတက်ရောက်ကြသည်။

ယင်းနေ့ နံနက် ၅ နာရီတွင်သံဃာတော်များအား အာရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး အကြိမ်(၅၀) မြောက်ဆေးကုသမှုကို မြို့နယ်ဆရာဝန်ကြီး ဦးဆောင်၍ ဆေးကုသမှုကို ညနေ ၄ နာရီအထိ ဆောင်ရွက်ခဲ့သည်။ ညနေ ၅ နာရီခွဲတွင် မြတ်စေတနာ (ကုသိုလ်ဖြစ်) ဆေးခန်း နှစ်နှစ်ပြည့် ဆေးကုသမှု အကြိမ် (၅၀) မြောက် ရွှေရတုအထိမ်းအမှတ် လူနာတင်ယာဉ်ပေးအပ်လှူဒါန်းခြင်း၊ အလှူငွေပေးအပ် လှူဒါန်းပွဲနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဦးကျော်ဝင်းနိုင်က အမှာစကားပြောကြားပြီး မြတ်စေတနာ (ကုသိုလ်ဖြစ်) အခမဲ့ဆေးခန်းရန်ပုံငွေ ဖွင့်လှစ်ခြင်းမှ ကံစမ်းမဲပေါက်သူများအား ဆုချီးမြှင့်ခဲ့သည်။

မြတ်စေတနာ(ကုသိုလ်ဖြစ်)အခမဲ့ဆေးခန်းသည် အကြိမ် (၅၀)မြောက်ဆေးကုသမှုပြုလုပ်ခဲ့ပြီး လူနာဦးရေ ၁၁၇၄၈ ဦးအား ဆေးဖိုး ၁၄၇၂၂၅၁၂ ကျပ်အကုန်ကျခံကုသခဲ့ကြောင်းနှင့် အထွေထွေရောဂါနှင့် တိုင်းရင်းဆေးဝါးများပါ ကုသပေးခဲ့ကြောင်းသိရသည်။ **တင်ရွှေ(ပြန်/ဆက်)**

## နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**ကသာ မတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၊ ဦးစီးအရာရှိ ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်သည် ကသာခရိုင် လဝက ဦးစီးအရာရှိ၊ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းခိုင်နှင့် အတူဗန်းမောက်မြို့သို့ရောက်ရှိပြီး မတ် ၂ ရက် နံနက် ၈ နာရီက မြို့နယ်လဝကဦးစီးအရာရှိ ဦးဝင်းနိုင်တို့လိုက်ပါ၍ ကသာမြို့နယ်အတွင်း လက်ထောက် လဝကမှူးဦးကျော်ဇင်ထွန်းနှင့်အဖွဲ့ ကွင်းဆင်းဆောင်ရွက်နေသည့် ကွဲကောကြီးကျေးရွာအုပ်စု၊ ထိန်ဆုံကျေးရွာဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိပြီး ဆောင်ရွက်လုပ်ကိုင်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက်ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ထိန်ဆုံကျေးရွာမှ နံနက် ၁၀ နာရီတွင်ထွက်ခွာပြီး မံလူးကျေးရွာအုပ်စု ကြောင်လည်ကျေးရွာဘုန်းတော်ကြီးကျောင်း ကိုးခန်းဇရပ်သို့ မွန်းတည့် ၁၂နာရီတွင် ရောက်ရှိကာလူထုတွေ့ဆုံပွဲနှင့် နိုင်ငံသားစိစစ်ဆေးကတ်ပြားပြုလုပ်ထားသူ ၂၃၈ တို့အား ပေးအပ်ခဲ့ကြောင်းသိရသည်။ **ခရိုင်(ပြန်/ဆက်)**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးဟောပြော

**တောင်တွင်းကြီး မတ် ၇**

လူမှောင်ခိုလူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်အမျိုးသမီးငယ်များ အကြမ်းဖက်မှုမှကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကို တောင်တွင်းကြီးမြို့နယ် ချောင်နက်အနောက်ကျေးရွာ၌ မတ် ၆ ရက်နံနက်ပိုင်းက ကျင်းပခဲ့သည်။

ဟောပြောပွဲသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ခင်မို့မို့ထွန်းက လူကုန်ကူးမှုတားဆီးရေးအကြောင်းသိကောင်းစရာများကိုလည်ကောင်း ဒေါ်သီသီတင်က အမျိုးသမီးငယ်များ အကြမ်းဖက်မှုမှကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အသိပညာများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက အသင်းဝင်အမျိုးသမီးများအား အသင်းဝတ်စုံနှင့် အမျိုးသမီးရေးရာဝတ်စုံများကို ပေးအပ်ကာ သက်ကြီးဘိုးဘွားများအား ဆေးဝါးနှင့်အာဟာရဖြစ်စေသည့် အစားအစာများကိုပေးအပ်လှူဒါန်းခဲ့ကြသည်။ **နိုင်ဝင်း**


**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း/ကော်ပိုရေးရှင်း ဝန်ထမ်းဟောင်းများအသင်းဖွဲ့စည်းရန်**

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း/ကော်ပိုရေးရှင်း၏ ဝန်ထမ်းဟောင်းများအသင်း ဖွဲ့စည်းတည်ထောင်မည်ဖြစ်ပါ၍ ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းဟောင်းများ (အငြိမ်းစား၊ နုတ်ထွက်၊ ဌာနပြောင်း) များအနေဖြင့် အောက်ပါအတိုင်း ကြွရောက်ပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေရာ | - | အမှတ်-၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ကြေးမုံသတင်းစာတိုက် |
| ကျင်းပမည့်နေ့ရက် | - | ၁၁-၃-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) |
| ကျင်းပမည့်အချိန် | - | နံနက် ၁၀း၀၀ နာရီ |

အသေးစိတ်သိရှိလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| ဦးခင်မောင်ကျော်ဒင် | စာတည်းမှူးချုပ် ဖုန်း-၀၉-၂၅၃၂၅၈၅၁၀ |
| ဦးဇော်ဝင်း | မန်နေဂျာ(ငြိမ်း) ဖုန်း-၀၉-၇၉၈၄၄၀၃၁၈ |
| ဦးဇော်မင်း | မန်နေဂျာ ဖုန်း-၀၁-၅၄၄၃၁၄ |
| ဦးရွှေကို | မန်နေဂျာ ဖုန်း-၀၁-၈၆၁၀၆၈၅ |
| ဒေါ်စန်းစန်းမြင့် | မန်နေဂျာ ဖုန်း-၀၁-၂၀၀၈၁၂ |

**အသင်းဖြစ်မြောက်ရေးကော်မတီ**


## ကလေးမြို့သူနာပြုနှင့် သားဖွားသင်တန်း ကျောင်းအမြန်ပြီးစီးရေး နေ့ဆိုင်းညဆိုင်း ဆောက်လုပ်နေ



**ကလေး မတ် ၇**

ကလေးမြို့ သူနာပြုနှင့် သားဖွားသင်တန်း ကျောင်းအား၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၅ရက်က စတင်ဆောက်လုပ်ခဲ့ရာ သတ်မှတ်ထားသည့် ကာလအတွင်း အမြန်ပြီးစီးနိုင်ရေးနေ့ ဆိုင်း၊ ညဆိုင်းဖြင့် မရပ်မနား ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ဒေသဖွံ့ဖြိုးရေးအစီအစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည့် သူနာပြုနှင့်သားဖွားသင်တန်းကျောင်းအဆောက်အအုံများကို ချမ်းမြေ့အောင်စည်ရပ်ကွက်၊ ပင်လုံလမ်းမတော်လမ်းဘေး(ကားလေးကွင်းအနီး ယခင်ငါးကန်ဟောင်းနေရာ)တွင်၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ် ဆေးသိပ္ပံပညာဦးစီးဌာန ငွေလုံးငွေရင်းကျပ် ၂၉၀၃သန်းအကုန်အကျခံ၍ ကုမ္ပဏီရှစ်ခုတို့က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါ သင်တန်းကျောင်းအဆောက်အအုံများ ဆောက်လုပ်ရာတွင် ပင်မစာသင်ဆောင်အလျား ၂၅၈ ပေ၊ အနံ ၇၇ ပေ၊ အမြင့် ၃၆ ပေရှိ သုံးထပ်စာသင်ဆောင်၊ ကျောင်းသားကျောင်းသူများ ထမင်းစားဆောင် အလျားပေ ၂၀၀၊ အနံပေ ၅၀၊ မီးဖိုဆောင် အလျား ပေ ၆၀၊ အနံပေ ၄၀၊ သင်တန်းသူအိပ်ဆောင် အလျား ၁၅၄ ပေ၊ အနံ ၃၆ ပေ၊ အမြင့် ၃၆ ပေရှိသုံးထပ်ဆောင် နှစ်လုံးတို့ကို ဆောက်လုပ်လျက်ရှိသည်။

ဆရာ၊ဆရာမများအိပ်ဆောင် အလျား ၉၂ ပေ၊ အနံပေ ၄၀၊ အမြင့် ၃၆ ပေရှိ သုံးထပ်ဆောင်နှစ်လုံး၊ ဝန်ထမ်းအိမ်ရာ အလျား ၁၀၂ ပေ၊ အနံ ၂၅ ပေရှိ လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာ နှစ်လုံး၊ လျှပ်စစ်မီးသွယ်တန်းခြင်း၊ Transformer တပ်ဆင်ခြင်း၊ သင်တန်းကျောင်း ကွန်ကရစ်မုခ်ဦးတည်ဆောက်ခြင်းတို့ကိုလည်း ဆောက်လုပ်လျက်ရှိသည်။

ထို့ပြင် အုတ်တံတိုင်းပြုလုပ်ခြင်း၊ လေးလက်မ အဝီစိတွင်း၊ ဂါလန် ၈၀၀ ဆံ့မြေအောက်ရေလှောင်ကန်၊ ဂါလန် ၁၆၀၀ ဆံ့အမြင့်တင်ရေစင်၊ မိလ္လာကန်နှစ်လုံးတည် ဆောက်ခြင်းလုပ်ငန်းတို့ကို ဆုလျှံထွန်းကုမ္ပဏီ၊ ဘုန်းမြတ်ဖြိုးကုမ္ပဏီ၊ မျိုးမြတ်မြန်မာကုမ္ပဏီ၊ ကောင်းစည်ဟိန်းကုမ္ပဏီ၊ ကောင်းသစ်ဟိန်းကုမ္ပဏီ၊ ဒေဝတာကုမ္ပဏီ၊ ပန်းမွန်ကုမ္ပဏီနှင့် Well Techကုမ္ပဏီတို့က သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အမြန်ပြီးစီးနိုင်ရေးနှင့် အဆောက်အအုံ အရည်အသွေးပြည့်ဝရေးကို နေ့ညအချိန်ပြည့် လုပ်ငန်းဆောင်ရွက်မှုကို တာဝန်ရှိ သက်ဆိုင်ရာတို့က အနီးကပ်ကြီးကြပ်ဆောင်ရွက် လျက်ရှိသည်။

ထိုသို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းကို ကလေးမြို့တွင် တည်ဆောက်ခြင်းအားဖြင့် ဒေသခံများအပြင် ချင်းပြည်နယ်(မြောက်ပိုင်း)နှင့် ကလေးဝမြို့၊ မင်းကင်းမြို့၊ တမူးခရိုင်၊ မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်များမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သူနာပြုသင်တန်းကျောင်း တက်ရောက်လိုသူများ အနေဖြင့် ကလေးမြို့တွင်လွယ်လွယ်ကူကူတက်ရောက်ပညာသင်ယူနိုင်ရေးအတွက် ရည်ရွယ်၍ တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား(iprd)**

# ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း သင်ကြားလေ့ကျင့်ရေး ပြုပြင်ပြောင်းလဲ

**à ဇော်မင်းမင်းဦး**

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းသည် ရထားပို့ဆောင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန လုပ်ငန်းအဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်းများနှင့် အခြားဆက်စပ်ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၏ လူသားစွမ်းရည်အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ တိုးတက်ပြောင်းလဲလာသော နည်းပညာများနှင့် လုပ်ငန်းခွင် ကျွမ်းကျင်မှု အရည်အသွေး တိုးတက်မြင့်မားရေး၊ ပြည်သူကို အကောင်းဆုံး ဝန်ဆောင်မှုပေးကာ အလုပ်အကျွေးပြုနိုင်သည့် ဝန်ထမ်းကောင်းများဖြစ်စေရေး၊ စိတ်ဓာတ်၊ စည်းကမ်း၊ ခံယူချက်တည့်မတ်မှန်ကန်စေရေးတို့အတွက် ဦးတည်ရည်မှန်းလျက် သင်တန်းများ ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးလျက်ရှိသည်။

ထိုသို့ သင်တန်းများဖွင့်လှစ်ပို့ချလေ့ကျင့်ပေးရာ၌ ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ အောက်ပါအတိုင်းပြုပြင်ပြောင်းလဲ ဆောင်ရွက်လျက်ရှိပါသည် -

(က) **ဝန်ထမ်းများအနေဖြင့် ပြုပြင်ပြောင်းလဲလာသည့် ခေတ်စနစ်နှင့် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ၊ နည်းပညာများကို ကောင်းစွာနားလည်ကျေညက်ပြီး လက်တွေ့အကောင် အထည်ဖော်ရာတွင် ကျွမ်းကျင်ပိုင်နိုင်အောင်မြင်စွာ စီမံခန့်ခွဲဆောင်ရွက်နိုင်စွမ်းရှိစေရေး လေ့ကျင့်ပေးခြင်း။**

(ခ) **ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ အတွေးအခေါ်၊ စိတ်ဓာတ်၊ စည်းကမ်း ခံယူချက်များ မြှင့်တင်တည့်မတ်ပေးနိုင်မည့် တွေးခေါ်ခံယူမှုပုံစံ(Mind-Set) ပြုပြင်ပြောင်းလဲရေးဘာသာရပ်များကို ထည့်သွင်းပို့ချ လေ့ကျင့်ပေးခြင်း။**

(ဂ) **ခေတ်နှင့်အညီ ဆရာဗဟိုပြုသင်ကြားမှုစနစ်မှ ကျောင်းသားဗဟိုပြုသင်ကြားမှုစနစ်သို့ ပြောင်းလဲကျင့်သုံးဆောင်ရွက်ခြင်း။**

(ဃ) **သင်တန်းသားများအနေဖြင့် တစ်ဆင့်ခံသင်ကြားမှုစနစ်မှသည် ကိုယ်တိုင်လေ့လာဆည်းပူးမှုစနစ်သို့ ကူးပြောင်းကျင့်သုံးဆောင်ရွက်ခြင်း။**

Public Workforces Training **သင်တန်းများ ဖွင့်လှစ်ခြင်း**

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းသည် ဝန်ကြီးဌာနတစ်ခုလုံးရှိ အရာထမ်း၊ အမှုထမ်းများ၏ လူသားစွမ်းရည်အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထား သင်ကြားလေ့ကျင့်ပေးနေသည့် ဗဟိုအဆင့်ကျောင်းကြီးဖြစ်သည့်အပြင် တစ်ဖက်တွင် ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ လုပ်ငန်းခွင်ကျွမ်းကျင်မှုတိုးတက်ရေး၊ အာဆီယံအဆင့်မီ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးတို့အတွက် အမျိုးသားအလုပ်အကိုင် ကျွမ်းကျင်မှုစံသတ်မှတ်ရေးအဖွဲ့ ( Natoinal Skills Standard Authority - NSSA)၏ လုပ်ငန်းစဉ်များ၌ ပူးပေါင်းလက်တွဲလျက် အောက်ပါ Public Workforces Training သင်တန်းများကိုပါ ဖွင့်လှစ်သင်ကြား ပို့ချလေ့ကျင့်ပေးလျက်ရှိပါသည် -

(က) Automotive Mechanic Level -1 (သင်တန်းကာလ -၁၂ ပတ် )

(ခ) Electric Arc Welding Level -1 (သင်တန်းကာလ -၁၂ ပတ် )

ဆက်လက်၍ ၂၀၁၅-၂၀၁၆ သင်ကြားလေ့ကျင့်ရေးနှစ်တွင် အောက်ပါသင်တန်းများကိုပါ ဖွင့်လှစ်ပို့ချလေ့ကျင့်ပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည် -

(က) Basic Computer Course

(ခ) Auto CAD Course

**ပြည်သူ့အတွက်ရထား**

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းအနေဖြင့် အလုပ်အကိုင်ကျွမ်းကျင်မှု အသိအမှတ်ပြု လုပ်ငန်းအဆင့်များနှင့်အညီ Competency Based Curriculum များ ရေးဆွဲပြီးအဆိုပါ သင်ရိုးညွှန်းတမ်းများနှင့်အညီ သင်တန်းများ ဖွင့်လှစ်ပို့ချလေ့ကျင့်ပေးမည့်အပြင် ကျွမ်းကျင်မှုစမ်းသပ်စစ်ဆေးရေး အသိအမှတ်ပြုလက်မှတ်များရရှိရေးကိုပါ ဆက်လက်ကြိုးပမ်း ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။



Electric Arc Welding **သင်တန်းလက်တွေ့လေ့ကျင့်စဉ်။**

ပြည်သူ့အတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် လက်အောက်ဦးစီးဌာန၊ လုပ်ငန်းကျောင်း အသီးသီးတို့အနေဖြင့်ပြုပြင် ပြောင်းလဲရေးလှိုင်းများနှင့်အတူ ပြည်သူဗဟိုပြုချဉ်းကပ်မှုဖြင့် ပြည်သူလူထုအတွက် ချက်ချင်းလက်ငင်းအကျိုးခံစားရရှိစေနိုင်မည့် ပြုပြင်ပြောင်းလဲမှုများကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက် လျက်ရှိပါသည်။ ရရှိနိုင်သည့်အချိန် ဘတ်ဂျက်သုံးစွဲမှု လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု လုပ်ငန်းသဘောသဘာဝ စသည့်အကန့်အသတ်များအကြားမှ ပြုပြင်ပြောင်းလဲမှု (Reform) ပြုလုပ်ရခြင်းဖြစ်၍ မှန်းသလောက် ခရီးမပေါက်ဘဲ အတိုင်းအတာတစ်ခုအထိသာ ရှေ့တိုးနိုင်ခဲ့သည်ကိုလည်း ဝန်ခံရမည်ဖြစ်ပါသည်။ သို့သော် ပြည်သူတို့အတွက် လက်ငင်းအကျိုးဖြစ်ထွန်းပြီး လွယ်ကူသက်သာ အဆင်ပြေချောမွေ့စွာ သွားလာဆက်သွယ်ဆောင်ရွက်နိုင်စေလိုသော စေတနာအရင်းခံ ဖြင့်တွန်းတွန်းတိုက်တိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်မှာမူ လက်တွေ့ဆောင်ရွက်ချက်များက သက်သေပြလျက်ရှိပါသည်။

**အထူးသဖြင့် ရထားပို့ဆောင်ရေးလုပ်ငန်းသည် လွန်စွာကြီးမားကျယ်ပြန့်လှပြီး လူ၊ ပစ္စည်း၊ ငွေကြေး၊ နည်းပညာ၊ အခြေခံအဆောက်အအုံစသည့် လိုအပ်ချက်အားလုံး ခိုင်မာပြည့်စုံကောင်းမွန်ရန်မှာ များစွာအချိန်ယူရသည့် သဘောသဘာဝရှိပါသည်။ နိုင်ငံတကာ၌လည်း ဤသဘောသဘာဝ အတိုင်းပင်အချိန်ယူတည်ဆောက် အကောင်အထည်ဖော်ကြရပါသည်။**

မိမိတို့လည်း ကြိုးပမ်းကြရပါမည်။ အချိန်ယူ၍ ကြိုးပမ်းကြရပါမည်။ တစ်ဖက်က ရေရှည်ခေတ်မီဖွံ့ဖြိုးတိုးတက်မှုအတွက် အချိန်ယူတည်ဆောက်ကြရမည့် စီမံကိန်းကြီးများကို နိုင်ငံတကာစံနှုန်းမီ အကောင်အထည်ဖော်ရန် စတင်အရှိန်ယူဆောင်ရွက်လျက်ရှိသည့်နည်းတူ အခြားတစ်ဖက်တွင် ပြည်သူများလတ်တလော အဆင်ပြေချောမွေ့စေရန်အတွက် ရေတိုလုပ်ငန်းများကိုလည်း လက်ငင်းရင်ဆိုင်နေရသည့် အကန့်အသတ် အခက်အခဲများအကြားမှ အကောင်းဆုံးကြိုးပမ်းဖော်ဆောင်သွားမည်ဖြစ်ပါသည်။

မနေ့က အဆင်မပြေမှုများ ယနေ့အဆင်ပြေရမည်။ ယနေ့အဆင်မပြေသေးသည်များ မနက်ဖြန်တွင် အဆင်ပြေသွားစေရမည်။ မဝေးတော့သောကာလတွင် အားလုံးအဆင်ပြေစေရမည်။ ပြည်သူ့အတွက် ရထားဖြစ်အောင် ကျွန်ုပ်တို့ ကြိုးပမ်းဆောင်ရွက်သွားပါမည်။ ။

❑❑❑

## ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန် လွှတ်တော်ရန်ပုံငွေ ဒုတိယအရစ် မြန်အောင်မြို့နယ်တွင် ပေးအပ်

**မြန်အောင် မတ် ၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ရပ်ကွက်နှင့်ကျေးရွာများတွင် ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်းအပြီး ဆောင်ရွက်နိုင်ရေးအတွက် ဒုတိယအရစ်ငွေကျပ်သိန်း ၆၀၀ ကို မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီက လုပ်ငန်းကော်မတီများသို့ မတ် ၅ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးအောင်ဝင်းဆွေ၊ ဦးအောင်မျိုးညွှန့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းတို့က လုပ်ငန်းဆောင်ရွက်မှု၊ရန်ပုံငွေသုံးစွဲမှုနှင့်စာရင်းဇယားမှတ်တမ်းထားရှိမှုများနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်စာရင်းစစ်အရာရှိက ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ သုံးစွဲရေး လမ်းညွှန်နှင့် ငွေစာရင်းပုံစံရေးသွင်းရေးတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက်ရပ်ကွက်နှင့် ကျေးရွာအုပ်စုလုပ်ငန်းကော်မတီများသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်တို့က ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေများကိုအသီးသီးပေးအပ်ခဲ့ကြသည်။

မြန်အောင်မြို့နယ်တွင် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့်လမ်း၊ တံတား၊ စာကြည့်တိုက်နှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ပညာရေးလုပ်ငန်းများ ဆောင်ရွက်နေသည်။ **ဝင်းမိုလ်**

## တောင်ကြီးမြို့၌ ကျေးလက်ဖွံ့ဖြိုးရေးဆောင်ရွက်

**တောင်ကြီး မတ် ၇**

ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ သော တောင်ကြီးမြို့နယ်အတွင်းရှိ ဇလဲ-ကျောက်-စုမှ အင်ပင်ရှည်ရွာမှ သွားလမ်း (၁/၄၇၃) မိုင် ဖာလုံ အား ကျောက်ချောခင်းခြင်းလုပ်ငန်းနှင့် အင်ပင်ရှည်ရွာဆိုလာမီး ၉၅ လုံးတပ်ဆင်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ နောက်ဆုံးပတ်ကဖွင့်ပွဲ ကျင်းပခဲ့သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးခင်မောင်တိုးနှင့် ကျေးရွာရပ်မိရပ်ဖများက အခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ၎င်းဖွင့်ပွဲအခမ်းအနားသို့ ကျေးရွာသူ ကျေးရွာသားများ အင်အား ၃၀၀ ကျော်တက်ရောက်ခဲ့ကြောင်းသိရသည်။ **(ကြေးမုံ)**




**နန်းထိုက်တော်ဝင် စားသောက်ကုန်နည်းပညာ သင်တန်း**

သင်တန်း-(နိုနိုကိုကို) ၂၉လမ်း×၇၂လမ်းဒေါင့်၊မန္တလေး။ ၀၂-၃၁၅၀၅၊ ၀၉-၅၁၃၄၉၈၇။

INVITATION FOR OPEN TENDER (2/2015)
[TENDER NO.MPPE/JET A1/T/1(2014-2015)]

1. Open Tender is invited for the Myanma Petroleum Products Enterprise, the Ministry of Energy for the supply of JET A1 (282,000 bbl ± 10%)
2. Tender Closing Date & Time - 16-3-2015,12:00 Hrs
3. Tender Opening Date & Time - 16-3-2015,13:00Hrs
4. Delivery Time - 1st April 2015 to 31st August 2015
5. Tender documents and details information are available at the Department of Finance, the Myanma Petroleum Products Enterprise, Nay Pyi Taw, during office hours commencing 5-3-2015 on payment of Myanmar Kyat One Hundred Thousand (Kyat 100,000)per set.
6. Only bid from tenderer who has purchased tender document officially from the Myanma Petroleum Products Enterprise will be accepted for evaluation.

**Managing Director**
**Myanma Petroleum Products Enterprise**
**Ministry of Energy,No(6)Complex,Nay Pyi Taw**
**Contact Phone No. 067-411487/411486/411280**

# ဒီပက်ရာရပ်တော်မူဗုဒ္ဓမြတ်စွာဘုရားပွဲတော်တွင် ဆွမ်းဆန်စိမ်းလောင်းလှူ



**မော်လိုက် မတ် ၇**

နှစ်ပေါင်း (၁၅၀) ကျော်ကတည်းက ဒီပက်ရာတောင်တော်ပေါ်တွင် တည်ထားကိုးကွယ်တော်မူခဲ့သည့် ရပ်တော်မူဘုရားကြီး၏ နှစ်စဉ်တပေါင်းလပြည့်နေ့တိုင်း ကျင်းပမြဲဖြစ်သည့် ဗုဒ္ဓပူဇနိယ ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲကို မတ် ၄ ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါ ဒီပက်ရာတောင်တော်ပေါ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ၌ မော်လိုက်မြို့နယ်လုံးရှိ သံဃာတော်အပါး ၁၀၀ ကျော်တို့အား ရပ်ဝေးရပ်နီးမှလာရောက်ကြသော စေတနာရှင်၊ အလှူရှင်တို့မှ ဆွမ်းဆန်စိမ်းများ လောင်းလှူပူဇော်ခဲ့ကြပြီး ဆရာတော်များထံမှ ရှစ်ပါးသီလများ ခံယူဆောက်တည်ခဲ့ကြကြောင်း သိရသည်။

"ကျွန်တော်တို့ မော်လိုက်မြို့မှာတော့ အခု ဒီပက်ရာဆွမ်းလောင်းပွဲက အစည်ကားဆုံးပါပဲ။ ပွဲလမ်းသဘင်တွေ မပါလဲ ဆွမ်းလောင်းပွဲကတော့ စည်တယ်။ပွဲလမ်းသဘင်တွေပါရင် ပိုစည်ကားတာပေါ့ဗျာ။ ဘုရားက တော်တော်တန်ခိုးကြီးတယ်။ အရင်နှစ်တွေကဆိုရင် ရောင်ခြည်တော်ကွန့်မြူးလို့ ဖူးခွင့်ရသူတွေ ဖူးခွင့်ရကြတယ်။ ဒီပက်ရာ ဆွမ်းလောင်းပွဲဆိုရင် မော်လိုက်မြို့နယ် တစ်နယ်လုံးမှာရှိကြတဲ့ ပြည်သူလူထုတွေပါလာကြတယ်။ အခုဆိုရင် လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းမွန်လာတော့ ရပ်ဝေးကသူတွေပါလာကြတယ်။ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မရောက်ခင် အသံမစဲမဟာပဋ္ဌာန်းပွဲကိုလည်း ငါးရက်တိုင်တိုင် ကျင်းပတယ်။ ဒါတွေကလည်း နှစ်စဉ်ကျင်းပမြဲဖြစ်ပါတယ်။ ဒီလိုတပေါင်းလပြည့်တိုင်းမှာ စည်ကားသိုက်မြိုက်စွာကျင်းပမြဲဖြစ်တဲ့ ဒီပက်ရာဗုဒ္ဓပူဇနိယ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နောက်နှစ်တွေမှာလည်း ဒီထက်မကစည်ကားသိုက်မြိုက်စွာ ကျင်းပသွားမှာပါ" ဟု ဆွမ်းဆန်စိမ်း လောင်းလှူပွဲနှင့် ပတ်သက်၍ ဦးသန်းမောင်က ပြောသည်။

**ကျော်ပွား(မော်လိုက်)**

# ပခုက္ကူခရိုင်ရှိမြို့နယ်များသို့ မီးသတ်ဆိုင်ရာပစ္စည်းများ၊ ရုံးအသုံးအဆောင်ပစ္စည်းများလွှဲပြောင်းပေးအပ်

**ပခုက္ကူ မတ် ၇**

မီးသတ်ဦးစီးဌာန၏ရည်မှန်းချက်တာဝန် (၄) ရပ်ဖြစ်သော မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး စသည့် လုပ်ငန်းစဉ်များအား သင့်(၄)သင့်၊ မြန်(၃)မြန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ရန်ပုံငွေဖြင့် ဝယ်ယူဖြည့်တင်းထားသော အရန်မီးသတ်တူညီဝတ်စုံများ၊ မီးငြိမ်းသတ်ရေးပစ္စည်းများ၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ၊ ရုံးအသုံးအဆောင်ပစ္စည်းများကို ပခုက္ကူခရိုင် မီးသတ်ဦးစီးဌာနရုံးတွင် မတ် ၅ ရက်၊ နံနက် ၁၀ နာရီ၌ လွှဲပြောင်းပေးအပ်သည့်အခမ်းအနား ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး၊ သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဦးသိန်းထွန်းကတိုင်းဒေသကြီးရန်ပုံငွေဖြင့်ဝယ်ယူဖြည့်တင်းထားသောပစ္စည်းများကို မိမိမြို့နယ်သို့ ရောက်ရှိအသုံးပြုသည့်အခါ စနစ်တကျကိုင်တွယ်အသုံးပြုပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကာကွယ်လေ့ကျင့်ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ယင်းနောက် အရန်မီးသတ်တူညီဝတ်စုံများ၊ မီးငြိမ်းသတ်ရေးပစ္စည်းများ၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ၊ ရုံးအသုံးအဆောင်ပစ္စည်းများကို တိုင်းဒေသကြီးဝန်ကြီး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ခရိုင်မီးသတ် ဦးစီးမှူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဇော်မိုးသိန်းတို့က ပေးအပ်ခဲ့ကြောင်းသိရသည်။

**ကြေးမုံ**

# ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးသင်တန်း အမှတ်စဉ်(၁/ ၂၀၁၅)ပခုက္ကူ၌ဖွင့်လှစ်

**ပခုက္ကူ မတ် ၇**

ပခုက္ကူခရိုင်ရဲတပ်ဖွဲ့၏ ၂၀၁၅ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး သင်တန်းအမှတ်စဉ် (၁/၂၀၁၅) သင်တန်းဖွင့်ပွဲကို မတ် ၅ ရက်၊ နံနက် ၉ နာရီတွင် ပခုက္ကူခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာမကွေးတိုင်းဒေသကြီး၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်စိုးဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားကာ သင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူးရဲမှူးကြီး အောင်စိုးဝင်း၊ ပခုက္ကူခရိုင်ကော်မရှင်ဥက္ကဋ္ဌဦးရွှေကျော့၊ ခရိုင်ရဲတပ်ဖွဲ့မှူးဒုရဲမှူးကြီးလှဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးမောင်မောင်ထွေး၊ သင်တန်းသား ၅၀ ဦးနှင့် ဖိတ်ကြားထားသော သတင်းမီဒီယာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ သင်တန်းဖွင့်ပို့ချရခြင်းမှာ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကျင်းပချိန်တွင် ရဲတပ်ဖွဲ့အနေဖြင့် လုံခြုံရေးဆောင်ရွက်ရမည့် ကိစ္စရပ်များကို သိရှိနိုင်စေရန် ပို့ချခြင်းဖြစ်ကြောင်းသိရသည်။

**အောင်(မန်းတက္ကသိုလ်)**

# ရှန်တီအဖွဲ့နှင့် ပူးပေါင်း၍ ကလေးစာပေပြိုင်ပွဲဖိတ်ခေါ်

**ရန်ကုန် မတ် ၇**

ဂျပန်နိုင်ငံ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (Shanti Volunteer Association-SVA) နှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းတို့ ပူးပေါင်း၍မြန်မာကလေးများ စာဖတ်ကျင့်မြှင့်တင်ရေးနှင့် အရည်အသွေးမြင့်မားသည့် ကလေးစာပေများ ထွက်ပေါ်နိုင်ရေးကို ရည်ရွယ်လျက် ကလေးစာပေပြိုင်ပွဲ ကျင်းပရန်ကလေးစာပေရေးသားသရုပ်ဖော်သူများ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်ထားကြောင်း မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ သိရသည်။

ကလေးစာပေပြိုင်ပွဲကို အသက်သုံးနှစ်မှ ငါးနှစ်၊ အသက်ခြောက်နှစ်မှ ရှစ်နှစ်၊ ကိုးနှစ်မှ ၁၁ နှစ်အရွယ် စာပေဟူ၍ သုံးမျိုးခွဲခြားထားသည်။

'မိတ်ဆွေရင်း' Friendship အမည်ဖြင့် A4 စာမျက်နှာတစ်ဖက်တည်းတွင် မျက်နှာပြည့် ရောင်စုံသရုပ်ဖော်ရေးဆွဲရမည်ဖြစ်ပြီး၊ အသက် သုံးနှစ်မှ ငါးနှစ်အရွယ်နှင့် ခြောက်နှစ်မှရှစ်နှစ်အရွယ် ကလေးများအတွက် ၂၄ မျက်နှာစီ၊ အသက်ကိုးနှစ်မှ ၁၁ နှစ်အရွယ် ကလေးများအတွက် စာမူ(၃၂)မျက်နှာဖြစ်ပြီး မျက်နှာဖုံးကိုလည်း ရောင်စုံသရုပ်ဖော်ရမည်ဖြစ်သည်။ ရုပ်ပုံများပေါ်တွင် စာမျက်နှာ နံပါတ်မှအပ စာသားမရိုက်ဘဲ သန့်ရှင်းစွာရေးဆွဲပြီး၊ စာသားမပါပါက စာမပါဟုလည်းကောင်း၊ စားသားပါပါက သီးသန့်စာရွက်ဖြင့် ဖော်ပြရမည်။

ပြိုင်ပွဲဝင်များသည် စာစောင်များတွင် မဖော်ပြရသေးသော မိမိတို့၏ကိုယ်ပိုင်မူရင်းစာမူများကို အမည်၊ မိဘအမည်၊ ကျား/မ၊ နိုင်ငံသား၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်း အီးမေးလ်တို့ဖြင့် စာမူများကို ရောင်စုံသရုပ်ဖော်ဖြင့်ရေးသားကာ ဇွန်လ ၃၀ ရက်နောက်ဆုံးထားပြီး မြန်မာနိုင်ငံ စာရေးဆရာအသင်း ရန်ကုန်မြို့၊ ပန်းဆိုးတန်းလမ်း (လယ်) အမှတ်(၁၇၃) သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေပေးပို့ရမည်ဖြစ်သည်။

ဆုရသူများကို ဇူလိုင် ၃၀ ရက်နေ့တွင် တိုက်ရိုက်အသိပေးပြီး၊ သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားများမှ တစ်ဆင့် ဖော်ပြသွားမည်ဖြစ်သည်။ ပထမဆုနှင့် ဒုတိယဆုနှစ်ဆုစီ ချီးမြှင့်သွားမည်ဖြစ်ပြီး ပထမဆုကို အမေရိကန်ဒေါ်လာ ၁၀၀၀ ၊ ဒုတိယကို အမေရိကန်ဒေါ်လာ ၈၀၀ အသီးသီးချီးမြှင့်သွားမည်ဖြစ်သည်။

ဆုရစာမူများကို SVA သို့ မူပိုင်ခွင့်ပေးအပ်ရမည်ဖြစ်ပြီး ထိုဆုရကလေးစာပေများကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှတစ်ဆင့် နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များသို့ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးသန့်**

# ရေနံချောင်းမြို့(မြို့မ)ဈေးမီးဘေးသင့် ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**ရေနံချောင်း မတ် ၇**

၂၀၁၅ ခု မတ် ၅ ရက်တွင် ရေနံချောင်းမြို့ မြို့မမြောက်ရပ်ကွက် ရတနာမဥ္ဇူတန်ဆောင်းတွင် မြို့မဈေးမီးဘေးသင့်ဈေးသူ၊ ဈေးသားများအား ရေနံချောင်းမြို့နယ်အသင်း (ရန်ကုန်)မှ ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် ရေနံချောင်းမြို့နယ်အသင်း (ရန်ကုန်)မှ ဈေးသည်တစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ ထောက်ပံ့ခဲ့ရာ ဈေးသည်ပေါင်း ၁၆၅ ဦးရှိပြီး စုစုပေါင်း ငွေကျပ် ၇၄၂၅၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ရေနံချောင်း မြို့နယ်အသင်း(ရန်ကုန်) နာယကဖြစ်သော ဦးကောင်းက ချို့တဲ့ဈေးသည်လေးဦးအား တစ်ဦးလျှင် ငွေကျပ် ၂၅၀၀၀ ပေးအပ်ခဲ့သည်။

**သိန်းဇော်(ပြန်/ဆက်)**

# ချောင်းဦးမြို့ မြို့မရပ်ကွက် ရွှေတောင်ကွက်သစ်၌ သက်ကြီးပူဇော်ပွဲ ကျင်းပ၊ လူမှုကူညီရေးအသင်းသို့အလှူငွေပေးအပ်

**ချောင်းဦး မတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့ မြို့မရပ်ကွက်၊ ရွှေတောင်ကွက်သစ် ဒေါ်ခင်မေနေအိမ်၌ သက်ကြီးပူဇော်ပွဲကိုမတ် ၅ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး သက်ကြီးပူဇော်ပွဲအတွက် လှူဒါန်းသော ကုသိုလ်ရှင်ဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၊ ကျွန်ကလေးကျေးရွာ ရွှေမှန်တင်ရပ်ကွက် ဇေယျာရွှေတောင်ကျောင်းဦးစီးပဓာနနာယက ဆရာတော် အရှင်ဓမ္မပါလက သက်ကြီးပူဇော်ပွဲ ကျင်းပရခြင်း အကြောင်းကို ရှင်းလင်းမိန့်ကြားတော်မူသည်။

ယင်းနောက် အရှင်ဓမ္မပါလ ဦးစီးသော ဇေယျာရွှေတောင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၏ ဆရာ၊ ဆရာမများက အသက် (၇၀)ကျော်ရှိ သက်ကြီးမိဘများအား လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။ယင်းနောက် သက်ကြီးပူဇော်ပွဲကန်တော့ခံ သက်ကြီးမိဘများကိုယ်စား အဘိုးဦးမောင်ကိုက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်ပြီး ရွှေတောင်ရပ်ကွက် လူမှုကူညီရေးအသင်းသို့ ဒေါ်ခင်မေနှင့်သားကိုသန်းအေးတို့က ငွေကျပ်ငါးသိန်းနှင့် စတီးဇလုံကြီး ၅၀ လုံးအား ပေးအပ်လှူဒါန်းရာ အတွင်းရေးမှူး ဦးမိုးလွင်က လက်ခံရယူသည်။

ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ သက်ကြီးပူဇော်ပွဲတွင် ချောင်းဦးမြို့ ရွှေတောင်ကွက်သစ်၊ ဘူတာကွက်သစ်နှင့် အရှေ့မအုပ်ရပ်ကွက်မှ အသက်(၇၀)ကျော် အဘိုး ၃၅ ဦးနှင့် အဘွား ၆၂ ဦး စုစုပေါင်း(၉၇)ဦး တို့အား ငွေကျပ် နှစ်သောင်းတန်ဖိုးရှိ လှူဖွယ်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**ယုယုဝင်း**



# ယန္တရား၊ ယာဉ်များနှင့် တရားမဝင် အခွန်မဲ့ပစ္စည်းများ သိန်း ၉၀၀၀ ကျော် သိမ်းဆည်းရမိ

**ရန်ကုန် မတ် ၇**

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး (လရ-၂)အဖွဲ့၏ ၂၀၁၅ ဇန်နဝါရီ ၁၈ ရက်မှ ဖေဖော်ဝါရီ ၂၈ ရက်အထိ ဖမ်းဆီးရရှိမှုမှာ အမှုတွဲ ၂၆၇ မှုဖြစ်ပြီး ယန္တရား၊ ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းများ သိမ်းဆည်းရရှိမှုမှာ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် ၉၅၁၀၀၃၅၅၀ ဖြစ်ကြောင်းသိရသည်။

ယင်းဖမ်းရမိခဲ့သည့် ပစ္စည်းများကို မီးရှို့ဖျက်ဆီးမှုနှင့် လေလံတင်ထုခွဲရောင်းချခြင်းမရှိကြောင်းလည်းသိရသည်။

ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူ ရေးရာဦးစီးဌာနသည် ကုန်သွယ်မှုပမာဏတိုးတက်ရေး၊ နိုင်ငံတော်မှရသင့်ရထိုက်သော အခွန်အခများရရှိရေး၊ တရားမဝင်ကုန်သွယ်မှု လျော့နည်းပပျောက်ရေး၊ တရားဝင်ကုန်သွယ်မှု လမ်းကြောင်းပေါ်သို့ ရောက်ရှိရေးအတွက် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ Mobile Team-2 (လှုပ်ရှားအဖွဲ့-၂) အား ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ပြီး ကျန်ဌာနများနှင့် ပြင်ပအဖွဲ့အစည်းကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့ခုနစ်ဖွဲ့ဖြင့် ပူးပေါင်း၍ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Mobile Team-2 (လရ-၂) သည်ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စစ်တောင်းတံတား အပေါင်း၊ အသစ် ဆုံရာ ညောင်ခါးရှည်-ဒိုက်ဦးမဟာဗျူဟာလမ်းဆုံတွင် ယာယီစခန်းဖွင့်လှစ်၍ ထိုင်း-မြန်မာနယ်စပ် (မြဝတီ-မဲဆောက်)ကုန်သွယ်ရေးဇုန်မှ ဆင်းလာသော ယာဉ်များနှင့် ရေး-ထားဝယ်၊ မြိတ်-ကော့သောင်းတို့မှ ဆင်းလာသော ယာဉ်များကို စစ်ဆေးခြင်းများ ပြုလုပ်နေကြောင်းသိရသည်။

မှန်လုံယာဉ်များနှင့် ခရီးသည်တင်ယာဉ်၊ ကိုယ်ပိုင်ယာဉ်များစစ်ဆေးရာတွင် ရန်ကုန်-မော်လမြိုင် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် စစ်ဆေးရသဖြင့် မောင်းတံဂိတ်ထား၍ မရခြင်း၊ ရှေ့ယာဉ်များကို စစ်ဆေးနေစဉ် နောက်ယာဉ်မှ အရှိန်ဖြင့်ကျော်တက်၍ မောင်းနှင်ထွက်ပြေးခြင်းတို့ကြောင့် ယာဉ်အန္တရာယ်ဖြစ်ပေါ်နိုင်ခြင်း ကုန်သည်အချို့နှင့် ယာဉ်အချို့သည် အဖွဲ့အစည်းအမည်ခံ၍ ဖြတ်သန်းရန် ကြိုးပမ်းခြင်း၊ ခရီးသည်တင်ယာဉ်များကိုစစ်ဆေးရာတွင် ယာဉ်ပေါ်ပါခရီးသည်များ စိတ်ပြိုငြင်မှုမရှိရန်အတွက် အချိန်ကြာမြင့်စွာ အသေးစိတ်စစ်ဆေးနိုင်ခြင်းမရှိသော်လည်း တတ်နိုင်သမျှ လျင်မြန်စွာ ကြိုးစားရှာဖွေကြပြီး ယာဉ်ကြော ပိတ်ဆို့မှုမရှိရန် ရဲတပ်ဖွဲ့၏ အကူအညီဖြင့် ရှင်းလင်းပေးကြောင်းသိရသည်။

ကညနမှ ဝန်ထမ်းများနှင့် ပူးပေါင်း၍လိုင်စင်မဲ့မော်တော်ယာဉ်များကိုလည်း ဖေဖော်ဝါရီ ၂၅ ရက်မှစ၍ စစ်ဆေးနေကြောင်း ထိုသို့ စစ်ဆေးရာတွင် တချို့ယာဉ်များသည် ရာထူးအရှိန်အဝါကိုသုံး၍လည်းကောင်း၊ တချို့ယာဉ်များသည် အဖွဲ့အစည်းများ၏ အမည်ကို အသုံးချ၍ စစ်ဆေးမှုမခံယူဘဲ မောင်းနှင်သွားကြကြောင်း သိရသည်။

ဒေသထွက်ကုန်များ တင်လာသော ယာဉ်များနှင့် ထုံးကား၊ ကျောက်ကား အစရှိသည်တို့ကို ဒိုက်ဦးမြို့သို့သွားရာ မြေနီလမ်းတွင် တာဝန်ရှိသူများက စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**မိုးဝင်းသူ(ပဲခူး)**

## ရန်ပုံငွေဖြင့် ကျောက်ချောလမ်း နှစ်လမ်း ကွန်ကရစ်ခင်း

**ပန်းတနော် မတ် ၇**

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့၊ အလယ်ပိုင်းရပ်ကွက်အတွင်းရှိ ကျောက်ချောလမ်း နှစ်လမ်းဖြစ်သော စံပယ်လမ်းနှင့် ဒေါနလမ်းတို့အား ၂၀၁၄-၂၀၁၅ ခုနှစ်၊ လွှတ်တော်ရန်ပုံငွေမှ ခွင့်ပြုငွေ ကျပ် ၃၅ သိန်းနှင့် ပြည်သူ ထည့်ဝင်ငွေတို့ဖြင့် ကွန်ကရစ်လမ်းခင်းခဲ့ကြောင်း သိရသည်။

စံပယ်လမ်းမှာ အလျား ၁၁၀ ပေ၊ အကျယ် ၁၀ ပေ၊ အမြင့် ၆ လက်မရှိ၍ ကုန်ကျငွေကျပ် ၁၅ သိန်းဖြင့် လည်းကောင်း၊ ဒေါနလမ်းမှာ အလျား ၂၃၀ ပေ၊ အကျယ် ၁၀ ပေ၊ အမြင့် ၆ လက်မကို ငွေကျပ်သိန်း ၂၀ ဖြင့်လည်းကောင်း၊ အလယ်ပိုင်းရပ်ကွက် အထောက်အကူပြုကော်မတီ ဦးမြင့်စိုးနှင့် အလယ်ပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးငွေးဝင်းတို့က ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

ယခုအခါ လုပ်ငန်းအားလုံး ပြီးစီးသွားပြီဖြစ်၍ ရပ်ကွက်နေပြည်သူများ သွားလာရေး အဆင်ပြေချောမွေ့နေပြီဖြစ်ကြောင်း သိရသည်။

**၁၆၆**

## မော်လူးစည်ပင်သာယာဈေးအတွင်း ကြက်သား၊ ကြက်ဥ၊ ဘဲဥနှင့် ငုံးဥများရောင်းချနေမှုအား စစ်ဆေး

**မော်လူး၊ မတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူး စည်ပင်သာယာဈေးအတွင်းတွင် ရောင်းချနေကြသည့် ကြက်သား၊ ကြက်ဥ၊ ဘဲဥနှင့် ငုံးဥများအား ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ၊ မရှိကို တာဝန်ရှိသူများက မတ်လ ၂ ရက် နံနက် ၈ နာရီတွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဆောင်းရာသီမှ နွေရာသီသို့ ကူးပြောင်းစတွင် ဖြစ်ပွားလေ့ရှိသည့် ကြက်ငှက်တုပ်ကွေးရောဂါအား တားဆီးကာကွယ်သည့်အနေဖြင့် မော်လူးစည်ပင်သာယာရေး ဈေးအတွင်းတွင် ရောင်းချနေကြသည့် ကြက်သားနှင့် ဥများအား လတ်ဆတ်မှု ရှိ၊ မရှိ၊ သန့်ရှင်းသပ်ရပ်မှု ရှိ၊ မရှိ တို့ကို အင်းတော်မြို့နယ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာအောင်ဇော်သိန်း(မော်လူးတာဝန်ခံ)နှင့် အဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**၆၈၅**

## ချောင်းလမုရွာ ရတနာသိုက်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ

**တနင်္သာရီ မတ်လ ၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် သိန်ခွန်းကျေးရွာအုပ်စု ချောင်းလမုရွာတွင် ပြန်ကြားရေးဝန်ကြီးဌာန ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ တနင်္သာရီတိုင်းဒေသကြီးအစိုးအဖွဲ့၏ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းရန်ပုံငွေကျပ် ၁၀ သိန်းနှင့်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ၁၅ သိန်း စုစုပေါင်း ၃၅ သိန်းဖြင့် ဆောက်လုပ်ခဲ့သည့် ရတနာသိုက်စာကြည့်တိုက်အဆောက်အအုံအသစ်ဖွင့်ပွဲအခမ်းအနားနှင့် ပညာပေးဟောပြောပွဲအခမ်းအနားကို မတ် ၃ ရက် နံနက် ၁၀နာရီ က အဆိုပါစာကြည့်တိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရတနာသိုက်စာကြည့်တိုက်အဆောက်အအုံသစ်အား ချောင်းလမုရွာ ဓမ္မရက္ခိတကျောင်းတိုက်နာယကဆရာတော် အရှင်သုမန၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယုံဘီးနှင့် တနင်္သာရီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီနီချိုတို့က ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ စာကြည့်တိုက်နှင့်ပတ်သက်ပြီး ပညာပေးဟောပြောပွဲကို ကျင်းပရာ ချောင်းလမုရွာ ဓမ္မရက္ခိတကျောင်းတိုက်နာယကဆရာတော် အရှင်သုမနက နိုင်ငံတော် အသိအမှတ်ပြုစာကြည့်တိုက်ရရှိရေး ကြိုးပမ်းခဲ့ပုံကိုလည်းကောင်း၊ တိုင်းပြန်/ဆက် လက်ထောက်ညွှန်ကြားရေးမှူးမှ စံငါးချက်နှင့်အညီ စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းမှုကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးတင်မောင်ကြည်က စာဖတ်ခြင်း၏ အကျိုးကျေးဇူးအကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တိုင်းပြန်/ဆက် လက်ထောက်ညွှန်ကြားရေးမှူးနှင့် အလှူရှင်များက စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဝင်းစိုးထံ စာအုပ်များလှူဒါန်းပေးခဲ့သည်။ ယင်းနောက် ချောင်းလမုရွာ ရပ်မိရပ်ဖဦးစန်းလွင်က ကျေးဇူးတင်စကားပြောခဲ့သည်။

အဆိုပါ ရတနာသိုက် စာကြည့်တိုက်မှာ ဆရာတော် အရှင်သုမနက မတည်ငွေနှစ်သိန်းဖြင့်ဦးစီးဦးဆောင်ပြု၍ အလျား ၂၇ ပေ၊ အနံ ၁၈ ပေနှင့် အမြင့် ၁၂ ပေဖြင့် RC ကွန်ကရစ် အဆောက်အအုံဖြစ်ပြီး ရတနာမိုးပြည့်ပြည့် ထွန်းကုမ္ပဏီ မန်းနေဂျင်းဒါရိုက်တာ မိသားစုမှဘိလပ်မြေ ၅၀ အိတ်နှင့် ရွှေကမ္ဘောဇ(ရေဖြူ) ဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီမှ သွပ်ချပ် ၁၀၀ တို့နှင့် ပြည်သူများထည့်ဝင်လှူဒါန်းငွေ ၃၅ သိန်း အပါအဝင် စုစုပေါင်း ၇၅ သိန်းခန့်ကုန်ကျခဲ့ကြောင်းသိရသည်။

**ထိန်ဝင်း(ပြန်ဆက်)**

## နန့်မွန်းတွင် သစ်သားဓာတ်တိုင်များနေရာတွင် ကွန်ကရစ်ဓာတ်တိုင်များ လဲလှယ်

**မိုးညှင်း၊ မတ် ၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ နန့်မွန်းကျေးရွာတွင် သစ်သားဓာတ်တိုင်များ နေရာ၌ ကွန်ကရစ်ဓာတ်တိုင်များဖြင့် ပြောင်းလဲတပ်ဆင်ခြင်းနှင့် ဗျူဟာမော်တော်ကားလမ်းမပေါ်ရှိ ကွန်ကရစ်ဓာတ်တိုင်များတွင် ဆားဗစ်လျှပ်စစ်ဓာတ်ကြိုးများကို ပေ ၂၀ အထိ မြှင့်တင်ခြင်းများကို မတ်လ ၄ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ နန့်မွန်းကျေးရွာက လျှပ်စစ်ဓာတ်အားသုံးစွဲသူတွေ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေဖို့အတွက် ဗျူဟာမော်တော်ကားလမ်းမပေါ်မှာရှိတဲ့ ကွန်ကရစ်ဓာတ်တိုင်များက လျှပ်စစ်ဓာတ်ကြိုးတွေကို ပေ ၂၀ အထိ မြှင့်တင်ပါတယ်။ ဒီလို ဓာတ်ကြိုးတွေကို ပေ ၂၀ မြှင့်တင်လိုက်တဲ့အတွက် ဖြတ်သန်းမောင်းနှင် သွားလာနေကြတဲ့ မော်တော်ယာဉ်ကြီးများကို လျှပ်စစ်အန္တရာယ် ကင်းရှင်းစေသလို လျှပ်စစ်ဓာတ်အားပျောက်ဆုံးယူနစ်တွေကို လျှော့နည်းသွားစေပါတယ်။

'အိမ်သုံးမီတာနဲ့ ပင်မ မိန်းကြိုးတွေကိုလည်း စနစ်တကျ စစ်ဆေးပြီး ဟောင်းနွမ်းဆွေးမြည့်နေရင် အသစ်လဲလှယ်ပါတယ်။ လျှပ်စစ်ဓာတ်ကြိုးတွေနဲ့ မလွတ်တဲ့ သစ်ပင် သစ်ကိုင်းတွေကိုလည်း ခုတ်ထွင်ပြီး လျှပ်စစ်ဓာတ်အား ယူနစ်ပျောက်ဆုံးမှုကို နည်းသထက်နည်းအောင် ဆောင်ရွက်ပါတယ်။

'လျှပ်စစ်မီးလွတ်တဲ့ ပင်မဓာတ်အားလိုင်းကြိုးတွေကို နေ့စဉ်စစ်ဆေးပြီး လိုအပ်တဲ့ပြုပြင်မှုတွေကို ပြုလုပ်ပါတယ်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတွေ အန္တရာယ် ကင်းရှင်းစေရေးအတွက်လည်း အသိပညာပေး ဟောပြောတာတွေ၊ လက်ကမ်းစာစောင် ဖြန့်ဝေတာတွေကိုလည်း လုပ်ဆောင်နေပါတယ်" ဟု နန့်မွန်း မြို့နယ် လျှပ်စစ်မှူး ဦးဝင်းမော်က ပြောသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးဝဏ္ဏဆွေနှင့် နန့်မွန်းမြို့နယ် လျှပ်စစ်မှူး ဦးဝင်းမော်တို့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် လျှပ်စစ်ဝန်ထမ်းများမှ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်းသိရသည်။

**နီတိုး**



## ဒိုးပင် အောင်ကံသာလူမျိုးစုံ ပရဟိတကျောင်းရှိ မိဘမဲ့ကလေး ၁၀၈ ဦး အား သာသနာ့ဘောင်အတွင်း သွတ်သွင်း

**မြင်းမူ မတ် ၇**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ဒိုးပင် အောင်ကံသာ လူမျိုးစုံ ပရဟိတလူငယ်ဖွံ့ဖြိုးရေးကျောင်းမှ မိဘမဲ့ကလေး ၁၀၈ ဦးအား ပြင်ဦးလွင်မြို့နေ အလှူဒါယကာဦးကျော်ဇောဲ-အလှူ ဒါယိကာမ ဒေါ်သန်းငွေး(သမီး) မနွေးနွေး မိသားစုတို့က သာသနာ့ဘောင်အတွင်း သွတ်သွင်းရှင်ပြုအလှူတော်မင်္ဂလာပွဲကိုမတ် ၄ ရက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းနေ့က ကြွလာကြသော ဧည့်ပရိသတ်များကို ထမင်းဟင်း၊ အချိုပွဲများဖြင့် တည်ခင်းဧည့်ခံပြီး ဇော်သူဟိန်းမင်္ဂလာဆိုင်းဖြင့် ဧည့်ခံဖျော်ဖြေခဲ့သည်။

မွန်းလွဲ ၂ နာရီတွင်ဒိုးပင်အောင်ကံသာ ပရဟိတဖွံ့ဖြိုးရေးကျောင်းဝင်းအတွင်းရှိ ထိုင်ဝမ် ကျောင်းဆောင်အပေါ်ထပ်၌ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တပဏ္ဍဝက ရှင် ၁၀၈ ပါးအား သင်္ကန်းပေး၊ သင်္ကန်းတောင်း၊ သင်္ကန်းဝတ်ခြင်းများ ဆောင်ရွက်ခဲ့သည်၊

ယင်းနောက် တရားတော်နာ ရေစက်ချ အမျှဝေခဲ့သည်။ ရှင် ၁၀၈ ပါးအတွက် သပိတ်၊ သင်္ကန်း၊ အိပ်ရာခင်း၊ စောင်၊ ခေါင်းအုံး၊ ဖိနပ်၊ သံသေတ္တာ အစရှိသည်တို့ကို လှူဒါန်းပြီးအလှူကူညီငွေများကိုလည်း ၎င်းမိဘမဲ့ကျောင်းအတွက် ငွေပဒေသာပင် စိုက်ထူသွားမည်ဖြစ်ကြောင်း အလှူဒါယကာက ပြောသည်။

**(၆၂၄)**

ဆောင်းပါး

# အဖိုးတန်ရေသယံဇာတကို အကျိုးရှိစွာ အသုံးချနိုင်ရေး

ခ မောင်သောင်းဝင်း(တမန်ဟောင်း)

မြန်မာနိုင်ငံတွင် ရာသီဥတုကိုယေဘုယျအားဖြင့် နွေ၊ မိုး၊ ဆောင်းဟူ၍ သုံးမျိုးခွဲခြားထားသည်။ လက်ရှိအချိန်တွင်ဆောင်းရာသီကုန်ဆုံး၍ နွေရာသီသို့ တစ်စတစ်စချင်းနင်းဝင်ရောက်လာပြီဖြစ်သည်။ ရာသီဥတုအခြေအနေသည်လည်း အေးရာမှ တဖြည်းဖြည်း ပူပြင်းခြောက်သွေ့လာလျက်ရှိသည်။ ရာသီဥတု ပူပြင်း ခြောက်သွေ့လာမှုနှင့်အတူ လူသားတို့သည် နေ့စဉ် ရှန်းကန်သွားလာလှုပ်ရှားမှုကြောင့် ကုန်ခမ်းသွားသည့် ရေဓာတ်ကို အလျဉ်မီအောင် ဖြည့်ဆည်းနေရသည်။ ထိုကဲ့သို့ ရေဓာတ်ဖြည့်ဆည်းရန်အတွက် သောက်သုံးရေသည် မရှိမဖြစ်လိုအပ်လျက်ရှိသည်။ "ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်" ဆိုသည့်အတိုင်း ရေသည် လူသားတို့အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အဓိကကျလျက်ရှိသည်။

လူတစ်ဦးချင်းစီတွင် ခန္ဓာကိုယ်အရွယ်အစားအပေါ်မူတည်၍ ရေပါဝင်မှု ၅၅ ရာခိုင်နှုန်းမှ ၇၈ ရာခိုင်နှုန်းအထိရှိတတ်သည်။ လူ့ခန္ဓာကိုယ်၏ လုပ်ငန်းဆောင်တာများ မှန်ကန်စွာလည်ပတ်လုပ်ဆောင်နိုင်ရန်အတွက် နေ့စဉ် ရေ တစ်လီတာ မှ ခုနစ်လီတာခန့်အထိ လိုအပ်သည် ဟုဆိုသည်။ လူတစ်ဦးချင်းစီ၏ နေ့စဉ် ရေလိုအပ်ချက်ကို အတိအကျမသိနိုင်သော်လည်း ရေဓာတ်ကို ထိန်းလျက် ခန္ဓာကိုယ်လုပ်ငန်းများ လည်ပတ်ရန်သည် အနည်းဆုံး ရေ ၂ လီတာ(ဖန်ခွက် ၆ ခွက်မှ ၇ ခွက်)ခန့် လိုအပ်သည်ဟု လက်ခံထားကြသည်။

အရည်ရွှမ်းသော သစ်သီးများနှင့် အချိုရည်များသည်လည်း ရေဓာတ်ခန်းခြောက်မှုကို ထိန်းသိမ်းပေးနိုင်သည်။ လူတစ်ဦးသည် ရေကိုဖူလုံစွာသောက်သုံးထားပါက ဦးနှောက်၊ ခန္ဓာကိုယ်ဆဲလ်များ၊ အစာခြေစနစ်၊ နှလုံး၊ ကျောက်ကပ်နှင့် ကြွက်သားများ၏ လုပ်ဆောင်ချက်များကို အထောက်အကူဖြစ်စေရုံသာမက အသားအရေခြောက်ခန်းမှုနှင့် ပြင်ပရောဂါပိုး ဝင်မှုတို့ကိုပါ ကာကွယ်ပေးသည့်အပြင် ခန္ဓာကိုယ်အပူချိန်ကိုလည်း ထိန်းညှိပေးနိုင်သည်။

ရေသည် ဟိုဒ်ဒရိုဂျင်အက်တမ်နှစ်ခုနှင့် အောက်ဆီဂျင်အက်တမ်တစ်ခုတို့ ပေါင်းစပ်ဖွဲ့စည်းထားသည့် ဓာတုဒြပ်ပေါင်းမော်လီကျူးတစ်ခုဖြစ်သည်ဟု ငယ်စဉ်ကကျောင်းသင်ခန်းစာများတွင် သင်ယူမှတ်သားခဲ့ရပါသည်။ ကမ္ဘာ့မြေမျက်နှာပြင်၏ ၇၀ ရာခိုင်နှုန်းကျော်ကို ရေထုဖြင့်ဖုံးလွှမ်းထားပါသည်။ ထိုရေထုများအနက် ၉၆ ရာခိုင်နှုန်းကျော်သည် ပင်လယ်၊ သမုဒ္ဒရာ၊ မြစ်ချောင်း၊ အင်း၊အိုင်များတွင် တွေ့ရှိရပြီး ကျန်ရေသယံဇာတများကိုမူ မြေအောက်ရေနှင့်ရေငွေ့အဖြစ်သာတွေ့ရှိနိုင်ပါသည်။

သန့်ရှင်းသော သောက်သုံးရေသည် အနံ့နှင့်အရသာကင်းမဲ့သည်။ ရေ၏အရောင်သည် ယေဘုယျအားဖြင့် အပြာဖျော့ရောင်ဖြစ်သည်။ ထိုရေသန့်တွင် ကယ်လိုရီနှင့် အော်ဂင်းနစ်ပြည့်ဝသော အာဟာရဓာတ်များ ပါဝင်ခြင်းမရှိသော်လည်း လူသားတို့နှင့် အခြားသော သက်ရှိသတ္တဝါတို့အတွက်မရှိမဖြစ် လိုအပ်လျက်ရှိသည်။ လွန်ခဲ့သော ဆယ်စုနှစ်များစွာကတည်းကပင် ကမ္ဘာတစ်ဝန်း၌ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ကြိုးပမ်းရှာဖွေဆောင်ရွက်ခဲ့ရာတွင်တိုးတက်မှုများရှိခဲ့သည်။ သို့သော် လက်ရှိအချိန်အထိ လူသန်းပေါင်း ၁၀၀၀ ခန့်သည် ရေဖူလုံစွာမရရှိသေးသည့်အပြင် သန်းပေါင်း ၂၅၀၀ ခန့်သည်လည်း သန့်ရှင်းသော သောက်သုံးရေဖူလုံစွာမရရှိသေးချေ။ ထိုသူများအတွက်များစွာပင် စိတ်မကောင်းဖြစ်မိပါသည်။

လူတစ်ဦးချင်းစီ၏အသားတင် ကုန်ထုတ်လုပ်မှုတန်ဖိုးသည် ရေဖူလုံစွာရရှိမှုနှင့် အပြန်အလှန် ဆက်စပ်လျက်ရှိသည်။ မည်သို့ပင်ဆိုစေကာမူ ကမ္ဘာ့လူဦးရေ ထက်ဝက်ခန့်သည် လာမည့် ၂၀၂၅ ခုနှစ် ခန့်တွင် ရေနှင့် ဆက်စပ်သောရောဂါများခံစားရလိမ့်မည်ဟု လေ့လာသုံးသပ်သူများကဆိုထားသည်။ ရေသည် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုလျက်ရှိသည်။ အကြောင်းမှုကား ရေသည် စက်ရုံများမှ စွန့်ပစ်သော ဓာတုချွတ်ဆေးရည်များအား သန့်စင်ရန်၊ စက်ရုံများ အအေးခံရန်နှင့် ကုန်ပစ္စည်းများ ပို့ဆောင်ရေးတို့တွင် များစွာအရေးပါလျက်ပင်ရှိသည်။ ထို့အပြင် လူသားတို့သည် သန့်ရှင်းသော သောက်သုံးရေ ၇၀ ရာခိုင်နှုန်းခန့်ကိုလည်း စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိကြသည်။

## အဖိုးတန်ရေများကို သီးပင်၊ စားပင်၊ ပန်းပင်များကို စနစ်တကျ ခြိုးခြံချွေတာစွာဖြင့် ရေပက်ဖျန်းခြင်းထက် ရေပိုက်များကို မြေပေါ်တွင် အလဟဿ လွှတ် . . .

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိသော ပြည်သူများအတွက် ကံကောင်းသောအချက်သည် သဘာဝကပေးအပ်ထားသော မြစ်ကြီးများကြောင့် ကျေးလက်နေပြည်သူများသည် သောက်သုံးရေနှင့် စိုက်ပျိုးရေ ဖူလုံလျက်ရှိသည်။ မြို့နေလူတန်းစားများအတွက် နေ့စဉ်လိုအပ်လျက်ရှိသော သောက်သုံးရေကို ရေသန့်ဝယ်၍ ဖြည့်ဆည်းနိုင်သော်လည်း ကျေးလက်နေပြည်သူများအတွက်မူ လူနေမှုအခြေအနေအရ ရေသန့်ကိုဝယ်၍ သောက်သုံးရန်သည် မလွယ်ကူသောကိစ္စပင်ဖြစ်သည်။

ကျွန်တော်တို့ မြန်မာလူမျိုးများက ရေအကျိုး ၁၀ ပါးသည် မတောင်းဘဲနှင့်ပြည့်ဝသည်ဟု စွဲမြဲစွာ ယုံကြည်ထားပါသည်။ ထိုယုံကြည်ချက်ကြောင့် စာရေးသူသည် ငယ်စဉ်က နှစ်စဉ်သင်္ကြန်နှစ်ဆန်း တစ်ရက်နေ့ ရောက်ရှိချိန်တွင် ဧရာဝတီမြစ်ရေကို ရေပုံးနှစ်လုံးဖြင့် ထမ်း၍ သယ်ကာ လေးမိုင်ခန့်ရှိသော ဘုန်းကြီးကျောင်းသို့ သွားရောက် လှူဒါန်းလေ့ရှိပါသည်။ ထိုလုပ်အားဒါနကြောင့် မည်သည့်အရာနှင့်မျှ နှိုင်းယှဉ်၍မရသော ပီတိများကို ခံစားခဲ့ရပါသည်။ လက်ရှိအချိန်အထိလည်း ထိုရေကုသိုလ်အကျိုးကို ခံစားနေရသည်ဟုရိုးသားစွာ ယုံကြည် မိပါသည်။

အညာကျေးလက်ဒေသတွင် မွေးဖွားကြီးပြင်းခဲ့ရသောကြောင့် ရေ၏တန်ဖိုးကို မြို့ပြနေ လူတန်းစားများထက်ပို၍ သိရှိခွင့်ရခဲ့သည်။ အညာကျေးလက်ဒေသရှိ ပြည်သူများသည် နွေရာသီတွင် သောက်သုံးရေရရှိရန်အတွက် မိုင်ပေါင်းများစွာဝေးကွာသောနေရာများသို့ သွားရောက် ခပ်ယူရလေ့ရှိသည်။ လူတို့ သောက်သုံးရန်ရေရရှိရေးထက် အိမ်မွေးတိရစ္ဆာန် များအတွက်ပို၍ စိတ်ပူရပါသည်။ သို့သော် လက်ရှိအချိန်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဖြည့်ဆည်းပံ့ပိုးပေးမှုများကြောင့် ရေအတွက် ပူပန်ရသည့်သောကသည် အထိုက်အလျောက် လျော့နည်းလာပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် နွေရာသီ၌ သောက်သုံးရေ ရှားပါးမှုကြုံတွေ့နေရသည့် ဒေသအချို့ရှိ နေသေးသည်ကို ရုပ်သံအစီအစဉ်များတွင်မြင်တွေ့နေရပါသည်။ တပ်မတော်သားများသည် နွေရာသီတွင် သောက်သုံးရေ ရှားပါးသောကျေးရွာများသို့ သွားရောက်ပြီး တတ်နိုင်သမျှ ရေလှူဒါန်းလျက်ရှိကြသည်မှာ ပီတိဖြစ်ဖွယ်ရာ ပင်ဖြစ်သည်။ သို့သော် မြန်မာ့လူ့အဖွဲ့ အစည်းအတွင်း အချို့သောသူများသည် ရေကိုအကျိုးမဲ့ဖြုန်းတီးလျက်ရှိသည်ကိုလည်း ဝမ်းနည်းစွာကြုံတွေ့နေရပြန်သည်။ ထိုပုဂ္ဂိုလ်များသည် နိုင်ငံတော်မှလိုအပ်ချက်အရ ဖြည့်ဆည်းပေးထားသည့် အဖိုးတန်ရေများကို သီးပင်၊ စားပင်၊ ပန်းပင်များကို စနစ်တကျခြိုးခြံချွေတာစွာဖြင့် ရေပက်ဖျန်းခြင်းထက် ရေပိုက်များကို မြေပေါ်တွင် အလဟဿ လွှတ်ထားသည်ကို မမြင်ချင်းအဆုံး ကြုံတွေ့နေရပါသည်။ နွေခေါင်ခေါင်တွင် ရေကိုဗွက်ပေါက်လောက်အောင်ကိုပင် ဖြုန်းတီးနေကြသူများလည်း ရှိကြသည်။ ထိုသူများသည် အခြေခံလူ့ကျင့်ဝတ်ကိုပင် မသိကြသည့်အပြင် ရေရှားပါးသောဒေသရှိပြည်သူများကိုလည်း ကိုယ်ချင်းစာစိတ်မထားကြချေ။ တာဝန်ရှိသူများအနေဖြင့် တန်ဖိုးမဖြတ်နိုင်သော ရေသယံဇာတများကို အကျိုးမဲ့ဖြုန်းတီးနေသူများအား ပညာပေးခြင်း၊ တားမြစ်ခြင်းနှင့် အရေးယူခြင်းတို့ ဆောင်ရွက်သွား သင့်ပါသည်။

ထို့အပြင် အစိုးရရုံးများတွင်လည်း ရေကို စည်းကမ်းမဲ့စွာ သုံးစွဲနေကြသည်မှာ အားလုံးအသိပင်ဖြစ်သည်။ အများသုံးရေအိမ်များ၊ ပန်းခြံများ၊ မြက်ခင်းများတွင် ရေပိုက်ခေါင်းများကို အချိန်ပြည့် ဖွင့်ထားသည်ကို နေ့စဉ်နီးပါး မြင်တွေ့ရလေ့ရှိပါသည်။ မည်သူ့တွင် တာဝန်ရှိပါသလဲ။ တစ်ခါကဆိုလျှင် ကားလမ်းမကြီးတွင် အလှစိုက်ထားသည့် ပန်းပင်များကို မိုးများတဖွဲဖွဲရွာနေသည့်ကြားကပင် ရေကားဖြင့် ရေဖျန်းနေသည်ကို စာရေးသူ အံ့သြစွာကြုံတွေ့ဖူးပါသည်။ မလိုအပ်ဘဲဘာကြောင့် ဖျန်းကြတာလဲ။ လစာရလျှင်ပြီးရော စိတ်မွေးထားလျှင် ကျွန်စိတ်သာပင်ဖြစ်သည်။ ထိုဝန်ထမ်းမျာကိုကြီးကြပ်ရမည့် သူများတွင်လည်း တာဝန်ရှိပါသည်။

စာရေးသူ ထိုင်းနိုင်ငံတွင် တာဝန်ထမ်းဆောင်စဉ်က အတွေ့အကြုံလေးတစ်ခုကို မျှဝေပါရစေ။ သူတို့ဆီက ဝန်ထမ်းများ၏စိတ်ဓာတ်ကိုလေးစားလို့ပါ။ စာရေးသူတို့ရုံးက လစဉ် ရေသုံးစွဲမှုအတွက် ပေးချေရသည့် မီတာခပုံမှန်ထက် ပမာဏများလာသဖြင့် သက်ဆိုင်ရာဌာနကတယ်လီဖုန်းဆက်ပြီး သတိပေးလာပါတယ်"လူကြီးမင်းတို့ရုံးတွင် မြေအောက်ရေပိုက်များ ပေါက်နေသလား သို့မဟုတ် ပိုက်ဆက်များပြုတ်နေသလားတဲ့" သက်ဆိုင်ရာပညာရှင်များနဲ့ စစ်ဆေးကြည့်လိုက်တော့ ရေပိုက်နည်းနည်းစိမ့်နေတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့စီက အလေ့အထနဲ့တော့ လုံးဝကွဲလွဲနေပါတယ်။ ဒီမိုကရေစီနိုင်ငံတော်ကို ချီတက်ကြဖို့ဆိုလျှင် ကျွန်တော်တို့အားလုံး၏ Mindset များ ပြင်ရန်အချိန်တန်နေပါပြီ။ တစ်ဦးကိုတစ်ဦး လက်ညှိုးထိုးနေရုံမျှဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို မဆောင်ကြဉ်းနိုင်ပါဘူး။

ခြုံ၍တင်ပြရလျှင် ရေသည် ကျွန်တော်တို့ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သော အရာပင်ဖြစ်သည်။ ထိုတန်ဖိုးကြီးမားသော ရေသယံဇာတကို အကျိုးရှိစွာဖြင့်အသုံးချသွားရန်သည် လူသား အားလုံး၏ တာဝန်ပင်ဖြစ်သည်။ ထို့ကြောင့် အနာဂတ်တွင် တိုးပွားလာမည့် ကမ္ဘာ့လူဦးရေကို အရှည်မျှော်တွေးလျက် နေ့စဉ်သုံးစွဲနေသောရေကို လိုအပ်သလောက်သာ ထုတ်ယူပြီး ချွေတာသုံးစွဲသင့်ပါသည်။ ထို့အပြင် ရေအရင်းအမြစ်များ လေလွင့်ပျက်စီးဆုံးရှုံးမှုမဖြစ်အောင် တစ်ဖက်တစ်လမ်းမှ ကြိုတင်ထိန်းသိမ်း သွားရန်လည်း လိုအပ်ပါသည်။ အထူးသဖြင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ရေကန်နှင့် ဆည်မြောင်း၊ တာတမံများ တိမ်ကောမှုမရှိအောင် ကြိုတင်ထိန်းသိမ်းမှု ပြုလုပ်သွားသင့်ပါသည်။ လူသားတို့သည် အသိပညာရှိသူများ ဖြစ်သဖြင့် အဖိုးတန်ရေသယံဇာတများကို မိုက်မဲစွာအကျိုးမဲ့ဖြုန်းတီးခြင်းမျိုးကို ကိုယ်စီအသိစိတ်ရှိစွာဖြင့် ရှောင်ရှားလျက် လိုအပ်သလောက်သော ပမာဏကိုသာ အကျိုးရှိရှိ သုံးစွဲသွားကြပါစို့ဟု တိုက်တွန်းရေးသား တင်ပြအပ်ပါသည်။

# မိုးပွင့်အထူး စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**စစ်ကိုင်း မတ် ၇**

စစ်ကိုင်းမြို့ ဇေယျာရပ်ကွက်ရှိ အသက်(၁၀)နှစ်ပြည့်နှင့် (၁၈)နှစ်ပြည့် နိုင်ငံသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို မတ် ၅ ရက်၊ နံနက် ၁၀ နာရီက စစ်ကိုင်းမြို့ ဇေယျာရပ်ကွက်ရှိ ဓမ္မာရုံတွင် ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ခဲ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူးဦးတိုးလင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်ဦးစီးမှူး ဦးမိုးဇော်ခိုင်နှင့်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူများတက်ရောက်ကြပြီး ခရိုင်ဦးစီးမှူးက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်နှင့်တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ဦးချင်းစီထံ လက်ဝယ်အရောက်ပေးအပ်ကြရာ ရပ်ကွက်နေပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့သည်။

အဆိုပါ ပေးအပ်ပွဲတွင် အသက် ၁၀ နှစ်ပြည့် ၁၂၃ ဦး နှင့် အသက် ၁၈ နှစ်ပြည့် ၁၀၇ ဦးစုစုပေါင်း ၂၃၀ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်းသိရသည်။ **ဇော်မြင့်နိုင်**



တနင်္သာရီမြို့၌ အဓိကလူစည်ကားရာ နေရာများ၌ ချိတ်ဆွဲထားရှိသော စာပေရေချမ်းစင် ၁၄ ခုအတွက် အတွဲ(၁၂)/ အမှတ်(၂) လစဉ်ဘာသာရပ် ၁၃ ခုပါ စာပေရေချမ်းစင်စာအုပ်များကို မတ် ၂ ရက်တွင် မြို့နယ်ပြန်/ဆက်ဦးစီးဌာနမှ ဝန်ထမ်းများက ဖြည့်တင်းလဲလှယ်ပေးခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ- ထိန်ဝင်း(နန်းသာရီပြန်ဆက်)

# မြင်းခြံမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးတို့အား ဇာတ်တိုက်လေ့ကျင့်သရုပ်ပြ

**မြင်းခြံ မတ် ၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ ရွှေစက်သုံးဆီအရောင်းဆိုင်၌ မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်တပ်ဖွဲ့မှူးနှင့်တပ်ဖွဲ့ဝင်များ၊ စက်သုံးဆီအရောင်းဆိုင် မန်နေဂျာနှင့်ဝန်ထမ်းများသည် မတ် ၄ ရက် နံနက် ၉ နာရီက မီးငြိမ်းသတ်ယာဉ်များ၊ ရေသယ်ယာဉ်များဖြင့် မီးသတ်ဆေးဘူးများကို အသုံးပြု၍ မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်သည် နွေရာသီတွင် အလွန်ပူပြင်းခြောက်သွေ့သော ရာသီဥတုနှင့် နှစ်စဉ်ကြုံတွေ့နေရပြီး ယခုအခါ နွေဦးရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်း မီးလောင်မှုများ တတ်နိုင်သရွေ့မဖြစ်ပွားရလေအောင် ရပ်ကွက်များ၊ စက်ရုံများ၊ စက်သုံးဆီ အရောင်းဆိုင်များ၊ ဈေးများတွင် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးလောင်မှု ဖြစ်ပွားပါက လျင်မြန်စွာ မီးငြိမ်းသတ်နိုင်ရေးအတွက် မီးငြိမ်းသတ်မှုလုပ်ငန်း လက်တွေ့သရုပ်ပြပွဲများပြုလုပ်၍ ရပ်ကွက်သူ၊ ရပ်ကွက်သားများ စက်ရုံဝန်ထမ်းများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ ဈေးသူ၊ ဈေးသားများနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်များမှ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်

အဆိုပါ မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြပွဲသို့ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထူး ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်များ ၊ မီးသတ်ဦးစီးဌာန မြို့နယ် မီးသတ်တပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

## ဗုဒ္ဓပူဇနီယပွဲတော်နှင့်မြတ်စွယ်တော်လှည့်လည်ပူဇော်မည်

**အောင်လံ မတ် ၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့တွင် သမိုင်းဝင် ကုသိနာရုံတောင်တော်ဘုရားကြီး ဗုဒ္ဓပူဇနိယဘုရားပွဲတော်နှင့် မြတ်စွယ်တော်လှည့်လည် အပူဇော်ခံပွဲကို မတ်လ ၈ ရက်၊ (တပေါင်းလပြည့်ကျော် ၄ ရက်)တွင် မြို့တွင်းသို့ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကုသိနာရုံတောင်တော်ဘုရားကြီး မြတ်စွယ်တော်တိုက်အတွင်း ကိန်းဝပ်စံပါယ်တော်မူသော ဗုဒ္ဓမြတ်စွယ်တော်ကို သုံးနှစ်လျှင်တစ်ကြိမ် မြို့တွင်းလှည့်လည်၍ ဒေသစာရီကြွချီ အပူဇော်ခံကျင်းပလျက်ရှိသည်။

ကုသိနာရုံ တောင်တော်ဘုရားကြီးသည် ရွှေဘိုမင်း၊ ကုန်းဘောင်မင်း၊ သာယာဝတီမင်း ဟူသော သုံးမည်ရသုံးဘွဲ့ခံ မင်းတရားကြီးက သက္ကရာဇ် ၁၂၀၃ ခုနှစ် တန်ဆောင်မုန်းလတွင် အိပ်မက်အရ တောင်ဖီလာတောင်ကန့်လန့်ပေါ်တွင် အခန်းဆက် သရုပ်ဖော်ရုပ်တုရုပ်ကြွများဖြင့် ခမ်းနားစွာတန်ဆာဆင်ထားရှိပြီး တည်ထားပူဇော်ခဲ့သော သမိုင်းဝင်တောင်တော်ဘုရားကြီးဖြစ်သည်။ **သိန်းသိန်းလွင်(အောင်လံ)**

## သက်တော်(၈၀)နှင့်အထက် ဆရာတော်ကြီးများအား သတ္တမအကြိမ်မြောက် ပူဇော်

**ချောင်းဆုံ မတ် ၇**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ သတ္တမအကြိမ်မြောက် သက်တော် ၈၀ သိက္ခာတော် ၆၀ နှင့်အထက် ဆရာတော်ကြီးများအား ပူဇော်ပွဲအခမ်းအနားကို ချောင်းဆုံမြို့ ပရိယတ္တိဟိတကာရီအဖွဲ့ သာသနာ့ဗိမာန်တော်ကြီး၌ မတ် ၄ ရက် (တပေါင်းလပြည့်နေ့) နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားသို့ တက်ရောက်လာသူများမှ မြစေတီ ဆရာတော်ကြီးထံမှ ငါးပါးသီလနှင့် ဩဝါဒခံယူခဲ့ကြသည်။ ယင်းနောက် သက်တော် ၈၀ ဝါတော် ၆၀ နှင့်အထက် ဆရာတော်ကြီး ၁၅ ပါးအား ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ယင်းနောက် မွန်းတည့် ၁၂ နာရီတွင် ချောင်းဆုံမြို့နယ်လုံးဆိုင်ရာ သံဃဂိုဏ်းပေါင်းစုံ ပရိယတ္တိတကာရီအဖွဲ့မှ အကြိမ် (၆၀)ကြိမ်မြောက် စာအောင် ဆုနှင်းသဘင်အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ဆုနှင်းသဘင် အခမ်းအနားတွင် သံဃအဖွဲ့ အကျိုးဆောင် မုရစ်ကြီးရွာ မြစေတီကျောင်းဆရာတော်ထံမှရှစ်ပါးသီလခံယူကာ ပရိယတ္တိဟိတကာရီအဖွဲ့ အကျိုးတော်ဆောင် ဦးဝင်းကြည်က စာဆောင်ဆုများလှူဒါန်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

၂၀၁၄-၂၀၁၅ ခုနှစ် ရေးဖြေစာမေးပွဲတွင် အဘိဓမ္မကောဝိဒဘွဲ့နှင့် ယက္ခဒီပပိဋကတ္တယကောဝိဒဘွဲ့ရ အရှင်သူမြတ်နှစ်ပါးတို့၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားလျှောက်ထားပြီး ဆုလဒ်များ ဆက်ကပ်လှူဒါန်းကာ စာအောင်သံဃာတော်များအား အတန်းအလိုက် စာအောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်းသိရသည်။

ယင်းနောက် မြစေတီကျောင်း ဆရာတော်မှ ရေစက်သွန်းချကာ ဗုဒ္ဓသာသန်စိရံတိဌတု သုံးကြိမ်ရွတ်ဆိုပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(မြို့နယ်/ပြန်ဆက်)**



ဖတ်စရာ



# ကျန်းမာအရွယ်တင် အသက်ရှည်ဆေး

**à ပေါက်ပေါက်**

သက်ရှည်ကျန်းမာ အသက် ၁၀၀ နေနိုင်ခြင်း အကျိုးငှာ နေ့စဉ်လူနေမှုဘဝပုံစံကို စိတ်ဖိစီးမှုတွေလျှော့ချ၊ အိပ်ရေးဝဝအိပ်၊ ကိုယ်လက်လှုပ်ရှားမှုလုပ်၊ ရေဝဝသောက်၊ အသက်ရှူလေ့ကျင့်ခန်းလုပ်၊ အားရှိတဲ့ အစားအစာတွေစား၊ ကျန်းမာရေးအတွက် ဘေးဖြစ်စေတဲ့ အစားအစာတွေကိုရှောင်၊ လိုအပ်ရင် ပဋိဇီဝဆေးဝါးမှီဝဲ၊ အလှအပပြင်ဆင်၊ မိသားစုမိတ်ဆွေသင်္ဂဟများဖြင့် ပျော်ပျော်နေ စသည်ဖြင့် မည်မျှပင်ကြိုးစားအားထုတ်ပါစေ တကယ့် 'ကျန်းမာဆေး အရွယ်တင်ဆေး အသက်ရှည်ဆေး' ကို မိမိဖာသာ ဖော်စပ်နိုင်ပါမှ လောကီလောကုတ္တရာ နှစ်ဖြာအကျိုးများစေမှာ ဖြစ်ပါတယ်။

(၁) ကျန်းမာဖို့အတွက် မိမိဖာသာဖော်စပ်ရမည့် ဆေးကတော့ 'လောဘကင်းတဲ့စိတ်' ဖြစ်ပါတယ်။

(၂) အရွယ်တင် နုပျိုစေဖို့အတွက် မိမိဖာသာဖော်စပ်ရမည့် ဆေးကတော့ 'ဒေါသကင်းတဲ့စိတ်' ဖြစ်ပါတယ်။

(၃) အသက်ရှည်ဖို့အတွက် မိမိဖာသာဖော်စပ်ရမည့် ဆေးကတော့ 'မောဟကင်းတဲ့စိတ်' ဖြစ်ပါတယ်။

'အလောဘသည်' ကျန်းမာရေးအတွက် အခြေခံကျသော အကြောင်းတရားဖြစ်သည်။

တပ်မက်မှုနည်းသူသည် မသင့်တော်သော အရာကို ရှောင်နိုင်သဖြင့် အနာကင်းလေသည်။ 'အဒေါသသည်' အရွယ်တင်မှုကိုဖြစ်စေသည်။

ဒေါသမီးသည် လူရုပ်ခန္ဓာကို လောက်မြိုက်သည့်အခါ အရေပြားတွေ တွန့်လာရသည်။ ဒေါသကင်း၍ အဒေါသစိတ်ရှိသူသည် ကြာရှည်စွာ နုပျိုစေသည်။

'အမောဟသည်' အသက်ရှည်ဆေးဖြစ်သည်။ ကျိုးမဲ့ကျိုးသိရှိ၍ ကျိုးရှိကိုဆောင် ကျိုးမဲ့ကိုရှောင်နိုင်သောကြောင့် အသက်ရှည်ရသည်။ အသက်ဉာဏ်စောင့်ဟု မှတ်ပါလေ။ ဒါကြောင့် ရခဲလှသော လူ့ဘဝတခဏမှာ ကျန်းမာအရွယ်တင် သက်တမ်းစေ့နေနိုင်ဖို့အတွက် လောဘ၊ ဒေါသ၊ မောဟတွေကို လျှော့နိုင်သမျှ လျှော့ချကြပါစို့ လားရှင်။

## ပန်းတနော်မြို့နယ်ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ ဆေးဝါးပစ္စည်းများလှူဒါန်း

**ပန်းတနော် မတ် ၇**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့ပြည်သူ့ဆေးရုံနှင့် မင်းတစုတိုက်နယ်ဆေးရုံ၊ ချောင်းကလေး တိုက်နယ်ဆေးရုံ၊ အင်းမတိုက်နယ်ဆေးရုံများသို့ ဆေးဝါးပစ္စည်းလှူဒါန်းပွဲကို မတ် ၄ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်းကအဖွင့်အမှာစကား ပြောကြားပြီး အလှူရှင် ဦးအောင်ထွန်း (အောင်သပြေဖယောင်းပုဆိုး ကုမ္ပဏီ )ကလှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ရင်ခေါင်းပိုင်းဆိုင်ရာ ခွဲစိတ်အထူးကု ဆရာဝန်ကြီး ဒေါက်တာအောင်ဇော်မြင့် (ငြိမ်း)က အလှူရှင်မိသားစုအနေဖြင့် ပန်းတနော်မြို့နယ်ကျေးရွာများရှိ သားဖွားခန်းများတွင်လိုအပ်သော ဆိုလာလျှပ်စစ်မီးတပ်ဆင် လှူဒါန်းမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍အလှူရှင် ဦးအောင်ထွန်း ဇနီးဒေါက်တာစန်းစန်းရီ၊ သားကိုကျော်ဇောသန့် မိသားစုတို့က တန်ဖိုး သိန်း ၁၀၀ ကျော်ရှိ ဆေးနှင့်ဆေးဝါးပစ္စည်းများကို လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာနေမင်းမျိုးထွန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ပန်းတနော်မြို့ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ အလှူရှင်မိသားစုက ဆေးနှင့်ဆေးဝါးပစ္စည်းများကို ၁၉၉၃ ခုနှစ်က စတင်၍ လှူဒါန်းခဲ့ရာ ယခု ၂၀၁၅ ခုနှစ်ထိ ငွေကျပ် ၅၄၈ သိန်းရှိပြီ ဖြစ်ကြောင်း သိရသည်။ **၁၆၆**

## မိုးညှင်းအရှေ့စုရပ်ကွက်(၁)လမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်

**မိုးညှင်း မတ် ၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိုးညှင်းမြို့ အရှေ့စုရပ်ကွက်(၁)လမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းကျောက်ချောလမ်းအား မိုးညှင်းမြို့နယ် အထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းပြီး ဆောင်ရွက်နေခြင်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘတ်ဂျက်အတွင်း ကတ္တရာလမ်းအဖြစ် ဦးစားပေးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

လမ်းအရှည်မှာ ပေ ၄၀၀၊ အကျယ် ၁၂ ပေရှိပြီး အနက် ၁၈ လက်မခန့်ထူသည်။ အောက်ခံကျောက်ကြီးများချကာ အပေါ်မှ ကျောက်စရစ်ခဲငယ်များ ဖုံးပြီး ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်နေခြင်းဖြစ်သည်။

အဆိုပါလမ်းကို မိုးညှင်းမြို့ ဟိုတယ်မိုးညှင်းမှ မတည်လှူဒါန်းသည့် ငွေကျပ်တစ်သိန်းခွဲဖြင့် စတင်ခဲ့ကာ စေတနာရှင်အလှူရှင်များ၏ ကူညီလှူဒါန်းမှုများဖြင့် မိုးညှင်းမြို့ အရှေ့စုရပ်ကွက်(၁) အုပ်ချုပ်ရေးမှူး ဦးမောင်စိန်၊ ရပ်ကွက်အထောက်အကူပြုကော်မတီဝင် ဦးဆန်းထွန်း၊ ရပ်မိရပ်ဖများမှ ဦးဆောင်ကာ ရပ်ကွက်နေပြည်သူများ၏ လုပ်အားဒါနများဖြင့် ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်နေခြင်းဖြစ်သည်။

ကျောက်ကြီးများမှာ မော်တော်ကားတစ်စီးလျှင် ၇၅၀၀၀ ကျပ်နှုန်း ပေးရကြောင်း၊ လမ်းဖြစ်မြောက်ရေးအတွက် မိုးညှင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်၏ လမ်းညွှန်မှုဖြင့် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မိုးညှင်းမြို့နယ် အထောက်အကူပြုအဖွဲ့၊ ဆောက်လုပ်ရေးကုမ္ပဏီ (လမ်း/တံတား)တို့က ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ **၆၈၅**

## ၂၀၁၄-၂၀၁၅ ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေများ ထပ်ဆင့်ထုတ်ပေး

**မချမ်းဘော မတ် ၇**

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေများအား ဒုတိယအကြိမ် ထပ်ဆင့်ထုတ်ပေးခြင်း အခမ်းအနားကို မတ် ၅ ရက် နံနက်ပိုင်းတွင် ဂူးဘားခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်က ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ပြည်ထောင်စုရန်ပုံငွေသိန်း ၁၀၀၀ ဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက်ဒုတိယအရစ် ၃၀ ရာခိုင်နှုန်းကို ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက် လျက်ရှိသော မြို့ပေါ်ရပ်ကွက်လေးခုအပါ အဝင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား ထုတ်ပေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။ **မြို့နယ်ပြန်/ဆက်**

## ကျေးလက်ဒေသ အခြေခံ မွေးမြူရေးလုပ်သားမွမ်းမံ သင်တန်းဖွင့်

**ချောက် မတ် ၇**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ အခြေခံမွေးမြူရေးအသိပညာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်ဒေသ အခြေခံမွေးမြူရေးလုပ်သားမွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂ ရက်နံနက် ၁၀ နာရီက မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရုံးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရ သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်တို့က အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးဒေါက်တာစိုးလင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက် စီမံဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို တိုင်းဒေသကြီးအစိုးရ၏ အစီအစဉ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး မတ်လ ၂ ရက်မှ ၈ ရက်ထိ ရက်သတ္တတစ်ပတ် စာတွေ့လက်တွေ့ ပို့ချ၍ သင်တန်းသား ၃၀ ဦးတက်ရောက်လျက်ရှိပြီး မွေးမြူကုသရာတွင် အသုံးပြုရန် ဆေးထိုးပိုက်နှင့် အပ်များအခမဲ့ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းငွေး(ချောက်)**

# IT COMPUTER TRAINING CENTER အိုင်တီ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ သင်တန်း



**ENGLISH Language**

**AutoCAD - 3ds Max**

**VIDEO EDITING**

**Computer Basic**

**LCCI I-II**

**MOBILE PHONE** ဖိုအိုင်းဖုန်းအထူးပြုမြင့်သင်တန်း **Software + Hardware**

**DESKTOP PUBLISHING**

**Service Technician**

**GRAPHIC DESIGN**

HOT LINE - 0949290778, 395353, 253293 40% OFF

---

## Master of Public Administration Network

(၅)ကြိမ်မြောက် နှစ်ပတ်လည်မိတ်ဆုံညစာစားပွဲဖိတ်ကြားခြင်း

ရန်ကုန်စီးပွားရေးတက္ကသိုလ် MPA နှင့် EMPA သင်တန်းအပတ်စဉ်အားလုံး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော မိသားစုမိတ်ဆုံစားပွဲကို ၂၀၁၅ ခုနှစ်၊ မတ်လ(၁၄)ရက်၊ ညနေ(၆)နာရီတွင် Royal Garden Restaurant(ကန်တော်ကြီး)တွင် ပြုလုပ်မည်ဖြစ်ပါသဖြင့် MPA ဘွဲ့ရများ၊ တက်ရောက်ဆဲသင်တန်းသား၊ သင်တန်းသူများ မပျက်မကွက်တက်ရောက်နိုင်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ညစာစားပွဲလက်မှတ်များအတွက် ဆက်သွယ်ရန်-

EMPA - 1 ဦးဘိုဘို (09-5148942)
EMPA - 2 ဦးသန့်စင် (09-5102740)
EMPA - 3 ဒေါ်သွေးသွေးမောင် (09-5184004)
EMPA - 4 ဦးခင်မောင်သန်း (09-5166657)
EMPA - 5 ဒေါ်စန္ဒာမွေး (09-73077737)
EMPA - 6 ဦးမြင့်သူ (09-5502677)
EMPA - 7 ဒေါ်စိုးစိုးကြည် (09-5084041)
EMPA - 8 ဦးစိုးစိုးနိုင် (09-86050069)
EMPA - 9 ဦးစိုးလှိုင် (09-5127071)
EMPA - 10 ဦးPaul (09-43176272)
EMPA - 11 ဒေါ်နိုင်နိုင်ငွေး (09-73094964)
All Day MPA -ဒေါ်နန်းသီရိထက် (09-5121680)

Organized by — Main Sponsor — Co-sponsors

EMPA 12th Batch + EMPA 13th Batch

---

## POPULAR STAR Travel & Services

Find us on Facebook

လန်းဆန်းပျော်ရွှင် သင်္ကြန်ခရီးစဉ်

| | |
|---|---|
| တောင်ကြီး - အင်းလေး - ပင်းတယ | မန္တလေး - မင်းကွန်း |
| ကလော - ထမ်ဆမ်း - ရွှေတော်ကကူ | ပြင်ဦးလွင် - စစ်ကိုင်း |
| Mar 26, Apr 11,12,13,17 | Mar 26, Apr 12,17 |

- Scania (2+2) Bus, 3 Stars Hotel, Restaurants

အမှတ် ၇၄ (ပထမထပ်)၊ နှဲသာလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်။

Ph : 01 2301866 , 09 5129134, 09 254007909, 09 799676523

---

## (၁၂.၃.၂၀၁၅)ရက်နေ့တွင်ကျရောက်မည့်သူရဦးတင်ဦး၏ (၈၈)နှစ်ပြည့်မွေးနေ့အမှတ်တရဂုဏ်ပြုထုတ်ဝေသည်




**ကာကွယ်ရေးဦးစီးချုပ်ဟောင်းသူရဦးတင်ဦး**

**(NLD ဗဟိုနာယက)**

မိုးစိုင်း(ဂျာနယ်လစ်) ရေးသားပြုစုသည်

၄၀၀၀/- ကျပ်

ဒုတိယအကြိမ်ပြင်ဆင်၍ စာမျက်နှာ(၁၀၀)နီးပါး ပုံများနှင့်အတူ ထပ်မံဖြည့်ဆည်း၍ ထုတ်ဝေထားပါသည်။ သူရဦးတင်ဦး၏ တပ်မတော်သားဘဝပုံရိပ်များ၊ နိုင်ငံရေး သမားဘဝပုံရိပ်များနှင့်အတူ ဝေဝေဆာဆာ ဖော်ပြထားပါသည်။

**မဉ္ဇူမစာပေ** အမှတ်(၂၁၇)၊ပထပ်(ဝ)၊ဘုရလမ်း(ထက်)၊ကျောက်တံတားမြို့နယ်။ဖုန်း-၃၉၂၀၁၅၊၀၉၅၀၈၅၆၀၄၁၊၀၉၇၃၀၅၉၄၅၁

---

## ပြည့်ကျော် စာသင်ဝိုင်း

ဆရာကြီး သချ်ာ ဦးအောင်သောင်းဦးစီးကြီးကြပ်သည်။

| | |
|---|---|
| အင်္ဂလိပ်စာ - ဦးရည်ဆန်းမွန် (M.A)၊ | ဓါတုဗေဒ - ပါမောက္ခ ဒေါက်တာခိုင်မေဦး (ငြိမ်း)၊ |
| မြန်မာစာ - ဒေါက်တာဇော်လွင်၊ | ရူပဗေဒ - တွဲဖက်ပါမောက္ခ ဒေါက်တာစင်လှိုင် (ငြိမ်း) |
| Bio - ဆရာကြီး Bio ဦးမြမော်၊ | သချ်ာ - ဒေါ်မြလေးဦး၊ဒေါက်တာ ဆွေဆွေထိုက် |

ရည်မှန်းချက်မြင့်မြင့်မားမားထားသော မိဘများနှင့် ကျောင်းသားများအတွက် .....

**၉တန်း၊ ၁၀တန်း (၁၀) ယောက်သီးသီးသန့်သန့်စာသင်ဝိုင်း**

ကျောင်းသားစတင်လက်ခံပြီ။

မြဲအမှတ် -၃၄ ဘီ + ၂၊ ကျောက်ကုန်းလမ်း၊ ၁၄ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၂၅၉ ၂၈၆၇၂၇၊ ၀၉ ၂၅၀၃၅၇၀၅၃

---

အ.ထ.က (၁) ဒဂုံ ကျောင်းသား၊ ကျောင်းသူဟောင်းများ (၁၉၈၁--၂၀၁၄) ၏ (၁၈) ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲ ဖိတ်ကြားလွှာ

" နှစ်စဉ်မပျက် ကျင်းပလျှက်ရှိတဲ့ အာစရိယပူဇော်ပွဲကြီးကို မပျက်မကွက်တက်ရောက်ကြဖို့ ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည် "

(၂၉) ရက် (တနင်္ဂနွေနေ့) မတ်လ၊ ၂၀၁၅ ခုနှစ်

| | |
|---|---|
| နံနက် (၉) နာရီ | ညနေ (၆) နာရီ |
| ဒဂုံသီရိခန်းမ | Dolphin Restaurant |
| အ. ထ. က (၁) ဒဂုံ | Plus 3 Music Band |

(၁၈) ကြိမ်မြောက် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့.

ဆက်သွယ်ရန် - ၀၉-၅၁၈၉၂၀၀၊ ၀၉-၇၃၁၁၄၂၈၈၊ ၀၉-၅၄၀၄၅၄၅
၀၉-၅၁၁၂၂၃၃၊ ၀၉-၈၆၁၄၈၀၀၊ ၀၉-၅၀၈၁၁၁၂

---

## လွင်မြင့်အောင် အမှတ်တံဆိပ်

LMA တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR 006583 (0115)

ပြင်းချကျက် လက်ဖက်ခြောက်



အကျိုးအာနိသင်
- အသားအရေတင်းရင်းလှပစေခြင်း။
- အရေးအကြောင်းများလျော့ပါးစေခြင်း။
- အနာကျက်မြန်စေခြင်း။
- သွေးလည်ပတ်မှုအားကောင်းစေခြင်း။
- သွေးကြောများကျုံ့နိုင်မှုကိုကူညီထိန်းသိမ်းပေးခြင်း။
- ဦးနှောက်ကြည်လင်မှတ်ဉာဏ်ကောင်းစေခြင်း။
- စိတ်ဖိစီးမှုလျော့နည်းစေခြင်း။
- လန်းဆန်းခွန်အားဖြစ်စေခြင်း။
- ဆီးရွှင်ခြင်း။

မြစ်ဖွားရှတ်အခြောက်၊ မြစ်ဖွားရှတ်အဆီ၊ လတ်ဆတ်ခြောက်တို့ဖြင့်ပြုလုပ်ထားပါသည်။

ISO 9001:2008 နှင့် GMP လက်မှတ်ရလွင်မြင့်အောင် အင်ဒတ်စထရီရယ်(လ်) ကုမ္ပဏီလီမိတက်

အမှတ် (၁၃၀/၇)၊ ငါးထပ်ကြီးဘုရားလမ်း၊ ပဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၅၄၈၈၇၄၊ ၀၁-၅၄၆၅၉၄ မှ ထုတ်လုပ်သည်။

---

## စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် စက်ရုံဝန်ထမ်းများအတွက်

**Human Resource Management Certificate သင်တန်း**

Myanmar Industries Association — ERA EXPERTISE RESOURCE ASSOCIATION MALAYSIA

သင်ကြားမည့်ဘာသာရပ်များ
1. Introduction to Human Resource Management
2. Human Resource Planning
3. Human Resource Development
4. Compensation & Motivation
5. Appraisal & Career Management
6. The Legal Environment
7. Conclusion

(Sat, Sunday Class only)

မတ်လ(၁၄)ရက်နေ့ ဖွင့်လှစ်ပါမည်။

ENROLL NOW!

Hot Line : 09-73048644, 09-795733998

နိုင်ငံတကာအသိအမှတ်ပြု CERTIFICATE PROGRAM!

ဆက်သွယ်ရန် - MIA Office အမှတ် ၂၉၊မင်းရဲကျော်စွာလမ်း၊ UMFCCI 6th Floor၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
ဖုန်း 01-214830, 214831

---

### ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးသိန်းထွန်း၊၁/မကန(နိုင်)၀၂၇၄၁၀|၏ ပတ်စပို့ No(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၈၈၂၃၄၉၄

### အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၃)နဝမ-တန်း (A,)မှ (ဘ)ဦးဇော်ခိုင်၏ သမီး မစန်းမြမွန်အား မစန်းမြတ်မွန်ဟု ပြောင်းလဲခေါ်ပါရန်။

### ခွေးရောင်းမည်

Beagle- ၂-လ
Toy Poodle ၂-လ
Spaniel ၂-၄ လ

နိုင်ငံခြားခွေးမျိုးစုံ အော်ဒါမှာယူနိုင်ပါသည်။
ဖုန်း-၀၉ -၇၃၁၁၅၃၅၆/၀၉-၇၉၉၉၉၂၂၀၃

## ကြော်ငြာ


**ရွှေပြည်မြန်မာ** 09-73207416,420248633
အမှတ်-၂၅၂(မြေညီ)၊၃၅-လမ်း(အထက်)၊ကျောက်တံတားမြို့နယ်

| | |
|---|---|
| + ရွှေစက်တော်၊ ပုဂံ(စွယ်တော်လေးဆူ)-ညောင်ဦး၊ ပုပ္ပါး | Guest 75000 |
| + မန္တလေး၊ ပြင်ဦးလွင်၊ ဇဝ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ | Hotel 130000 |
| + တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်ဇမ်းဂူ၊ မွေတော်ကတ္တူ | Hotel 120000 |
| + ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ မန္တလေး၊ ပြင်ဦးလွင် | Hotel 160000 |
| + တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မန္တလေး၊ ပြင်ဦးလွင် | Hotel 160000 |
| + ထားဝယ် ရှင်ကိုးရှင်၊ ဖောင်းမကန်၊ မျှော်ရစ်၊ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်ခဲ | 120000 |

Mar 13,20,26,27 Apr 3,10,12,13,17 ✦ ကားမိုးခုံ စင်းလုံးငှားဆောင်ရွက်ပေးသည်။

**N. E. L. A.**
**NICE ENGLISH LANGUAGE ACADEMY**
ဆရာ ဦးဓွေးလွင် B.A. (Hons:) (English), M.Phil.(English), M.A. (TEFL), Dip.Eng
နွေရာသီ အင်္ဂလိပ်စာသင်တန်းများ
Grammar and Essay Writing, English Speaking
(၇+၈+၉+၁၀) တန်းများအတွက် Quality (၁၀)ဦးစီ တန်းခွဲသင်တန်းများ
12th March သင်တန်းများစမည်။
နတ်စင်လမ်းမှတ်တိုင်အနီး၊ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ Tel: 09-519-3468, 09-730-93476

**ဧရာဂင်္ဂါ**
ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး
Ayer Gingar Travels & Tours Co.,Ltd.
(၁၄)ညအိပ်(၁၅)ရက်ခရီးစဉ် မတ်လ(၂၅)ရက်
(၇)ညအိပ်(၈)ရက်အထူးခရီးစဉ် မေ(၅)ရက်
လူဦးရေကန့်သတ်ထားပါသည်။စာရင်းအမြန်ပေးသွင်းနိုင်ပါပြီ။
၂၃(A)မြေညီ၊သမိန်ဗရမ်းလမ်း၊တိုးနတ်ချောင်းရပ်ကွက်၊တာမွေမြို့နယ်၊ရန်ကုန်။
Ph:01-546617,09-420011778, 09-5078296, 09-5180885
ကိုသွေးနိုင်ဦး ၂၆လမ်း၊ ၈၂-၈၃ ကြား၊ မန္တလေး။ ဖုန်း-၀၉-၂၃၉၆၂၅၀၄၄
ဘုရားဖူးရင်း ကုသိုလ်တိုးဖို့ ဧရာဂင်္ဂါ နှင့် သွားကြစို့.

**RUBY** ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက်(၄၅၊၃၃၊၂၄၊၁၈၊၁၄၊၁၀၊၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)


### မွေးနေ့ဆုတောင်း

၈-၃-၂၀၁၅ ရက်တွင် ကျရောက်သော ချစ်ဇနီး ဒေါ်ခင်မြင့်ရည် [လ/ထ မန်နေဂျာ (ငြိမ်း) မြန်မာ့အသေးစားငွေရေး ကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း၊ ရုံးချုပ်]၏ မွေးနေ့မှသည် နှစ်တစ်ရာတိုင် မိသားစုနှင့်အတူ ဘာသာ၊ သာသနာအကျိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

| | |
|---|---|
| **ချစ်ခင်ပွန်း** | - **ဦးဝင်းအောင် (တရားလွှတ်တော်ရှေ့နေ)** |
| **ချစ်သားကြီး** | - **ကိုဝေယံဦး** B.Sc., (Maths), DIT, DTSM, BMWARE<br>**ဒု-လဝကမှူး၊ ပြည်သူ့အင်အားဦးစီးဌာန၊ နေပြည်တော်။** |
| **ချစ်သားလတ်** | - **ကိုဝေဖြိုးအောင်၊** B.Sc (Chemistry)<br>Ocean Grow Agency Co.,Ltd. |
| **ချစ်သားငယ်** | - **ကိုသူရိန်ဝင်း** B.Sc (Physics)<br>Ocean Grow Agency Co.,Ltd. |


**Laurel Art Academy**
(ရုပ်ရှင်အနုပညာသင်ကျောင်း)

**နွေရာသီအထူးသရုပ်ဆောင်သင်တန်း**

နွေရာသီကျောင်းပိတ်ရက် အားလပ်ရက်ကို ပျော်ပျော်ပါးပါး ကုန်ဆုံးချင်တယ် ဆိုရင်တော့ (အထူးသရုပ်ဆောင် (၃) လသင်တန်း) ကို တက်ပါ။
(၁) ကလေးသရုပ်ဆောင် သင်တန်း (၂) အထူး သရုပ်ဆောင် သင်တန်း
သရုပ်ဆောင်ပညာရပ်အပြင်အဆို၊အကများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် သင်ကြားပေးသွားပါမည်။ သင်တန်းပြီးဆုံးပါက ကျောင်းမှ ရိုက်ကူးထုတ်လုပ်သော TV Program များတွင် ပါဝင်သရုပ်ဆောင်ခွင့် ရရှိမည် ဖြစ်ပါသည်။

MRTV နှင့် Laurel Art Academy တို့ ပူးပေါင်းတင်ဆက်သည့် 'ဟိုးတုန်းက ရေဒီယို ဇာတ်လမ်းများ' အစီအစဉ် နှင့် 'ဟိုးတုန်းက ကက်ဆက် ဇာတ်လမ်းများ' အစီအစဉ်တို့ကို MRTV Entertainment Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်တင်ဆက်နေပါသဖြင့် စောင့်မျှော်ကြည့်ရှုနိုင်ပါသည်။

အမှတ်-၁/၅(စီ)၊ပုလဲဥယျာဉ်အိမ်ရာ(ပုလဲကွန်ဒိုဝင်း)၊ဆရာစံရပ်ကွက်၊ဗဟန်း၊ရန်ကုန်။
ဖုန်း - ၀၁-၅၅၅၆၂၄၊ ၀၁-၅၅၅၉၀၅၊ ၀၉-၇၃၁၅၃၈၈၂

**အမြန် ရောင်း / ငှားမည်**
၁။ (၄၀ × ၆၀) ဒဂုံတောင်၊ စက်မှုဇုန်(၆၄)မီးပါ။
၂။ (၁၀၀ × ၄၃၅) လှည်းကူးမြို့နယ်၊ဥယျာဉ်ခြံမြေ
၃။ (၃) ဧက၊လှည်းကူး - ဖောင်ကြီးကားလမ်းမဘေး။
၄။ (၄၀ × ၆၀) ဒဂုံတောင်၁၅၁၊ စီးပွားရေးတက္ကသိုလ်နီး
၅။ (၁၄ × ၅၀)၅ - လှိုင်သာယာ(အမြင်ငြိမ်း)
09-5155106
01-549138

**ဆက်သွယ်ပါ**
ရိုးသားပြီး စိုက်ပျိုးရေးလုပ်ငန်း ကြီးကြပ်လုပ်ကိုင်နိုင်သူ စိုက်ပျိုးရေးဘွဲ့ရ/စိုက်သိပ္ပံဆင်း
09 30047882

**ဆက်သွယ်ပါ**
လှည်းကူးမြို့နယ်အတွင်း ရာသီပေါ် သီးနှံစိုက်ပျိုးရေးနှင့်မွေးမြူရေးအတွက် စိုက်ပျိုးရေးပါသနာပါပြီး ရိုးသားစွာ လုပ်ငန်းကျွမ်းကျင်စွာဖြင့်အကျိုးတူပူးပေါင်း လုပ်ကိုင်လိုသူများဆက်သွယ်ပါ။
09 250357900




SAMSUNG

Edge above the rest




Samsung GALAXY Note Edge



Samsung GALAXY Note Edge

- Easy access to all your favourite applications
- Enjoy interruption-free viewing experience
- Freedom to personalise your Edge screen
- GALAXY Note 4 features

www.facebook.com/samsungmyanmar

Samsung Customer Contact Centre 01-23 99 888 Mon-Sun: 8AM to 6PM (အစိုးရရုံးပိတ်ရက်များအပါအဝင်)


MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
ဆွေသဟာ
ပရီမီုးရှင်းအစီအစဉ်
အလျင်မြန်ဆုံးအင်တာနက်ကို
အသင့်တင့်ဆုံးဈေးနှုန်းဖြင့် ရယူလိုက်ပါ။
အင်တာနက်သုံးစွဲခ
၅၀%
အထူးလျှော့ဈေး
1 MB လျှင် ၁၅ ကျပ်
1 MBလျှင်
၇ကျပ် ၅၀ပြား
ပျော်ရွှင်စရာ အထူးဈေးနှုန်းများကို ရယူနိုင်ဖို့ MPT ၏ ဆွေသဟာအစီအစဉ်ကို
ယခုပင် ဝင်ရောက်လိုက်ကြရအောင်!
ဆွေသဟာအစီအစဉ်ကိုရယူရန်
Prepaid သုံးစွဲသူများအတွက် SWE ဟုရိုက်၍ 1 3 3 2 သို့ SMS အခမဲ့ပေးပို့ပါ။
Postpaid သုံးစွဲသူများအတွက် POSTSWE ဟုရိုက်၍ 1 3 3 2 သို့ SMS အခမဲ့ပေးပို့ပါ။
• ဆွေသဟာဝန်ဆောင်မှုကို ရယူခြင်းမှာ အခမဲ့ဖြစ်ပါသည်။
• GSM နှင့် WCDMA အသုံးပြုသူများအတွက် ဖြစ်ပါသည်။
• အင်တာနက် 1MB လျှင် ၇ကျပ် ၅၀ပြား အထူးလျှော့ဈေးနှုန်းကာလသည် မတ်လ(၃၁)ရက်နေ့အထိ ဖြစ်ပါသည်။
CALL CENTER 106
နေ့စဉ် (၂၄)နာရီလုံး အခမဲ့ ခေါ်ဆိုနိုင်ပါသည်။
ဝေါဟာရနှင့် သတ်မှတ်ချက်များအား အသေးစိတ်သိရှိလိုပါက
http://www.mpt.com.mm
https://facebook.com/mptofficialpage

ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်

# 68 RESIDENCE CONDOMINIUM

WE DEFINE LIFESTYLE

DEVELOPED BY: UNITED GP Development by GOLDEN PALACE

ကမ္ဘာအေးစေတီလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဘိုးတွားပိုင်မြေ တစ်ကေပေါ်ရှိ
အထပ်ပေါင်း (၂၇)ထပ်၊ အခန်းပေါင်း (၃၇၅)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့်
SOMERSET SERVICED RESIDENCE ပါရှိသော
မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း

## 5 % Discount
## +
## Interior Decoration Package with fully furnished facilities

( 5th February - 12th April, 2015) *Terms & Conditions



- မြန်မာနိုင်ငံ၏ ပထမဆုံးသော Infinity Sky Swimming Pool & Garden @ 27th Storey
- မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ရည်ရွယ်ချက်မျိုးစုံအသုံးပြုနိုင်သည့် Dual Key System Unit များ
- အပူဒဏ်နှင့် အသံဆူညံမှုတို့ကို အပြည့်အဝကာကွယ်ပေးသည့် မှန်နှစ်ထပ်ပါ Loe E-Glass System
- တစ်နေရာတည်းတွင် ရုံးခန်းနှင့်လူနေအိမ်ခန်းတွဲလျက်ပါရှိမည့် Duplex System
- အဆင့်မြင့် Smart Home System နှင့် လုံခြုံရေး Finger Print Access System
- အဆင့်မြင့်မီးဘေးအန္တရာယ် ကာကွယ်ရေးစနစ်နှင့် အလိုအလျောက် မီးငြိမ်းသတ်စနစ်

More than
**84 %**
Sold Out

## PARTNERS

KBZ BANK ကမ္ဘောဇဘဏ်လီမိတက်
ZONE
SOMERSET SERVICED RESIDENCE Managed by The Ascott Limited
SOILBUILD GROUP HOLDINGS LTD
OrangeTee
777 LUX GROUP CO., LTD. Real Estate Advisory

**အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။**

ငလျင်ဒဏ်ကိုရစ်ချ်တာစကေးအနည်းဆုံး(8)ခံနိုင်အောင်
တည်ဆောက်ထားပါသည်။
CONDOMINIUM LAW အရ မြေပိုင်ဆိုင်မှုကိုလည်း
အခန်းဝယ်ယူသူအားလုံး ရာသက်ပန် စုပေါင်းအချိုးကျပိုင်ဆိုင်နိုင်မည့်
အလွန်နိုင်မာသောရင်းနှီးမြှုပ်နှံမှု

| ROOM TYPES | SQFT |
|---|---|
| 1 BEDROOM | 750 Sqft |
| 2 BEDROOMS | 1000 - 1100 Sqft |
| 2 BEDROOMS + STUDY | 1200 - 1300 Sqft |
| 3 BEDROOMS + STUDY | 1380 - 1580 Sqft |
| DUPLEX (3 BEDROOMS + 1) | 2100 Sqft |
| DUAL KEY (2 BEDROOMS + 1 BEDROOM) | 2100 Sqft |

SHOWROOM :
44/A, SAYAR SAN ROAD, BAHAN TOWNSHIP, YANGON, MYANMAR.
01-8604477, 09-4253 10993, 09-730 40513, 09-4500 21758, 09-540 7541, 09-2501 41060

Hot Line No-0930500100

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ အဆိုအမိန့်များ၊ ကိုယ်ကျင့်တရားနဲ့ တိုင်းပြည်အပေါ်ထားရှိတဲ့ အာဇာနည်စိတ်ဓာတ်ကို ချီးမွမ်းနေရုံ၊ လေးစားအားကျရုံ၊ ဖော်ကျူးရုံမျှနဲ့ တာဝန်ကျေပြီလို့ မယူဆကြဘဲ လိုက်နာလုပ်ဆောင်ဖို့ လိုပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ခုနှစ် မတ်လ ၁ရက်နေ့ ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)

# ငွေဆောင်၊ ချောင်းသာနှင့် မြတ်မော်တင်စွန်း ခရီးစဉ်ဒေသများ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်

**နေပြည်တော် မတ် ၇**

ငွေဆောင်ကမ်းခြေဒေသသည် ရန်ကုန်မြို့မှ ၁၄၃ မိုင်ကွာဝေးပြီး ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၏ အနောက်ဘက် ၂၉ မိုင် ၃ ဖာလုံတွင် တည်ရှိသည်။ ပင်လယ်ကမ်းခြေ အရှည်မှာ ၄ ဒသမ ၅ မိုင်ခန့် ရှည်လျား၍ ယင်းကမ်းခြေဒေသတွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နိုင်ရေးအပြင် ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် ဝင်ငွေတိုးပွားစေရေး၊ ခရီးသွားဝန်ဆောင်မှုမြှင့်တင်ရေးလုပ်ငန်းစဉ်များအား ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ငွေဆောင်ကမ်းခြေသည် ကမ်းခြေအရှည်ရှည်လျားခြင်း၊ ပင်လယ်ရေမျက်နှာပြင် ကြည်လင်သန့်ရှင်းမှုရှိခြင်း၊ လတ်ဆတ်သည့်သဘာဝပင်လယ်

**စာမျက်နှာ ၉ ကော်လံ ၅ သို့✳**



**ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ချောင်းသာကမ်းခြေ တစ်နေရာအား သာယာလှပစွာ တွေ့မြင်ရစဉ်။**

ယနေ့

## မာတိကာ


ဆီးရိုးယားလေတပ်၏ လေကြောင်းတိုက်ခိုက်မှုအတွင်း အိုင်အက်စ်တပ်မှူးသေဆုံး

စာမျက်နှာ - ၄

ယာယာတိုရေး ကစားသမားဘဝမှ အနားယူခဲ့ပါက အသင်း၏ သံတမန်နေရာအတွက် မန်စီးတီးကမ်းလှမ်းမည်

စာမျက်နှာ - ၁၃


# ကိုးကန့်သောင်းကျန်းသူအဖွဲ့များနှင့် လေကြောင်းပစ်ကူယူတိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွား၊ မူးယစ်ဆေးဝါး မြောက်မြားစွာ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၇**

တပ်မတော်စစ်ကြောင်းများက လောက်ကိုင်ဒေသအတွင်း နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိရာ မတ် ၆ ရက် မွန်းလွဲပိုင်းတွင် ကုန်းကြမ်းမှ လော်ကွာကျိုင်းသို့ နယ်မြေရှင်းလင်းစဉ် လော်ကွာကျိုင်းကျေးရွာအနီး၌ ကိုးကန့်၊ ပလောင်၊ ရခိုင်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး တပ်မတော်စစ်ကြောင်းများမှ ခြေလျင်အကူလက်နက်ကြီးများဖြင့် ပစ်ကူယူတိုက်ခိုက်ခဲ့သဖြင့် သောင်းကျန်းသူများ ဆုတ်ခွာသွားခဲ့သည်။

ထို့အပြင် ညနေပိုင်းတွင် တပ်မတော်စစ်ကြောင်းက လောက်ကိုင်ဒေသရှိ နယ်နိမိတ်မှတ်တိုင် အမှတ်(၁၁၈) အနီး ကိုးကန့်သောင်းကျန်းသူအဖွဲ့များ ယာယီခြေကုပ်ယူထားသည့် စစ်ဗျူဟာအရ အရေးကြီးသောပို့(စ်)-၂၀၁၄ တောင်ကုန်းအား တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

ထို့အတူ ချင်းရွှေဟော်မှ လောက်ကိုင်မြို့သို့ သက်သာထောက်ပံ့ပစ္စည်းများ ပို့ဆောင်သည့် ယာဉ်တန်းအား

**စာမျက်နှာ ၉ ကော်လံ ၁ သို့❑**

# မကွေးအသင်းနှင့် ဧရာဝတီအသင်းတို့ နိုင်ပွဲဆက်

သတင်းနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၉) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားသည်။

(သုဝဏ္ဏကွင်း)

**မကွေး - နှစ်ဂိုး**

(ဒီဂျမ်နှင့် စိုးမင်းနိုင်)

**မနောမြေ - ဂိုးမရှိ**

ယခုရာသီတွင် ရလဒ်ကောင်းများ ဆက်တိုက်ရရှိနေသည့် မကွေးအသင်း ယခုပွဲတွင်လည်း ခြေစွမ်းပြပြီး

**စာမျက်နှာ ၈ ကော်လံ ၃ သို့●**



**မကွေးအသင်းမှ အောင်ရှီးသာမောင်၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို မနောမြေနောက်ခံလူများ ဖျက်ထုတ်နေစဉ်။**








themirror.npt@gmail.com
www.facebook.com/themirrordaily

ကြေးမုံ The Mirror

တနင်္ဂနွေ အထူးထုတ်
SUNDAY SPECIAL

2015 MARCH 8, SUNDAY

STI MYANMAR UNIVERSITY
IMBA IBBA IMED IBE
www.stiedu.net
TEL : 507151/52, 377988
09250064451, 0931702299
09420254872

ယဉ်ကျေးမှု

# အမျိုးသားစာကြည့်တိုက်၏ ခြေလှမ်းသစ်များ

ဆွေဆွေ
(အမျိုးသားစာကြည့်တိုက်-နေပြည်တော်)




ယနေ့ကာလ၏ပညာခေတ်(Knowledge Age)တွင် စာကြည့်တိုက်များသည် ပြည်သူလူထုအတွက် အသိဉာဏ်ဗဟုသုတ၊ သတင်းအချက်အလက်နှင့် စာဖတ်သူများ၏ လိုအပ်သောအကြောင်းအရာများကို ရှာဖွေရယူနိုင်ရေးအတွက် လူ့အဖွဲ့အစည်းအတွင်းရှိ လူတန်းစားအားလုံးအတွက် အညီအမျှပံ့ပိုးကူညီပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း အမျိုးသားစာကြည့်တိုက်(နေပြည်တော်)**(အပေါ်ပုံ)**နှင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တို့ကို ဖွင့်လှစ်ထားရှိကာ စာအုပ်စာတမ်းများ၊ သတင်းအချက်အလက်ဝန်ဆောင်မှုများပေးလျက်ရှိပါသည်။

အမျိုးသားစာကြည့်တိုက်သည် နိုင်ငံ၏ အမျိုးသားအဆင့်စာကြည့်တိုက်ဖြစ်ပြီး တစ်မျိုးသားလုံးနှင့်သက်ဆိုင်သော စာပေပစ္စည်းများ အစုံလင်ဆုံးနှင့် အကြီးမားဆုံးစာကြည့်တိုက်အဖြစ်လည်းကောင်း၊ အမျိုးသားစာပေအမွေအနှစ်ကို ထိန်းသိမ်းရာဌာန၊ သုတေသီများ သုတေသနပြုရာဌာန၊ စာပေနှင့်လူထုကို ဆက်သွယ်ပေးရာဌာနအဖြစ်လည်းကောင်း လူမျိုး၊ ဘာသာ၊ အဆင့်အတန်းမရွေး စာဖတ်သူများ၊ စာရှာသူများ သိလိုသမျှအကြောင်းအရာအချက်အလက်များကို ရှာဖွေနိုင်၊ လေ့လာဆည်းပူးနိုင်သော ဝိသေသများဖြင့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

အမျိုးသားစာကြည့်တိုက်၏ နောက်ခံခရီးနှင်ခံရမှုများကို ပြန်ပြောင်းကြည့်ပါက Bernard Free Library မှ အစပျိုးပေးခဲ့မှုဖြင့် Collection အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ပထမဆောင်ကို ၃. ၅. ၂၀၁၃ ရက်တွင် ဖွင့်လှစ်ပြီး ဒုတိယဆောင်ကို ၂၂. ၉. ၂၀၁၄ ရက်တွင် ဖွင့်လှစ်ကာ ပြည်သူလူထုများ၊ ကျောင်းသားကျောင်းသူများ၊ အစိုးရဌာနဆိုင်ရာဝန်ကြီးဌာနများအား ဝန်ဆောင်မှုများပေးလျက်ရှိပါသည်။

အမျိုးသားစာကြည့်တိုက်(ရန်ကုန်)သည် မူလကအမှတ် (၁၈/၅) အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် လေးထောင့်ကန်လမ်းအဆောက်အအုံတွင်တည်ရှိရာ ၂၀၀၈ ခုနှစ် မေလတွင် နာဂစ်မုန်တိုင်းဒဏ်ကြောင့် စာအုပ်များပျက်စီးခဲ့ရပြီး ၂၀၀၈ ခုနှစ် ဩဂုတ်လတွင် အမှတ်(၈၅) သီရိမင်္ဂလာလမ်းသွယ် ရန်ကင်းမြို့နယ်သို့ပြောင်းရွှေ့ပြီး စာကြည့်တိုက်ကိုဖွင့်လှစ်ခဲ့ပါသည်။ အမျိုးသားစာကြည့်တိုက်သည် လူမျိုးမရွေး၊ ဘာသာမရွေး၊ အသက်အရွယ်မရွေး၊ လူမှုအဆင့်အတန်းအားလုံးအတွက် တူညီသောဝန်ဆောင်မှုများကို ပေးလျက်ရှိပါသည်။ ယခုအခါ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)၏အခွဲအဖြစ် ပြည်လမ်း အမျိုးသားပြတိုက်အဆောက်အအုံ ပထမထပ်နှင့် ဒုတိယထပ်တွင် ၂၀၁၅ ခုနှစ် နှစ်ဦးပိုင်းမှစတင်၍ စာကြည့်တိုက်ဝန်ဆောင်မှုများကို ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ စာဖတ်သူများအနေဖြင့်လည်း သွားလာရေးလွယ်ကူသောနေရာ၊ ပြည်သူများနှင့်နီးစပ်သောနေရာများတွင် စာကြည့်တိုက်များ တိုးချဲ့ဖွင့်ခြင်းဖြင့် ပြည်သူလူထု၏ အသိဉာဏ်ပညာများကို တိုးပွားလာစေရန်၊ စာဖတ်သူများဘဝ တိုးမြှင့်ရန်၊ တန်ဖိုးရှိရန်အတွက် နေ့စဉ်စာဖတ်နိုင်ရန်စီစဉ်ကာ ဝန်ဆောင်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ယခုဖွင့်လှစ်သည့် အမျိုးသားစာကြည့်တိုက်ခွဲ၏ အထူးခြားဆုံးဝန်ဆောင်မှုပေးမည့်လုပ်ငန်းမှာ လတ်တလောထူးခြားဖြစ်စဉ်များ (Current Affairs) နှင့်ပတ်သက်၍ ဖတ်ရှုနိုင်မည့် စာအုပ်စာတမ်းများနှင့် Downloaded Internet အချက်အလက်များကို တစ်ထိုင်တည်းဖတ်ရှုနိုင်အောင် စီစဉ်ပေးထားမည့်(CURRENT CORNER)ပင် ဖြစ်ပါသည်။

အမျိုးသားစာကြည့်တိုက်ခွဲဖွင့်လှစ်ရသည့် အဓိကရည်ရွယ်ချက်မှာ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားပြီးဖြစ်သော အမျိုးသားစာကြည့်တိုက်သို့ လာရောက်ရန် လက်လှမ်းမမီသူများအတွက်လည်းကောင်း၊ အချက်အချာတစ်ခုဖြစ်သော လူအများစုလာရောက်လေ့လာကြသော အမျိုးသားပြတိုက်တွင် အမျိုးသားစာကြည့်တိုက်ခွဲတစ်ခုအဖြစ် ဖွင့်လှစ်ပေးခြင်းအားဖြင့် စာကြည့်တိုက်သို့ လေ့လာဖတ်ရှုသူများ ပိုမို၍လာရောက်နိုင်ခြင်းတို့အပြင် ဖွင့်လှစ်ထားသော ဧရိယာအနီးရှိ ပြည်သူ၊ ကျောင်းသားများအတွက် ထိရောက်သောဝန်ဆောင်မှုလုပ်ငန်းများကို ပေးနိုင်ရန်အတွက်လည်းကောင်း ပထမအဆင့်ခြေလှမ်းအနေဖြင့် ဒဂုံမြို့နယ်ရှိ (ရန်ကုန်အရှေ့ပိုင်း)အမျိုးသားပြတိုက်၏ ပထမထပ်နှင့် ဒုတိယထပ်တို့တွင် တိုးချဲ့ဖွင့်လှစ်ရခြင်း ဖြစ်ပါသည်။

အမျိုးသားစာကြည့်တိုက်တွင် စုဆောင်းထားရှိသောစာအုပ်များကို ဝယ်ယူခြင်း၊ ပြည်တွင်းပြည်ပမှလက်ဆောင်ရရှိခြင်း၊ လှူဒါန်းခြင်းဖြင့် စုဆောင်းပါသည်။ ထို့နောက် **"ပုံနှိပ်သူနှင့် မှတ်ပုံတင်ဥပဒေအရ"** တစ်နိုင်ငံလုံးမှ ထုတ်ဝေသော စာနယ်ဇင်းများမှ စာနယ်ဇင်းများကို တစ်ခုစီအခမဲ့ရရှိသဖြင့် စုဆောင်းထားရှိပါသည်။ ၂၀၁၄ ခုနှစ်အတွင်းထုတ်သော မြန်မာစာအုပ်များ၊ အင်္ဂလိပ်စာအုပ်များ၊ သတင်းစာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများ၊ ပြည်တွင်းပြည်ပမှ ထုတ်ဝေသော မြန်မာနိုင်ငံအကြောင်း ရေးသားထားသော စာအုပ်များ၊ Asia Foundation မှ စာအုပ်များကိုလည်း စုဆောင်းထားရှိပါသည်။ ထို့အပြင် မြန်မာပြည်တွင် ထင်ရှားသောခေါင်းဆောင်ကြီးများ၏အကြောင်း ရေးသားထားသောစာစုများကို အထူးစာစုအနေဖြင့် စုဆောင်းထားရှိပြီး ဝန်ဆောင်မှုများပေးရန် စီစဉ်ထားရှိပါသည်။




စာကြည့်တိုက်တွင် စုဆောင်းထားရှိသော စာအုပ်များအား ကတ်တလောက်ရေးသားခြင်း၊ မျိုးတူစုပြုခြင်း၊ ပညာရပ်ခွဲခြင်း၊ Software တွင် data များရေးသွင်းခြင်း၊ စင်တင်ခြင်း၊ အညွှန်းရေးသားခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးစာဖတ်သူများ အလွယ်တကူလွတ်လပ်စွာဖတ်ရှုနိုင်ရန် စင်ဖွင့်စနစ်ဖြင့် စာအုပ်များအား ပညာရပ်အလိုက်စီစဉ်ထားရှိပါသည်။

စာကြည့်တိုက်အသုံးပြုသူများအတွက် လိုအပ်သောစာအုပ်၊ အထောက်အထားများကို အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာရှာဖွေနိုင်ရန်အတွက် အွန်လိုင်းကတ်တလောက် (Online Public Access OPAC) ကိုလည်းထားရှိပါသည်။ အမျိုးသားစာကြည့်တိုက်သည် စာဖတ်သူများ Softwareကို အသုံးပြုပြီး မြန်ဆန်တိကျစွာရှာဖွေနိုင်ရန် စာကြည့်တိုက်တွင် (Solib Library Software) စနစ်ဖြင့် အသုံးပြုနိုင်ရန်စီစဉ်ထားရှိသည်။ ထို့အပြင် အမျိုးသားစာကြည့်တိုက်၏ Website (www.nlm.gov.mm)သို့ ဝင်ရောက်၍ စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များကို စာဖတ်သူများဖတ်ရှုလေ့လာနိုင်ပါသည်။

ယခုအခါ အင်တာနက်အသုံးပြုမှုတိုးတက်မြင့်မားပြီး မိမိအလိုရှိသည့် စာအုပ်စာတမ်းအထောက်အထားများကို အင်တာနက်မှတစ်ဆင့် ဝင်ရောက်ရှာဖွေနိုင်၊ ကူးယူနိုင်၊ အသုံးပြုလာနိုင်သဖြင့် စာသင်ကြားသူများ၊ စာပေလေ့လာသူများနှင့် သုတေသနလုပ်ငန်းများအတွက် လွန်စွာအထောက်အကူပြုလာပါသည်။

စာမျက်နှာ ၂ သို့ » »

# အမျိုးသားစာကြည့်တိုက်၏ ခြေလှမ်းသစ်များ

» » တနင်္ဂနွေအထူးထုတ် ရှေ့ဖုံးမှ

ထို့ကြောင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်) စာကြည့်တိုက်ခွဲတွင်လည်း အင်တာနက်အသုံးပြုနိုင်ရန် WiFi အခမဲ့အသုံးပြုနိုင်ရန်အတွက် စာဖတ်သူများအား အမျိုးသားပြတိုက် ပထမထပ်တွင် ဝန်ဆောင်မှုများပေးထားပါသည်။ ထို့အပြင် စာဖတ်သူများလိုအပ်သော၊ သိလိုသော အချက်အလက်များကို ရည်ညွှန်းကိုးကားအသုံးပြုနိုင်သည့် အသင့်သုံးရည်ညွှန်းစာအုပ်များ၊ ပြည်တွင်း၊ ပြည်ပမှထုတ်ဝေသော မြန်မာနိုင်ငံအကြောင်း စာအုပ်စာစုများ၊ သမိုင်း၊ ယဉ်ကျေးမှုနှင့် စာပေဆိုင်ရာ စာအုပ်စာတမ်း အထောက်အထားများကို အသုံးပြု၍ စာကြည့်တိုက်ဝန်ထမ်းများမှ ကူညီရှာဖွေပေးခြင်းဖြင့် စာကြည့်တိုက်အသုံးပြုသူများ၏ စိတ်ကျေနပ်မှုရရှိအောင် ဆောင်ရွက်ပေးပါသည်။

အမျိုးသားစာကြည့်တိုက်သည် ရည်ညွှန်းစာကြည့်တိုက်အမျိုးအစား (Reference Library)ဖြစ်သည့်အတွက် စာအုပ်စာတမ်းများကို စာကြည့်တိုက်၏ စာဖတ်ခန်းအတွင်းတွင်သာ ဖတ်ရှုခွင့်ပြုပါသည်။ သို့သော် စာကြည့်တိုက်အသုံးပြုသူများအနေဖြင့် ရည်ညွှန်းကိုးကားလိုသောအကြောင်းအရာ၊ အချက်အလက်၊ အထောက်အထားများကို စာကြည့်တိုက်မှသတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ညွှန်ကြားရေးမှူး၏ခွင့်ပြုချက်ဖြင့် ဈေးနှုန်းသက်သာစွာ မိတ္တူကူးသည့်ဝန်ဆောင်မှုကိုလည်း ပေးပါသည်။

အမျိုးသားစာကြည့်တိုက်ခွဲသည် စာကြည့်တိုက်အချင်းချင်း ငှားရမ်းသည့်စနစ်အရ စာကြည့်တိုက်အချင်းချင်းဆက်သွယ်၍ တရားဝင်ငှားရမ်းခြင်း၊ အစိုးရဝန်ကြီးဌာနများမှ အကူအညီတောင်းသည့်အခါတွင် ဌာနဆိုင်ရာ တရားဝင်စာဖြင့် ငှားရမ်းခြင်းများကိုလည်း ဆောင်ရွက်ပေးပါသည်။

ထို့အပြင် ကလေးများ စာကြည့်တိုက်ကို အသုံးပြုတတ်လာစေရန်၊ စာဖတ်ရှိန်မြင့်မားလာစေရန်၊ စာပေကိုချစ်မြတ်နိုးသည့် အလေ့အထကောင်းများရရှိပြီး ယင်းတို့ကို ပြုစုပျိုးထောင်နိုင်ရန်၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့များကို တန်ဖိုးထား ထိန်းသိမ်းချစ်မြတ်နိုးစေရန်၊ ကွန်ပျူတာအသုံးပြုမှုရင်းနှီးကျွမ်းဝင်စေရန်အတွက် စာအုပ်စာနယ်ဇင်းများ၊ ကွန်ပျူတာများထားရှိကာ **"ကလေးစာကြည့်တိုက်"**ကို အမျိုးသားပြတိုက်အဆောက်အအုံ ဒုတိယထပ်တွင် ဖွင့်လှစ်ပေးထားပေးမည်ဖြစ်သည်။ ကလေးများအတွက် ပြည်တွင်းပြည်ပမှထုတ်ဝေသည့် ကလေးစာအုပ်များ၊ စာနယ်ဇင်းများ၊ ကလေးများ စိတ်ဝင်စားမည့် ရုပ်ပုံကားချပ်များ၊ ကမ္ဘာ့မြေပုံ၊ မြန်မာ့မြေပုံ၊ ပညာရပ်ဆိုင်ရာ ကားချပ်များကိုလည်း စီစဉ်ထားရှိပါသည်။ ယင်းစာကြည့်တိုက်တွင် ကလေးများအား ဖိတ်ခေါ်၍ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲများ ကျင်းပခြင်း၊ နိုင်ငံတော်၏ နေ့ထူးနေ့မြတ်များတွင် စာပေဟောပြောပွဲများ ကျင်းပပေးခြင်း၊ ယင်းနေ့ဆိုင်ရာ စာအုပ်စာတမ်းများကို ဖတ်ရှုနိုင်ရန် စာအုပ်စင်များဖြင့် Display ပြသထားပြီး ကလေးစာကြည့်တိုက် လှုပ်ရှားမှုများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် စာဖတ်သူများ၊ ပညာဗဟုသုတရှာမှီးလိုသူများအတွက် စာကြည့်တိုက်သည် ဘဝတစ်သက်တာလေ့လာသင်ယူနိုင်သော နေရာလည်းဖြစ်ပါသည်။ စာဖတ်ခြင်းသည် မိမိတို့၏အသိလိမ္မာ၊ ဉာဏ်ပညာကိုတိုးပွားစေပြီး အတွေးအခေါ်ကို ရင့်သန်စေပါသည်။ စာကြည့်တိုက်သည် စာအုပ်နှင့် ပြည်သူလူထုကို ဆက်သွယ်ပေးရာဌာန၊ ပညာဗဟုသုတ ဖြန့်ဖြူးပေးရာဌာန၊ ပညာတတ်၊ ပညာရှင်၊ အသိအမြင်အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်သူများ မွေးထုတ်ပေးရာဌာန ဖြစ်သည်သာမက နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စာကြည့်တိုက်များသည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားစာကြည့်တိုက်သည် ပြည်သူများ၊ လူငယ်လူရွယ်များ ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်ရန်အတွက် စာပေများဖတ်ရှုလေ့လာနိုင်ရန် အကောင်းဆုံးဝန်ဆောင်မှုများပေးကာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် စာဖတ်သူပြည်သူလူထုအား အမျိုးသားစာကြည့်တိုက် (ရန်ကုန်) စာကြည့်တိုက်ခွဲသို့ သုတရသစာပေများအား လာရောက်ဖတ်ရှုကြပါရန် ဖိတ်ခေါ်ရေးသားလိုက်ရပါသည်။




# ကျွန်းလှမြို့နယ်၌ ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

**ကျွန်းလှ မတ် ၇**

ဒေသဖွံ့ဖြိုးရေး ဆင်းရဲမှုလျှော့ချရေး သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို မတ် ၅ ရက် မွန်းတည့် ၁၂ နာရီက အကူရေပိုလွှဲအနီးတွင် ကျင်းပကြောင်း သိရသည်။

ယခင်နှစ်က သဖန်းဆိပ်ဆည်အတွင်း ငါးမျိုးငါးသိန်း စိုက်ထည့်ခဲ့ပြီး ယခုနှစ်တွင် ငါးသန်အုပ်စုဖြစ်သော ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ ထိုင်ဝမ်ငါးခုံးမ၊ တီလားပီးယား ငါးမျိုးခြောက်သိန်း စိုက်ထည့်မည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် ငါးဦးစီးဌာနဦးစီးမှူး ဦးတင်ဦးက ပြောပြသည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်က အမှာစကားပြောကြားပြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်ထွန်းလင်းက ငါးမျိုးစိုက်ထည့်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြီး တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးတင်လှိုင်မြင့်၊ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက သဖန်းဆိပ်ဆည်အတွင်း ငါးမျိုးများ စိုက်ထည့်ပေးကြကြောင်း သိရသည်။ **(မျိုးဝင်းညို-ကျွန်းလှ)**

# နိုင်ငံ့ဖွံ့ဖြိုးမှုထောက်ကူပြု တတိယအကြိမ်မြောက် မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်

» » တနင်္ဂနွေအထူးထုတ် စာမျက်နှာ ၄ မှ

နိုင်ငံခြားအကူအညီအထောက်အပံ့ စီမံခန့်ခွဲရေးဗဟိုကော်မတီအနေနဲ့လည်း မူဝါဒများ ချမှတ်လမ်းညွှန်ပြီး ချမှတ်ထားတဲ့ မူဘောင်နဲ့အညီ ဦးစားပေးလုပ်ငန်း၊ စီမံချက်ကဏ္ဍများနဲ့ ဦးစားပေးစီမံချက်များကို ရွေးချယ်သတ်မှတ်ပြီး ပြည်သူ့လိုအပ်ချက်များကို ရှာဖွေဖော်ထုတ်ကာ အလှူရှင်အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ နိုင်ငံအချင်းချင်းက ပေးအပ်တဲ့အကူအညီနဲ့ အထောက်အပံ့တွေ၊ ချေးငွေနဲ့ ဆောင်ရွက်တဲ့လုပ်ငန်းစီမံကိန်းများ ထိရောက်မှုရှိရေးအတွက် ထိုလုပ်ငန်းစီမံကိန်းကို အကောင်အထည်ဖော်တဲ့ သက်ဆိုင်ရာပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရ၊ ဝန်ကြီးဌာနနဲ့ အကူညီပေးအပ်တဲ့ နိုင်ငံအဖွဲ့အစည်းများက ပူးပေါင်းပြီး ကြီးကြပ်ကွပ်ကဲခြင်းနဲ့ ဆန်းစစ်အကဲဖြတ်ခြင်း (Monitoring and Evaluation) တို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

> နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားဖို့ ရည်ရွယ်ပြီး နိုင်ငံလုံးအတိုင်းအတာအဆင့် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ၂၀၁၃ ခုနှစ်မှစတင်ပြီး ကျင်းပခဲ့တာဟာ ယခု ၂၀၁၅ ခုနှစ်မှာဆိုရင် သုံးကြိမ်ရှိခဲ့ပြီဖြစ်။

လက်ရှိအစိုးရအနေနဲ့ စတင်တာဝန်ယူတဲ့ ၂၀၁၁ ခုနှစ် မတ်လကစပြီး မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်မှာ နိုင်ငံတကာမှ ပံ့ပိုးကူညီနိုင်ဖို့နဲ့ နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားဖို့ ရည်ရွယ်ပြီး နိုင်ငံလုံးအတိုင်းအတာအဆင့် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ၂၀၁၃ ခုနှစ်မှစတင်ပြီး ကျင်းပခဲ့တာဟာ ယခု ၂၀၁၅ ခုနှစ်မှာဆိုရင် သုံးကြိမ်ရှိခဲ့ပြီဖြစ်ပါတယ်။ တတိယအကြိမ်မြောက် မြန်မာနိုင်ငံဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (Third Myanmar Development Cooperation Forum-3rd MDCF) ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်နဲ့ ၈ ရက်တို့မှာ နေပြည်တော်မှာ ကျင်းပခဲ့ပါတယ်။ ဖေဖော်ဝါရီ ၇ ရက် တတိယအကြိမ်မြောက် မြန်မာနိုင်ငံ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (Third Myanmar Development Cooperation Forum- 3rd MDCF) ဖွင့်ပွဲအခမ်းအနားကို နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် တက်ရောက်အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနဲ့အတူ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ကမ္ဘာတစ်ဝန်းမှ အလှူရှင်နိုင်ငံများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်များနဲ့ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သံတမန်များ၊ ဧည့်သည်တော်များ စုံလင်စွာ တက်ရောက်ခဲ့ကြပါတယ်။

ဖွံ့ဖြိုးမှု မိတ်ဖက်နိုင်ငံများ၊ အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်နိုင်ရန်အတွက် ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (First Myanmar Development Cooperation Forum-1st MDCF) ကို Partnership for Actions, Implementation and Success ဟူသော ခေါင်းစဉ်ဖြင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၉ ရက်နဲ့ ၂၀ ရက်တို့တွင် နေပြည်တော်မှာ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံအစိုးရနဲ့ ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးမှာ ထိရောက်မှုရှိစေတဲ့ နေပြည်တော်သဘောတူညီချက် (Nay Pyi Taw Accord) ကို ထုတ်ပြန်ကြေညာနိုင်ခဲ့ပါတယ်။ ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ဟာ မြန်မာနိုင်ငံအစိုးရနဲ့ ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှု၊ ဒီမိုကရေစီဖော်ဆောင်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုအောင်မြင်မှုရရှိရေး စတင်မိတ်ဖက်ပြုဆောင်ရွက်တဲ့ ဖိုရမ်လည်းဖြစ်ပါတယ်။ ပထမအကြိမ် ဖိုရမ်မှာချမှတ်ခဲ့တဲ့ "ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးမှာ ထိရောက်မှုရှိစေမယ့် နေပြည်တော် သဘောတူညီချက်" ပါ အစိုးရနဲ့ ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား ပူးတွဲကတိကဝတ်များနဲ့အညီ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံခြားအကူအညီအထောက်အပံ့များကို တိုးတက်ရရှိလာခဲ့ပါတယ်။ ဒုတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (Second Myanmar Development Cooperation Forum- 2nd MDCF) ကို Accelerating Actions for Progress towards Enhancing Inclusive Coordination ဟူသော ခေါင်းစဉ်ဖြင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၇ ရက်နှင့် ၂၈ ရက်မှာ နေပြည်တော်၌ ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံအစိုးရနဲ့ ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား ယုံကြည်မှု၊ နားလည်မှုတို့ကို မြှင့်တင်နိုင်ခဲ့ပါတယ်။ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မယ့် ကတိကဝတ်များကိုလည်း ဖွံ့ဖြိုးမှုမိတ်ဖက်များထံမှ ရရှိခဲ့ပါတယ်။ ရလဒ်အနေနဲ့ ဖိုရမ်များအောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းနဲ့အတူ နိုင်ငံတကာအသိုက်အဝန်းနဲ့ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးမြှင့်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ မြန်မာနိုင်ငံကို ကဏ္ဍနယ်ပယ်များစွာတို့မှာ ဖွံ့ဖြိုးမှုအကူအညီ၊ ချေးငွေ၊ အထောက်အပံ့နဲ့ နည်းပညာ/ကျွမ်းကျင်မှုအကူအညီများ တိုးမြှင့်ပေးအပ်လျက်ရှိပါတယ်။

ဒါကြောင့်လည်း နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ ဖွံ့ဖြိုးမှုမိတ်ဖက်များရဲ့အခန်းကဏ္ဍနဲ့ ၎င်းတို့ရဲ့ငွေကြေးနဲ့ နည်းပညာဆိုင်ရာ အကူအညီအထောက်အပံ့တွေဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးမှာပါ အထူးအရေးပါတဲ့ အင်အားတစ်ရပ်ဖြစ်ပါတယ်။

ရရှိတဲ့ ဖွံ့ဖြိုးမှုအကူအညီတွေကို ထိရောက်စွာ အသုံးပြုရာမှာ နိုင်ငံတော်ရဲ့ ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်တဲ့ ဆင်းရဲမှုလျှော့ချရေး၊ အလုပ်အကိုင်နဲ့ ဝင်ငွေဖန်တီးနိုင်ရေး၊ သန့်ရှင်းတဲ့သောက်သုံးရေ၊ လျှပ်စစ်မီး၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး စတဲ့ကဏ္ဍများနဲ့ ကိုက်ညီမှုရှိစေရေး၊ ကဏ္ဍအလိုက်၊ ဒေသအလိုက် လုပ်ငန်းများအချင်းချင်း ထပ်နေသည်များ၊ လစ်ဟာနေသည်များ မရှိရန်၊ တိုင်းဒေသကြီး/ပြည်နယ်များအကြား မျှတစွာဖြန့်ကြက်လုပ်ဆောင်နိုင်ရန် အထူးအလေးထားလုပ်ဆောင်လျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲ့ ပွင့်လင်းလာမှုနဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ထောက်ခံလာတာနဲ့အမျှ နိုင်ငံတကာ အကူအညီအထောက်အပံ့များ (ငွေကြေးအကူအညီ၊ ကျွမ်းကျင်မှု အကူအညီ၊ နည်းပညာအကူအညီ)ကို ပိုမိုပေးအပ်လာတဲ့အတွက် မြန်မာနိုင်ငံရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် များစွာအကျိုးပြုနိုင်စေမှာ ဖြစ်ပါတယ်။ ။

# လစဉ်ပုံမှန်ကာကွယ်ဆေး ကွင်းဆင်းတိုက်ကျွေးထိုးနှံပေး

**နေပြည်တော် မတ် ၇**

မိခင်ကျန်းမာရေးမြှင့်တင်ရေး၊ (၅)နှစ်အောက်ကလေး သေဆုံးမှုကျဆင်းရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်သည့် ကျေးရွာပြည်သူများ ဖြစ်လာစေရန် ရည်ရွယ်၍ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ လက်ပံခါးလှ၊ တောက်ထိန်၊ တဲကြီးကုန်း၊ ရှားတောနှင့် ဂုံးမင်းအင်းကျေးရွာတို့တွင် မတ် ၅ ရက် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ တစ်နှစ်ခွဲအောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား လစဉ် ပုံမှန်ကာကွယ်ဆေး အခမဲ့ တိုက်ကျွေးထိုးနှံပေးခဲ့သည်။

အဆိုပါ ကာကွယ်ဆေးတိုက်ကျွေးထိုးနှံပေးရေးကို ကျေးလက်ကျန်းမာရေးဌာန ရှားတောဌာနခွဲမှ သားဖွားဆရာမ ဒေါ်စန်းစန်းမြင့်က လစဉ်ပုံမှန် ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး ဝက်သက်၊ ပိုလီယို၊ penta ငါးမျိုးစပ်၊ ဦးနှောက်တီဘီနှင့် လူးစေ့တီဘီပိုးကာကွယ်နိုင်ရန် BCG ဆေးမျိုးများ တိုက်ကျွေးထိုးနှံပေးသွားမည်ဖြစ်သည်။

ရှားတောကျေးလက် ကျန်းမာရေးဌာနခွဲ၌ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် (၅) နှစ်အောက် ကလေးများ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ ကိုယ်ဝန်ဆောင်များကို အခမဲ့စမ်းသပ်ပေးခြင်းနှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို အခမဲ့ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန့်မောင်(ပြန်/ဆက်)**



# ရေရှည်အကျိုးစီးပွားနှင့် ဖွံ့ဖြိုးတိုးတက်မှုကို စိန်ခေါ်နေသည့် မတည်ငြိမ်မှုများ

» » တနင်္ဂနွေအချပ်ပို စာမျက်နှာ ၄ မှ

ရင်းနှီးမြှုပ်နှံရာတွင် အခြေခံသည့် ညွှန်းကိန်းလေးခု အပေါ် မူတည်ပြီး ရင်းနှီးမြှုပ်နှံရန် သင့်မသင့်ကို ဆုံးဖြတ်လေ့ရှိသည်။ ၎င်းတို့မှာ တည်ငြိမ်မှု (stability)၊ လုံခြုံစိတ်ချမှု (security)၊ ဥပဒေစိုးမိုးမှု (rule of law)နှင့် အမြတ်ရရှိရန် တွက်ချက်ခန့်မှန်းနိုင်မှု (accountability) တို့ဖြစ်သည်။ ယခုကာလများအတွင်း လှိုင်သာယာနှင့် ရွှေပြည်သာအထည်ချုပ်စက်ရုံ အချို့တွင် ဖြစ်ပေါ်ခဲ့သည့် လုပ်ခတိုးမြှင့်ရေးနှင့်ပတ်သက်သည့် ဆန္ဒပြမှုများသည် သာမန်တောင်းဆိုသည့် အဆင့်ထက်ကျော်လွန်ပြီး စက်ရုံဝိုင်းထားခြင်း၊ အဝင်/အထွက်မလုပ်နိုင်အောင်ပြုလုပ်ခြင်း၊ နိုင်ငံတကာဈေးကွက်သို့ မပို့နိုင်ရန် လုပ်ဆောင်ခြင်းစသည့် အကြမ်းဖက်အပြုအမူများကြောင့် လုံခြုံစိတ်ချမှုကိုပါ ပျက်ပြားစေသလို ဥပဒေစိုးမိုးမှုနှင့် အမြတ်ရရှိရန် တွက်ချက်နိုင်မှု စသည်တို့ကိုပါ ထိခိုက်နေသည့်အတွက် ရတက်မအေးစရာဖြစ်ရသည်။ FDI လုပ်ငန်းကြီးများအနေဖြင့်မူ ကမ္ဘာတစ်ခုလုံးတွင် ဖြန့်ကြက်လုပ်ဆောင်သောကြောင့် နှိုင်းယှဉ်အခွင့်အရေးသာသည့် နိုင်ငံများသို့သာ သွားရောက်လုပ်ကိုင်မည်ဖြစ်သည်။ အထည်ချုပ်လုပ်ငန်းဆိုလျှင် မြန်မာ့ပြိုင်ဘက်များဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံများတွင် ပြောင်းရွှေ့လုပ်ကိုင်ခြင်းဖြင့် အထူးထိခိုက်မည် မဟုတ်ပေ။ တကယ်ထိခိုက်မည်မှာ အခြေခံလူတန်းစားများအတွက် အုံနဲ့ကျင်းနဲ့ အလုပ်အကိုင်အခွင့်အရေးများ လက်လွတ်ဆုံးရှုံးရမည်ဖြစ်သည်။ ပို၍ဆိုးသည်မှာ မြန်မာနိုင်ငံ၏ မကောင်းသတင်း၊ နောင်လာမည့် လုပ်ငန်းရှင်များရော လက်ရှိလုပ်ကိုင်နေသူများအကြား ပြန့်နှံ့ခြင်းသည် နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကိုပါ ထိခိုက်စေမည်ဖြစ်သည်။ အကယ်၍ ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးလျှင် ပြည်တွင်းလုပ်သားများ စီးပွားရေးပိုမိုဖွံ့ဖြိုးသည့် အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံ၊ အာရှနိုင်ငံများသို့ တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ သွားရောက်အလုပ်လုပ်ကြရမည်ဖြစ်သည်။ ကျွမ်းကျင်မှုမရှိသောကြောင့် အများစု "3D"ဟုခေါ်သည့် ညစ်ပတ်သည့်လုပ်ငန်းများ(Dirty)၊ အန္တရာယ်ရှိသည့်လုပ်ငန်းများ(Danger)နှင့် လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းစေသည့် လုပ်ငန်း(Demaining)များတွင်သာ လုပ်ကိုင်ရမည်ဖြစ်ပြီး သူများတိုင်းပြည် သူများခိုင်းသမျှလုပ်ကြရမည်ဖြစ်သလို ခွဲခြားဆက်ဆံခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ အချိန်ပိုခိုင်းခြင်း၊ လုပ်ခငွေနိမ့်ချပေးခြင်းတို့ ကြုံရမည့်အပြင် လူမှောင်ခိုကိစ္စများပါ ဖြစ်ပေါ်လေ့ရှိသည်။ အခြားတိုင်းပြည်များတွင် အားကိုးစရာမရှိ၊ အဘက်ဘက်မှ နိမ့်ကျသည့်ဘဝကို ရင်ဆိုင်ရမည်ဖြစ်သည်။ ထို့အတွက် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ရေး အထူးအရေးကြီးနေပြီဖြစ်သည်။

**လုပ်သားများ ချင့်ချင့်ချိန်ချိန်စဉ်းစားစေချင်**

နိုင်ငံခြားသားလုပ်ငန်းများအနေဖြင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်သည့် အခြေခံအကြောင်းရင်းမှာ ဒေသတွင်းနိုင်ငံများတွင် လုပ်ခသက်သာမှုကြောင့်ပင်ဖြစ်သည်။ တစ်ဖက်တွင်လည်း လျှပ်စစ်၊ လမ်းပန်းဆက်သွယ်ရေး မပြည့်စုံမှုနှင့် မြေ၊ အဆောက်အအုံငှားခဈေးကြီးမှုကိုလည်း နားလည်ထားပြီးဖြစ်သည်။ အကယ်၍ မြန်မာနိုင်ငံတွင် မရင်းနှီးဘဲ အခြားနိုင်ငံများတွင် ရင်းနှီးလျှင် အဆိုပါစရိတ်များ မြန်မာနိုင်ငံထက် သက်သာကြောင်း အမြဲပြောဆိုကြသည်။ ဘာကြောင့် မြန်မာနိုင်ငံ၏ လုပ်ခနိမ့်ရသလဲဟုဆိုလျှင် ဒေသတွင်း နိုင်ငံများအတွင်း နှိုင်းယှဉ်ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျသလို လုပ်သားတစ်ဦးချင်းစီ၏ ကျွမ်းကျင်မှု(skill) နိမ့်နေသေးကြောင်း လေ့လာမှုစာတမ်းများအရ သိရသည်။ အထည်ချုပ်လုပ်ငန်းများအနေဖြင့် ကမ္ဘာ့ဈေးကွက်အသီးသီးမှ အမှာစာ(order)များ လက်ခံချုပ်လုပ်တင်ပို့ရာတွင် ရည်မှန်းရက်အတိအကျဖြင့် တင်ပို့ရလေ့ရှိပြီး အချိန်မီမတင်ပို့နိုင်လျှင် အဆိုပါ လုပ်ငန်းရှင်များအနေဖြင့် ရေရှည်ရပ်တည်ရန် မဖြစ်နိုင်ပေ။

လုပ်သားများဘက်မှလည်း လုပ်ခတိုး၍ ရလိုမှုမှာ သဘာဝပင်ဖြစ်သည်။ သို့သော် မိမိအလုပ်စဝင်ကတည်းက ပေးသည့်လစာ၊ မိမိတာဝန်ဝတ္တရား၊ အလုပ်ချိန် စသည်တို့ကို သဘောတူပြီးမှ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ လုပ်သက်ရင့်လာမှုကြောင့် မိမိလုပ်ငန်း ပိုမိုကျွမ်းကျင်မှုရှိသည့်အတွက် မိမိ၏ ထုတ်လုပ်မှုစွမ်းအား တိုးတက်လာမှုကို အကြောင်းပြလျက် သက်ဆိုင်ရာဌာနခွဲခေါင်းဆောင်များမှတစ်ဆင့် မှန်ကန်သောနည်းသစ်များဖြင့်သာ တောင်းဆိုသင့်ပေသည်။ အာဆီယံနိုင်ငံဖြစ်၍ အာဆီယံလုပ်ခ ရရှိရမည်ဆိုသည့် အသံများလည်းကြားရသည်။ အမှန်တကယ်မူ ၂၀၁၅ အလွန်တွင် ဖြစ်ပေါ်လာမည့် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ထူထောင်တော့မည်ဆိုလျှင် လွတ်လပ်စွာ ပြောင်းရွှေ့ခြင်းနှင့် တူညီသည့်နှုန်းများရရှိရေးတွင် လုပ်သားနှင့်ပတ်သက်၍ အာဆီယံကျွမ်းကျင်လုပ်သားအဆင့်ဖြစ်လျှင် အာဆီယံအတွင်း တူညီသည့်နှုန်းထား အာမခံထားသော်လည်း ကျွမ်းကျင်မှုမရှိသည့် လုပ်သားများအကျုံးမဝင်ပေ။ လုပ်သားတိုင်း အထူးအလေးပြုရမည်မှာ မိမိလုပ်ဆောင်သည့်လုပ်ငန်းတွင် ကျွမ်းကျင်သူဖြစ်ပြီး မိမိလုပ်သည့်အလုပ်ကို တာဝန်ယူ တာဝန်ခံနိုင်သူများဖြစ်မှသာလျှင် အလုပ်ရှင်အနေဖြင့် လစာတိုးမြှင့်ရေးကို လိုလိုလားလား လုပ်ဆောင်ပေးမည်ဖြစ်သည်။ ဆိုလိုသည်မှာ လုပ်ငန်းကျွမ်းကျင်သူဖြစ်လာလျှင် လူက အလုပ်ကိုရှာရန် မလိုဘဲ အလုပ်က လူကို ရှာရသည့်အဆင့် အလိုလိုရောက်လာမည်ဖြစ်သည်။ မြန်မာ့အထည်ချုပ်လုပ်သားများ ကျွမ်းကျင်မှု နည်းရခြင်းအကြောင်းမှာလည်း အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အလုပ်ခွင်သင်တန်းများပေးခြင်း နည်းသေးပြီး အများစုမှာ လုပ်ငန်းခွင်သင်တန်းအဖြစ် လက်တွေ့လုပ်ကိုင်သင်ယူရသည့်စနစ် (Learning by doing)အရ လုပ်ဆောင်ကြသည်။ ယခုအခါ နေထိုင်စားသောက်စရိတ်ပေါ် မူတည်၍ မျှတသည့် အနိမ့်ဆုံးလုပ်ခ ပြဋ္ဌာန်းနိုင်ရန် လုပ်ဆောင်နေပြီဖြစ်သည်။

အထူးပြောလိုသည်မှာ အလုပ်ရှင်နှင့် အလုပ်သမားများအကြား မျှတသည့်လုပ်ခဖြစ်ပေါ်ရေးတွင် နိုင်ငံတကာကဲ့သို့ လုပ်သားတစ်ဦးချင်း၏ ကျွမ်းကျင်မှုနှင့် အလုပ်ပြီးမြောက်မှုကို စံအဖြစ် သတ်မှတ်ပြီး လုပ်ခကိုပေးသည့်စနစ် ဖော်ဆောင်မည်ဆိုလျှင် နှစ်ဦးစလုံးအတွက် Win-Win အခြေအနေပင်ဖြစ်သည်။ သတိပြုရမည်မှာ လုပ်သားများအနေဖြင့် လုပ်ခတိုးရေးအတွက် တောင်းခြင်းထက် လုပ်ယူသည့် နည်းလမ်းဖြစ်သည့် မိမိ၏ကျွမ်းကျင်မှု ပိုမိုတိုးတက်ရေး အလေးထားရမည်ဖြစ်သည်။ နှစ်ဦးနှစ်ဖက် ပျက်စီးရာလမ်းကြောင်းအဖြစ် အကြမ်းဖက်သည့်နည်းလမ်းရှောင်ရှားမှသာ ကမ္ဘာ့အလယ် **"ရိုးသားကြိုးစားပြီး ယဉ်ကျေးသည့် မြန်မာ"** ဟူသော ဂုဏ်ပုဒ်ကို ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ လုပ်သားများအနေဖြင့် မက်လုံးများပေးပြီး အကြမ်းဖက်မှုများ လုပ်ဆောင်ရန် ကြိုးစားနေသူများကိုလည်း သတိထားရှောင်ကြရမည်ဖြစ်သည်။ ရေရှည်အကျိုးစီးပွားအတွက် လုပ်သားတိုင်း ချင့်ချင့်ချိန်ချိန် စဉ်းစားသင့်ပေသည်။ အထည်ချုပ်ကဲ့သို့သော အုံနဲ့ကျင်းနဲ့ အလုပ်အကိုင်အသစ်များ ပိုမိုထွန်းကားလာမှသာ ယနေ့ပြည်သူများ ရင်ဆိုင်နေရသည့် ဆင်းရဲမှုသိသိသာသာ လျှော့ချနိုင်မည်ဖြစ်သလို နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုလည်း တစ်ဖက်တစ်လမ်းမှ ဖြည့်စွမ်းနိုင်မည်ဖြစ်သည်။



# သာစည်မြို့နယ် ထူးတွင်း-ကုက္ကိုပြင် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ တံတားကြီးတည်ဆောက်မှု ၈၅ ရာခိုင်နှုန်းပြီးစီး

**သာစည် မတ် ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်ပြည်သူများ သွားလာမှုလွယ်ကူစေရေးအတွက် မြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းများကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်း၊ အဆိုပါလမ်းများပေါ်ရှိ ပျက်စီးယိုယွင်းနေသော တံတားများကို ခိုင်ခံ့အောင် ပြန်လည်ပြုပြင်တည်ဆောက်ပေးခြင်းများကို ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးမှုများထဲတွင် ထူးတွင်းကျေးရွာနှင့် ကုက္ကိုပြင်ကျေးရွာတို့ ဆက်သွယ်သည့် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ အလျားပေ ၈၀ ၊အနံ ၁၄ ပေရှိ တံတားကို အောင်ကြိုင်ကုမ္ပဏီက တာဝန်ယူ၍ အုတ်ခုံခံ၊ သံပေါင်ရက်မ သစ်သားတံတားတစ်ခုအဖြစ် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်က စတင်တည်ဆောက်လျက်ရှိရာ ယနေ့အထိ ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ငွေနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက မတ် ၅ ရက် နံနက်တွင် ကွင်းဆင်းသွားရောက်ကြည့်ရှုစစ်ဆေးရာ အောင်ကြိုင်ကုမ္ပဏီမှ တာဝန်ရှိသူများက ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။**(အောက်ပုံ)**

အဆိုပါတံတားကြီး ပြီးစီးသွားပါက ထူးတွင်းကျေးရွာနှင့် ကုက္ကိုပြင်ကျေးရွာတို့ အပြန်အလှန်ကူးလူးသွားလာနိုင်ကြမည့်အပြင် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှလည်း အဆိုပါတံတားကြီးကို အမှီပြု၍ လူမှုရေး၊ ပညာရေး ၊ ကျန်းမာရေးနှင့် ကုန်စည်စီးဆင်းမှုတို့တွင်လည်း အဆင်ပြေလွယ်ကူချောမွေ့တော့မည်ဖြစ်၍ ပြည်သူများ ဝမ်းသာလျက်ရှိကြသည်။

**မောင်ကို (သာစည်)**



# ယဉ်ကျေးလိမ္မာသော မျိုးဆက်သစ်များဖော်ထုတ်ရေး ဆော၌ ညှိနှိုင်းဆွေးနွေး

**ဆော မတ် ၇**

ယဉ်ကျေးလိမ္မာသော မျိုးဆက်သစ်များ ဖော်ထုတ်နိုင်ရေး သံဃာတော်များထံမှ ဩဝါဒခံယူပွဲနှင့် ယဉ်ကျေးလိမ္မာအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရေးအစည်းအဝေးကို မတ် ၃ ရက်က ဂန့်ဂေါခရိုင် ဆောမြို့ သီရိဥတ္တရာရာမကျောင်းတိုက်၌ ပြုလုပ်သည်။

အစည်းအဝေးသို့ ဆောမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် အပါး ၂၀တို့ ကြွရောက်တော်မူကြ၍ နာယကဆရာတော်များနှင့် ဩဝါဒဆရာတော်များကို ရွေးချယ်တင်မြှောက်ကြပြီး သံဃာတော်များ၏ ဩဝါဒကိုနာယူကြကာ ယဉ်ကျေးလိမ္မာသောမျိုးဆက်သစ်များ ဖော်ထုတ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ ဆောင်ရွက်ရန် လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

အဆိုပါဩဝါဒခံယူပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမောင်၊ မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်းနှင့် စေတနာရှင်များ စုပေါင်း၍ အဆိုပါအဖွဲ့အတွက် ငွေကျပ်သိန်း ၂၀ ကို စုပေါင်းထည့်ဝင်လှူဒါန်းကြကြောင်း သိရသည်။ **(၄၆၅)**

# နိုင်ငံဖွံ့ဖြိုးမှုထောက်ကူပြု တတိယအကြိမ်မြောက် မြန်မာနိုင်ငံဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်

ပျိုမေခင်

ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟာ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဈေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံး၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ထူထောင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အစိုးရဟာ အမှန်တကယ်ရရှိနိုင်တဲ့ရလဒ်တွေကို စူးစိုက်ပြီး မူဝါဒများချမှတ်ကာ ပြည်သူ့လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်တဲ့ ပြည်သူကိုဗဟိုပြုတဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုရရှိဖို့ မျှော်မှန်းချက်ထားပါတယ်။ ပြည်သူတွေရဲ့ လူနေမှုဘဝ ပိုမိုတိုးတက်ကောင်းမွန်ပြီး ခေတ်မီ၍ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီ နိုင်ငံတစ်ခု ဖြစ်ပေါ်လာစေရန် နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်က ၎င်းရဲ့အစိုးရဟာ ပြည်သူကိုဗဟိုပြုတဲ့အစိုးရ၊ သန့်ရှင်းတဲ့အစိုးရ၊ ကောင်းမွန်တဲ့အုပ်ချုပ်မှုနဲ့ စီမံဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်းကို မိဘပြည်သူများကို အသိပေးပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ပြောတဲ့အတိုင်းလည်း လုပ်ဆောင်ခဲ့ပါတယ်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာမှာ အခြေခံကျတဲ့ ရပ်ကွက်၊ ကျေးရွာတွေကတစ်ဆင့် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ် အဆင့်ဆင့်မှစပြီး နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ တာဝန်ယူဆောင်ရွက်ခဲ့တဲ့ လေးနှစ်တာကာလအတွင်း အစိုးရယန္တရားစွမ်းဆောင်ရည် မြင့်မားစေဖို့အတွက် လုပ်ငန်းကဏ္ဍအလိုက် Cabinet Sub-Committe(Delivery Unit) ၂၇ ခုဖွဲ့စည်းပြီး Task Force အဖြစ် Delivery Unit များကနေ ပြည်သူအတွင်းသို့ ထဲထဲဝင်ဝင် ထိုးဖောက်ဝင်ရောက်ပြီး ပြည်သူတို့ရဲ့ ဆန္ဒနှစ်ရပ်ဖြစ်တဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အစိုးရ၏ရည်မှန်းချက်အဖြစ်ခံယူကာ စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲရေး အခြေခံမူဘောင်အရ ပြည်သူကိုဗဟိုပြု ဖွံ့ဖြိုးမှုကိုဦးတည်တဲ့ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များအဖြစ် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးသောနိုင်ငံဖြစ်ရန် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍမြှင့်တင်ရေးအတွက် ပြုပြင်ပြောင်းလဲရေး (Reform)လေးချက်နှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်အနေနဲ့ ပြည်သူတွေရဲ့ စားဝတ်နေရေးအခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးရန်နဲ့ ပညာရေး၊ ကျန်းမာရေးကဏ္ဍများမှာ ပြည်သူတွေရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် စီးပွားရေးနဲ့ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ငွေရေးကြေးရေးအရင်းအနှီးများ၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များ အမှန်ပင်လိုအပ်ပါတယ်။ ယခုအချိန်အခါဟာ မြန်မာနိုင်ငံအနေနဲ့ မိမိတို့နိုင်ငံရဲ့မူဝါဒအရ ဆင်းရဲမှု လျှော့ချရေးနဲ့ ၇၀ ရာခိုင်နှုန်းသော ပြည်သူများနေထိုင်တဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရေးအပါအဝင် ဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်များကို ဆောင်ရွက်ရာမှာ နိုင်ငံတော်ဘဏ္ဍာငွေတစ်ခုတည်းအပေါ်မှာသာ မှီခိုအားထားလုပ်ဆောင်တဲ့ အစဉ်အလာမှနေပြီး အခြားငွေကြေးဇာစ်မြစ်တွေဖြစ်တဲ့ နိုင်ငံတကာအကူအညီအထောက်အပံ့ချေးငွေနဲ့ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ရယူအသုံးပြုပြီး ကဏ္ဍအလိုက်၊ ဒေသအလိုက်ဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများ၊ ပွင့်လင်းမှုများဖြစ်ပေါ်ပြီးနောက် ထိုသို့ပြောင်းလဲမှုများအပေါ် နိုင်ငံတကာအသိုင်းအဝိုင်းမှ များစွာစိတ်ဝင်စားမှုရှိပြီး မြန်မာနိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ မြန်မာနိုင်ငံသို့ အကူအညီနှင့် ချေးငွေများပိုမိုပေးအပ်ရန် ကမ်းလှမ်းမှုများပြုလုပ်ခဲ့ကြပါတယ်။ အလှူရှင်နိုင်ငံများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများအနေနဲ့ နိုင်ငံရဲ့ဖွံ့ဖြိုးမှုစီမံချက်များမှာ ပူးပေါင်းပါဝင်ရန် နိုင်ငံခြားအကူအညီ(Grant)၊ ချေးငွေ(Loan)နှင့် နည်းပညာအကူအညီ(Technical Assistance)စတဲ့ အကူအညီအထောက်အပံ့များ မိမိတို့နိုင်ငံထဲသို့ တိုးတက်စီးဝင်လာစေဖို့လိုပါတယ်။ မိမိတို့နိုင်ငံအနေနဲ့လည်း အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းများရဲ့ ပံ့ပိုးကူညီမှု၊ အဖွဲ့အစည်းများရဲ့ နည်းပညာအကူအညီ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ ပြည်သူများ၏ ပံ့ပိုးပူးပေါင်းပါဝင်မှုကို အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအစိုးရအနေနဲ့ တာဝန်ယူဆောင်ရွက်နေသော လေးနှစ်တာကာလအတွင်း နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ခဲ့ပါတယ်။ ထိုကဲ့သို့ တိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်ခဲ့တဲ့အတွက် နိုင်ငံတကာအသိုက်အဝန်းက မြန်မာနိုင်ငံကို ကဏ္ဍနယ်ပယ်များစွာတို့မှာ ဖွံ့ဖြိုးမှုအကူအညီ၊ ချေးငွေ၊ အထောက်အပံ့နှင့် နည်းပညာ/ကျွမ်းကျင်မှုအကူအညီများ တိုးမြှင့်ပေးအပ်လျက်ရှိပါတယ်။ စာမျက်နှာ ၂ သို့ » »

# ရေရှည်အကျိုးစီးပွားနှင့် ဖွံ့ဖြိုးတိုးတက်မှုကို စိန်ခေါ်နေသည့် မတည်ငြိမ်မှုများ

Dr.မောင်အောင်



နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာစေရန် အရေးကြီးဆုံး လိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းမှုပင်ဖြစ်သည်။ မတည်ငြိမ်၊ မအေးချမ်းသမျှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မလုပ်ဆောင်နိုင်ဘဲ တည်ငြိမ်အေးချမ်းမှုကိုသာ ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အတူ မတည်ငြိမ်မှုများက အသစ်ဝင်ရောက်လာမည့် နိုင်ငံတကာလုပ်ငန်းကြီးများကို ဟန့်တားနေသလို လက်ရှိရှိနေသည့် FDI လုပ်ငန်းကြီးများကိုလည်း လုပ်ငန်းမလုပ်ဆောင်နိုင်မှုကြောင့် ပြန်လည်ထွက်ခွာသွားမည်ဖြစ်သည်။ ကွင်းဆက်အနေဖြင့် ထောင်နှင့်ချီသော မြန်မာလုပ်သားများ အလုပ်လက်မဲ့ဘဝ ကျရောက်မည်ဖြစ်ပြီး ၎င်းတို့ကိုမှီခိုနေရသည့် မိသားစုဝင်များ ဒုက္ခရောက်မည်ဖြစ်သည်။ FDI လုပ်ငန်းကြီးများအနေဖြင့်မူ ၎င်းတို့အတွက် အဘက်ဘက်မှ အာမခံချက်ရှိသည့် အခြားနိုင်ငံများသို့ ပြောင်းရွှေ့ထုတ်လုပ်ကြမည်ဖြစ်ပြီး လုံခြုံမှုမရှိသည့် မြန်မာနိုင်ငံသို့ နောက်ထပ်လာရောက်ရင်းနှီးတော့မည် မဟုတ်သလို အခြားလုပ်ငန်းရှင်များကိုလည်း သွားရောက်ရင်းနှီးလိုမှုကို ဟန့်တားမည်ဖြစ်သည်။

မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးမှုနောက်ကျနေသည့် နိုင်ငံများအတွက် အမြန်ဆုံးစီးပွားရေးတိုးတက်မှု ဖော်ဆောင်နိုင်သည့် လမ်းစဉ်မှာ နိုင်ငံတကာလုပ်ငန်းကြီးများ ပိုမိုဖိတ်ခေါ်ပြီး ထုတ်လုပ်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံစေခြင်းဖြင့် ပြည်တွင်းထုတ်ကုန်တန်ဖိုး သိသိသာသာ တိုးမြင့်လာမည်ဖြစ်သလို များပြားသည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးသည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးသာမက ဆင်းရဲမှုလျှော့ချရေးအတွက်ပါ အထူးအရေးပါသည်။ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံအနေဖြင့် အရှေ့တောင်အာရှနိုင်ငံများအနက် ဖွံ့ဖြိုးမှုအနိမ့်ဆုံးအခြေအနေဖြစ်သောကြောင့် LDC အဆင့်မှလွတ်မြောက်ရန် အထူးကြိုးစားနေရသည့်ကာလဖြစ်သည်။ အစိုးရသစ်ကာလအတွင်း အဘက်ဘက်မှ ပြုပြင်ပြောင်းလဲမှုများကြောင့် ပွင်းလင်းလာသည့် မြန်မာနိုင်ငံတွင် လာရောက်လုပ်ကိုင်လိုသည့် နိုင်ငံခြားလုပ်ငန်းရှင်များ၊ ကုမ္ပဏီကြီးများ ပိုမိုဝင်ရောက်လာမှုကြောင့် အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် ဖွံ့ဖြိုးမှုအလားအလာ အကောင်းဆုံးအနေအထားရှိနေပြီဖြစ်သော်လည်း လက်ရှိဖြစ်ပေါ်နေသည့် မတည်ငြိမ်မှုများ (လောက်ကိုင်၊ ကိုးကန့်၊ နယ်စပ်စစ်ပွဲ၊ ကျောင်းသားသပိတ်နှင့် အလုပ်သမားသပိတ်)သည် လက်ရှိကာလများအတွင်း တက်ရိပ်ပြနေသည့် စီးပွားရေးတိုးတက်မှုကို ခြိမ်းခြောက်နေသည့်အပြင် စီးပွားရေးကျဆင်းမှု (Economic recession)ကိုပါ ဖြစ်ပေါ်နိုင်စေမည်ဖြစ်၍ အန္တရာယ်ကြီးမားပေသည်။

ယနေ့ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းပြိုင်ကြသည်မှာ စီးပွားရေးတိုးတက်မှုပင်ဖြစ်သည်။ စီးပွားရေးနောက်ကျလျှင် အဘက်ဘက်မှ နောက်ကျစမြဲဖြစ်သည်။ ထို့အတွက်လည်း ၂၁ ရာစုဖွံ့ဖြိုးဆဲနိုင်ငံများ အမြန်ဆုံးတိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာလုပ်ငန်းကြီးများ လာရောက်ရင်းနှီးမြှုပ်နှံစေရန် ဆွဲဆောင်မှုရှိသည့် ဥပဒေများ၊ အကာအကွယ်ပေးမှုများနှင့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းများ ပိုမိုဖော်ဆောင်ရေး ဖွံ့ဖြိုးဆဲနိုင်ငံတိုင်း အထူးကြိုးစားနေသည့်ကာလလည်းဖြစ်သည်။ အင်အားကြီးမားသည့် FDI လုပ်ငန်းကြီးများလာမှသာ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ တိုးတက်မှုအတွက် အဓိကလိုအပ်နေသည့် အရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်ရနိုင်မှုတို့ကို ဖြည့်စွမ်းပေးနိုင်မည်ဖြစ်သည်။ ထို့အတွက် ဖွံ့ဖြိုးဆဲနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအလားအလာကြည့်မည်ဆိုလျှင် အဆိုပါနိုင်ငံတွင် နိုင်ငံတကာ လုပ်ငန်းကြီးများ မည်မျှလာရောက်ရင်းနှီးလုပ်ကိုင်နေသည်။ နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများ၊ နိုင်ငံတကာနှင့် မည်မျှထိထိစပ်စပ်ပေါင်းစည်းနိုင်သည်ဟူသောအချက်များပေါ် မူတည်ပေသည်။ တစ်နည်းအားဖြင့်ဆိုသော် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း (global supply chain) နှင့် မည်မျှပေါင်းစည်းနိုင်သည်ဟူသော အချက်ပင်ဖြစ်သည်။

ကမ္ဘာ့စီးပွားရေးလုပ်ငန်းကြီးများ ကမ္ဘာအရပ်ရပ်သို့ ပြောင်းရွှေ့ထုတ်လုပ်လာခြင်း၏ အဓိကအကြောင်းရင်းမှာ လုပ်သားစရိတ် သက်သာခြင်းကြောင့်ပင်ဖြစ်သည်။ ထို့အတူ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးကြသည့် လုပ်ငန်းရှင်များအနေဖြင့်လည်း ဒေသတွင်းနိုင်ငံများအတွင်း စီးပွားရေးအနိမ့်ကျဆုံးဖြစ်သလို လုပ်အားဈေးအချိုဆုံးဖြစ်၍လည်း လာရောက်ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်သည်။ ယခုကာလများအတွင်း ထုတ်လုပ်မှုလုပ်ငန်းများ၌ ပိုမိုရင်းနှီးမြှုပ်နှံလာမှုကြောင့်လည်း ထုတ်လုပ်မှုနှင့် ပို့ကုန်တန်ဖိုး သိသိသာသာတက်လာသလို လုပ်သားစူးစိုက်သုံး(Labour intensive) လုပ်ငန်းများဖြစ်၍ လူပေါင်းများစွာ အလုပ်အကိုင်ရရှိကြသည့်အတွက် နှစ်ဦးနှစ်ဖက် Win-Win အခြေအနေပင်ဖြစ်သည်။

**FDI ၏ သဘောသဘာဝ**

နိုင်ငံတကာလုပ်ငန်းကြီးများအနေဖြင့် ကမ္ဘာတစ်ဝန်း ဖြန့်ကြက်ပြီး စာမျက်နှာ ၃ သို့ » »